BlueScope

ကျင့်ဝတ်စည်းမျဉ်း

ဗားရှင်း ၀၁၊ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၂၀၂၀

# ကျွန်ုပ်တို့ အလုပ်လုပ်ကိုင်ပုံ

မှန်ကန်သော အရာကို လုပ်ကိုင်ရန် ရွေးချယ်လိုက်ခြင်းသည် ကျွန်ုပ်တို့အချင်းချင်း၊ ကျွန်ုပ်တို့၏ လူမှုအသိုင်းအဝိုင်းများနှင့် ကျွန်ုပ်တို့၏ လုပ်ငန်းကို အားဖြည့်ပေးပြီး ကာကွယ်ပေးရာရောက်ပါသည်။



# မာတိကာ


စီမံခန့်ခွဲရေး ဒါရိုက်တာနှင့် CEO ထံမှ အမှာစကား 3

ကျွန်ုပ်တို့၏ ရည်ရွယ်ချက် 4

ကျွန်ုပ်တို့၏သံနိဋ္ဌာန် 5

အဲဒါက မှန်ရောမှန်ရဲ့လား။ အမြန် စစ်ဆေးမှု 6

ဖွင့်ဟထုတ်ပြောပါ 7

၀၁ ကျွန်ုပ်တို့က ကျန်းမာရေးနှင့် ဘေးကင်းရေးအတွက် အလေးအနက်ထားပါသည် 8

ဘေးကင်းပြီး ကျန်းမာသော အလုပ်ခွင်များကို ထိန်းသိမ်းထားရှိပါ 9

ကျန်းမာရေးနှင့် ဘေးကင်းရေး အဖြစ်အပျက်များ၊ အန္တရာယ်များနှင့် အခွင့်အလမ်းများအပေါ် အရေးယူလုပ်ဆောင်ပါ 11

၀၂ ကျွန်ုပ်တို့က လူအများကို ဂုဏ်သိက္ခာရှိပြီး လေးစားမှုဖြင့် ဆက်ဆံပါသည် 13

လူမျိုး၊ ဘာသာမရွေးပါဝင်ပြီး အားလုံးတန်းတူအခွင့်အရေး ရကာ လေးစားသမှုရှိသော အလုပ်ခွင်များကို ဖန်တီးပါ 14

လူ့အခွင့်အရေးများကို လေးစားပါ 16

၀၃ ကျွန်ုပ်တိုသည် လူမှုအသိုင်းအဝိုင်းနှင့် ပတ်ဝန်းကျင်ကို လေးစားပါသည် 17

ကျွန်ုပ်တို့၏ လူမှုအသိုင်းအဝိုင်းများကို အားဖြည့်ပေးပါ 18

ပတ်ဝန်းကျင်ကို ကာကွယ်ရာတွင် ကြိုတင်ပြင်ဆင်တတ်ပါစေ 20

၀၄ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ လုပ်ငန်းကို ကာကွယ်ပေးသည် 22

မျှတစွာ၊ ကျင့်ဝတ်ညီစွာနှင့် ဥပဒေနှင့်ညီစွာ ပြိုင်ဆိုင်ပါ 23

လာဘ်ထိုးမှုနှင့် အကျင့်ပျက်ခြစားမှုကို လက်မခံပါနှင့် 25

ပြင်ပအဖွဲ့အစည်းများနှင့် လုပ်ကိုင်ရာတွင် သတိထားပါ 27

BlueScope ၏ အကောင်းဆုံး အကျိုးစီးပွားများ အတွက် ပြုမူလုပ်ကိုင်ပါ 29

BlueScope ၏ ဉာဏ်ပညာဖြင့် ဖန်တီးထားသော ပစ္စည်းကို ကာကွယ်ပါ 31

အတွင်းရေး အချက်အလက်များကို ဥပဒေနှင့်အညီ တာဝန်သိစွာ သုံးပါ 33

ကျွန်ုပ်တို့၏ အဖိုးတန်ပစ္စည်းများကို ကာကွယ်ပြီး ကျွန်ုပ်တို့၏ မှတ်တမ်းများကို ထိန်းသိမ်းပါ 34

နည်းပညာကို တာဝန်သိသိဖြင့် အသုံးပြုပါ 36

ကိုယ်ရေး အချက်အလက်ကို ကာကွယ်ပါ 38

BlueScope ကို နည်းလမ်းမှန်ဖြင့် ကိုယ်စားပြုပါ 40

ပံ့ပိုးမှု 42

# ကျွန်ုပ်တို့ အလုပ် လုပ်ကိုင်ပုံ

## စီမံခန့်ခွဲရေး ဒါရိုက်တာနှင့် CEO ထံမှ အမှာစကား



**BlueScope တွင် မှန်သည့်အရာကို ရွေးချယ်လုပ်ကိုင်ခြင်းက ကျွန်ုပ်တို့ အားလုံးအတွက် အရေးကြီးပါသည်။**

ထိုသို့လုပ်ဆောင်ခြင်းက ကျွန်ုပ်တို့အားလုံးကို ဘေးကင်းစေပြီး ဝန်ထမ်းအားလုံး၊ ကျွန်ုပ်တို့၏ လူမှုအသိုင်းအဝိုင်းများနှင့် ပတ်ဝန်းကျင်ကို ဂရုတစိုက်၊ လေးစားမှုရှိစွာ ဆက်ဆံနိုင်စေသည့်အပြင် ကျွန်ုပ်တို့၏ လုပ်ငန်းကိုလည်း ကူညီကာကွယ်ပေးသောကြောင့် အရေးကြီးပါသည်။

**BlueScope** တွင် ကျွန်ုပ်တို့၏ ရည်ရွယ်ချက်ကို ရှင်းလင်းစွာ သိပါသည်၊ အနာဂတ်အတွက် ကျွန်ုပ်တို့၏ လူမှုအသိုင်းအဝိုင်းများကို အားဖြည့်ပေးရန် စတီးလ်လုပ်ငန်းတွင် စမတ်နည်းပညာသုံး ဖြေရှင်းနည်းများကို ဖန်တီးစေ့ဆော်ပေးပါသည်။

ကျွန်ုပ်တို့အားလုံးက ကျွန်ုပ်တို့၏ ရည်ရွယ်ချက်နှင့် ကျွန်ုပ်တို့၏ သံန္နိဋ္ဌာန်အတိုင်း နေထိုင်သောကြောင့် ကျွန်ုပ်တို့အလုပ် လုပ်ကိုင်ပုံသည် ဝန်ထမ်းတစ်ဦးစီထံမှ ကျွန်ုပ်တို့ မျှော်လင့်ထားသည့်အရာများကို ဖော်ပြထားပါသည်။ ကျွန်ုပ်တို့နှင့်အတူ လုပ်ကိုင်သူတိုင်းသည် ကျွန်ုပ်တို့၏ သီးခြား ကုန်ကြမ်းပေးသွင်းသူ ကျင့်ဝတ်စည်းမျဉ်းနှင့်အတူ ဤကျင့်ဝတ်စည်းမျဉ်းကို လိုက်နာစောင့်ထိန်းရန်လည်း ကျွန်ုပ်တို့ မျှော်လင့်ပါသည်။

မှန်သည့်အရာကို ကောင်းစွာ ရွေးချယ်လုပ်ကိုင်တတ်သည့် လူတော်များစွာက **BlueScope** တွင် လုပ်ကိုင်နေသောကြောင့် ကျွန်ုပ်တို့ အလွန်ကံကောင်းပါသည်။ တစ်ခါတစ်ရံတွင် မှန်သည့်အရာကို လုပ်ကိုင်လိုလျှင်ပင် ဘယ်အရာက မှန်သည်ကို အမြဲတမ်း ရှင်းရှင်းလင်းလင်း မသိနိုင်ပါ။ ယင်းအတွက် ဤကျင့်ဝတ်စည်းမျဉ်းကို ရေးဆွဲထားခြင်းဖြစ်ပါသည်။ ၎င်းက ကျွန်ုပ်တို့ တစ်ဦးချင်းအား ကောင်းမွန်သော ဆုံးဖြတ်ချက်များ ချမှတ်စေနိုင်ပြီး ကျွန်ုပ်တို့သည် အခြားလူများထံမှ လမ်းညွှန်ချက် ရယူရန် လိုအပ်ချိန်ကို အသိအမှတ်ပြုပါသည်။

ဆုံးဖြတ်ချက်တစ်ခုခု ချမှတ်ရတော့မည်ဆိုပါက အဲဒါက မှန်ရောမှန်ရဲ့လား။ ကို အသုံးပြုရန် သင်တို့တစ်ဦးချင်းကို ကျွန်ုပ် တိုက်တွန်းပါသည်။ အမြန် စစ်ဆေးမှု ကျွန်ုပ်တို့က မမှန်ကန်ဟု သိနားလည်သည့် အရာတစ်ခုခုကို မျက်နှာလွှဲခဲ့ပစ် ဘယ်တော့မှမလုပ်ရန်လည်း ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ၎င်းက တစ်ခါတစ်ရံတွင် ကျွန်ုပ်တို့အနေဖြင့် နာလိုခံခက်သော စကားပြောဆိုမှုများ လုပ်ဆောင်ရန်လိုသည်ဟု ဆိုလိုပါသည်။ ကျွန်ုပ်တို့အားလုံးအနေဖြင့် လိုအပ်ချိန်တိုင်းတွင် လေးစားမှုရှိသော နည်းလမ်းဖြင့် လုပ်ကိုင်ရန်လိုပါသည်။ အနှစ်ချုပ်ရမည်ဆိုလျှင် တစ်စုံတစ်ခုမှားယွင်းနေချိန်တွင် ဖွင့်ဟပြောဆိုခြင်းက မှန်သည့်အရာကို ရွေးချယ်လုပ်ကိုင်ခြင်း၏ တစ်စိတ်တစ်ပိုင်း ဖြစ်ပါသည်။

ကျွန်ုပ်တို့ အလုပ်လုပ်ကိုင်ပုံက ကျွန်ုပ်တို့ ထုတ်လုပ်သည့်အရာများနည်းတူ အရေးကြီးသောကြောင့် ဤကျင့်ဝတ်စည်းမျဉ်းနှင့် ၎င်းတွင်ပါဝင်သည့် အချက်များကို သင်ကိုယ်တိုင် သိရှိနားလည်အောင် သေချာဖတ်ရစေလိုပါသည်။

ကျွန်ုပ်တို့၏ သံန္နိဋ္ဌာန်နှင့်အညီ မှန်ကန်သော အရာကို လုပ်ကိုင်သောအခါ ကျွန်ုပ်တို့အချင်းချင်း၊ ကျွန်ုပ်တို့၏ လူမှုအသိုင်းအဝိုင်းများနှင့် ကျွန်ုပ်တို့၏ လုပ်ငန်းအတွက် အားဖြည့်ပေးပြီး ကာကွယ်ပေးရာရောက်ပါသည်။

ကျွန်ုပ်တို့အလုပ် လုပ်ကိုင်ပုံနှင့် လျော်ညီစွာ လုပ်ကိုင်ကြပါစို့၊
ကျွန်ုပ်တို့ တစ်ဦးစီက မှန်သည့်အရာများကို ရွေးချယ်ကြပါစို့။

**Mark Vassella**
စီမံခန့်ခွဲရေး ဒါရိုက်တာနှင့် CEO

**MD နှင့် CEO ထံမှ အမှာစကား**

ကျွန်ုပ်တို့၏ ရည်ရွယ်ချက်

ကျွန်ုပ်တို့၏ သံန္နိဋ္ဌာန်

အဲဒါက မှန်ရောမှန်ရဲ့လား။
အမြန် စစ်ဆေးမှု

ဖွင့်ဟထုတ်ပြောပါ

ကျွန်ုပ်တို့က ကျန်းမာရေးနှင့် ဘေးကင်းရေးအတွက် အလေးအနက်ထားဆောင်ရွက်ပါသည်

ကျွန်ုပ်တို့က လူအများကို ဂုဏ်သိက္ခာရှိပြီး လေးစားမှုဖြင့် ဆက်ဆံပါသည်

ကျွန်ုပ်တို့သည် လူမှုအသိုင်းအဝိုင်းနှင့် ပတ်ဝန်းကျင်ကို လေးစားပါသည်

ကျွန်ုပ်တို့၏ လုပ်ငန်းကို ကာကွယ်ပေးပါသည်

ပံ့ပိုးမှု

# ကျွန်ုပ်တို့၏ ရည်ရွယ်ချက်

## ကျွန်ုပ်တို့က အနာဂတ်အတွက် ကျွန်ုပ်တို့၏ လူမှုအသိုင်းအဝိုင်းများကို အားဖြည့်ပေးရန် စတီးလ်လုပ်ငန်းတွင် စမတ်နည်းပညာသုံး ဖြေရှင်းနည်းများကို ဖန်တီး စေ့ဆော်ပေးပါသည်။

ကျွန်ုပ်တို့၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ရှိနေရသည့် အကြောင်းရင်း၊ ကျွန်ုပ်တို့ ရှင်သန်ရသည့် အကြောင်းရင်း ဖြစ်သည်။ ၎င်းက **BlueScope** အတွက် ဆောင်ရွက်ပုံနည်းလမ်းကို သတ်မှတ်ပေးပြီး ကမ္ဘာတစ်လွှားရှိ ကျွန်ုပ်တို့၏ လူ့အဖွဲ့အစည်းအတွက် အရေးပါသည့် အရာများကို ဖြည့်ဆည်းပေးနိုင်စေရန် ယုံကြည်မှုနှင့် ရဲစွမ်းသတ္တိကိုပေးပါသည်။




MD နှင့် CEO ထံမှ အမှာစကား

ကျွန်ုပ်တို့၏ ရည်ရွယ်ချက်

ကျွန်ုပ်တို့၏ သံန္နိဋ္ဌာန်

အဲဒါက မှန်ရော မှန်ရဲ့လား။ အမြန် စစ်ဆေးမှု

ဖွင့်ဟထုတ်ပြောပါ

ကျွန်ုပ်တို့က ကျန်းမာရေးနှင့် ဘေးကင်းရေးအတွက် အလေးအနက်ထား ဆောင်ရွက်ပါသည်

ကျွန်ုပ်တို့က လူအများကို ဂုဏ်သိက္ခာရှိပြီး လေးစားမှုဖြင့် ဆက်ဆံပါသည်

ကျွန်ုပ်တို့သည် လူမှုအသိုင်းအဝိုင်းနှင့် ပတ်ဝန်းကျင်ကို လေးစားပါသည်

ကျွန်ုပ်တို့၏ လုပ်ငန်းကို ကာကွယ်ပေးပါသည်

ပံ့ပိုးမှု

# ကျွန်ုပ်တို့၏ သံနိဋ္ဌာန်

ကျွန်ုပ်တို့၏ သံနိဋ္ဌာန်တွင် ကျွန်ုပ်တို့၏ လုပ်ငန်းကို ကြံ့ခိုင်မြဲမြံစေသည့် လမ်းပြမှုဘောင်များကို အကြမ်းဖျင်း ဖော်ပြပါသည်။ ၎င်းက ကျွန်ုပ်၏ အဓိက လုပ်ငန်းနှင့် သက်ဆိုင်သူများကို ဖော်ပြပြီး ကျွန်ုပ်တို့ အတူတကွ လုပ်ကိုင်ပုံနှင့် ကျွန်ုပ်တို့ကိုယ်တိုင် ပြုမူပုံတို့ကို လမ်းပြပေးကာ အောင်မြင်မှုနှင့် မှန်သည့်အရာကို ရွေးချယ်လုပ်ဆောင်ခြင်းအတွက် ကျွန်ုပ်တို့၏ စံအမှတ်အဖြစ် ဆက်လက်ရှိနေပါမည်။

## ကျွန်ုပ်တို့၏ဖောက်သည်များမှာ ကျွန်ုပ်တို့၏ လက်တွဲလုပ်ကိုင်သူများ ဖြစ်သည်

ကျွန်ုပ်တို့၏ အောင်မြင်မှုက ကျွန်ုပ်တို့ကို ရွေးချယ်သည့် ကျွန်ုပ်တို့၏ ဖောက်သည်များနှင့် ကုန်ကြမ်းပေးသွင်းသူများပေါ် မူတည်ပါသည်။ အထက်တန်းစား ထုတ်ကုန်များ၊ ဝန်ဆောင်မှုနှင့် စိတ်ကူးများနှင့်အတူ တန်ဖိုးရှိမှုနှင့် စိတ်ချယုံကြည်ရမှုကို ဖန်တီးရန် ၎င်းတို့နှင့်အနီးကပ်လုပ်ကိုင်နိုင်ခြင်းက ကျွန်ုပ်တို့၏ အားသာချက်ဖြစ်သည်။

## ကျွန်ုပ်တို့၏ အစုရှယ်ယာရှင်များမှာ ကျွန်ုပ်တို့၏ အခြေခံ အုတ်မြစ်များ ဖြစ်သည်

ကျွန်ုပ်တို့ထံတွင် ရင်းနှီးမြှုပ်နှံရန် ရွေးချယ်သည့် အစုရှယ်ယာရှင်များနှင့် ငွေထုတ်ချေးသူများကြောင့် ကျွန်ုပ်တို့ အောင်မြင်မှု ရရှိလာခြင်း ဖြစ်ပါသည်။ အပြန်အလှန်အားဖြင့် ကျွန်ုပ်တို့သည် အကျိုးအမြတ်နှင့် တိုးတက်မှု မပြတ်ရှိနေစေရန် ကတိပြုထားပြီး ၎င်းတို့ အတူတကွဖြင့်ဆိုလျှင် ကျွန်ုပ်တို့အားလုံးကို ပို၍ကြံ့ခိုင်တောင့်တင်းလာစေပါသည်။

## ကျွန်ုပ်တို့၏ဝန်ထမ်းများသည် ကျွန်ုပ်တို့၏ အားသာချက် ဖြစ်သည်

ကျွန်ုပ်တို့နှင့် ပတ်သက်သူအားလုံးကြောင့် ကျွန်ုပ်တို့ အောင်မြင်ရခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ဘေးကင်းပြီး စိတ်ချမ်းသာရသည့် ပတ်ဝန်းကျင်တွင် အလုပ်လုပ်ပါသည်။ ကျွန်ုပ်တို့ အချင်းချင်း ယုံကြည်စိတ်ချမှုနှင့် လေးစားမှုဖြင့် ဆက်ဆံရန် ရွေးချယ်ပြီး အလုပ်နှင့် မိသားစုဘဝကြား ဟန်ချက်ညီစေရန် ကောင်းစွာ ထိန်းထားနိုင်သည်။ စတီးလ်ကိုအခြေခံ၍ ဖန်တီးထားသော ဖြေရှင်းနည်းများပေးအပ်ရန် ကျွန်ုပ်တို့၏ အတွေ့အကြုံ ပူးပေါင်းဆောင်ရွက်မှုနှင့် လုပ်နိုင်စွမ်းတို့မှာ ကျွန်ုပ်တို့၏ တန်ဖိုးအထားရဆုံးနှင့် လုပ်ရကျိုးအနပ်ဆုံး အားသာချက်များ ဖြစ်သည်။

## ကျွန်ုပ်တို့၏ လူမှုအသိုင်းအဝိုင်းများက ကျွန်ုပ်တို့၏ အိမ်များဖြစ်ပါသည်

ကျွန်ုပ်တို့၏ အောင်မြင်မှုသည် ကျွန်ုပ်တို့၏ လုပ်ငန်းနှင့် ထုတ်ကုန်များကို အထောက်အကူပြုသည့် လူမှုအသိုင်းအဝိုင်းများပေါ် မှီတည်နေပါသည်။ အပြန်အလှန်အားဖြင့် ကျွန်ုပ်တို့သည် ပတ်ဝန်းကျင်ကို ဂရုစိုက်ပေးပြီး၊ ပြည့်စုံကြွယ်ဝမှုကို ဖန်တီးပေးကာ၊ ဒေသန္တရ တန်ဖိုးထားမှုများကို လေးစားပြီး ပါဝင်ဆောင်ရွက်မှုကို အားပေးပါသည်။ ကျွန်ုပ်တို့၏ အားသာချက်မှာ မှန်သည့်အရာကို ရွေးချယ်လုပ်ကိုင်ခြင်းပင်ဖြစ်သည်။




MD နှင့် CEO ထံမှ အမှာစကား

ကျွန်ုပ်တို့၏ ရည်ရွယ်ချက်

ကျွန်ုပ်တို့၏ သံနိဋ္ဌာန်

အဲဒါက မှန်ရော မှန်ရဲ့လား။ အမြန် စစ်ဆေးမှု

ဖွင့်ဟထုတ်ပြောပါ

ကျွန်ုပ်တို့က ကျန်းမာရေးနှင့် ဘေးကင်းရေးအတွက် အလေးအနက်ထား ဆောင်ရွက်ပါသည်

ကျွန်ုပ်တို့က လူအများကို ဂုဏ်သိက္ခာရှိပြီး လေးစားမှုဖြင့် ဆက်ဆံပါသည်

ကျွန်ုပ်တို့သည် လူမှုအသိုင်းအဝိုင်းနှင့် ပတ်ဝန်းကျင်ကို လေးစားပါသည်

ကျွန်ုပ်တို့၏ လုပ်ငန်းကို ကာကွယ်ပေးပါသည်

ပံ့ပိုးမှု

# အဲဒါက မှန်ရောမှန်ရဲ့လား။

ဤကျင့်ဝတ်စည်းမျဉ်းတွင် ကျွန်ုပ်တို့၏ ရည်ရွယ်ချက်နှင့် ကျွန်ုပ်တို့၏ သံန္နိဋ္ဌာန်အတိုင်း လုပ်ကိုင်နေစဉ် ကျွန်ုပ်တို့၏ အလုပ်လုပ်ကိုင်ပုံအတွက် မျှော်မှန်းချက်များကို ဖော်ပြထားပါသည်။ ၎င်းက မှန်ကန်သော ဆုံးဖြတ်ချက်များချရာတွင် အကူအညီပေးသည်။ မှန်သည့်အရာများ လုပ်ရန်ရွေးချယ်ရာတွင် အကူအညီဖြစ်ပါသည်။

## မှန်သည့်အရာများကို ရွေးချယ်လုပ်ကိုင်ခြင်း

တစ်ခုခုမှားနေသည်ဟု ခံစားရချိန်တွင် သို့မဟုတ် မှန်မမှန်ကို သေချာမသိဟု ခံစားရချိန်တွင် ကျွန်ုပ်တို့သည် အချင်းချင်းထံမှ နားထောင်ရန် လိုအပ်သည်။

ကျွန်ုပ်တို့၏ အမြန် စစ်ဆေးမှုက မှန်သည့်အရာကို ရွေးချယ်ရာတွင် ကူညီပေးပါမည်။ ဤမေးခွန်းတစ်ခု သို့မဟုတ် တစ်ခုအထက်ကို 'မှား' ဟု သင်ဖြေဆိုပါက တစ်ခုခုမှားနေနိုင်သည်၊ ထို့အပြင် တစ်ခုခုလွဲနေပါက တကယ့်ကို မှားနေနိုင်ခြေရှိသည်။ သင်မသေချာသေးပါက ဤကျင့်ဝတ်စည်းမျဉ်းကို ဖတ်ပါ သို့မဟုတ် သင့်မန်နေဂျာနှင့် တိုင်ပင်ပါ။

**ပံ့ပိုးမှု ရနိုင်ပါသည်**

BlueScope ဝန်ထမ်းအားလုံးနှင့် ၎င်းတို့၏ အရင်းအချာ မိသားစုများသည် ဝန်ထမ်းအထောက်အပံ့ ပရိုဂရမ်များ (Employee Assistance Programs (EAP)) အပါအဝင် ပံ့ပိုးရေး ဝန်ဆောင်မှုများကို အခမဲ့ ရရှိနိုင်ပါသည်။ ဤဝန်ဆောင်မှုများဖြင့် ဘဝ အခက်အခဲ ကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းရန် ကျွမ်းကျင်သူ အကြံဉာဏ်ကို ရယူနိုင်ပါသည်။ နောက်ထပ် အချက်အလက်အတွက် ဒေသန္တရ ဝန်ထမ်းရေးရာ အဖွဲ့နှင့် ဆွေးနွေးတိုင်ပင်ပါ။

# အမြန် စစ်ဆေးမှု

- အဲဒါက တရားဝင်ရဲ့လား။
- ကျွန်ုပ်၏ ဆုံးဖြတ်ချက်က သတင်းစာ သို့မဟုတ် အွန်လိုင်းတွင် ပေါ်လာခဲ့လျှင် ကျွန်ုပ်အတွက် အဆင်ပြေပါ့မလား။
- ဒါကို ကျွန်ုပ်၏ မိသားစု သို့မဟုတ် သူငယ်ချင်းများရှေ့တွင် ပြောရန် သို့မဟုတ် လုပ်ပြရန်မှာ အဆင်ပြေပါ့မလား။
- ကျွန်ုပ်၏ အတွင်းစိတ်က အဲဒါကို မှန်သည်ဟု ပြောပါသလား။
- ကျွန်ုပ်တို့၏ သံန္နိဋ္ဌာန်နှင့် ကိုက်ညီပါသလား။

MD နှင့် CEO ထံမှ အမှာစကား
ကျွန်ုပ်တို့၏ ရည်ရွယ်ချက်
ကျွန်ုပ်တို့၏ သံန္နိဋ္ဌာန်
အဲဒါက မှန်ရောမှန်ရဲ့လား။ အမြန် စစ်ဆေးမှု
ဖွင့်ဟထုတ်ပြောပါ
ကျွန်ုပ်တို့က ကျန်းမာရေးနှင့် ဘေးကင်းရေးအတွက် အလေးအနက်ထား ဆောင်ရွက်ပါသည်
ကျွန်ုပ်တို့က လူအများကို ဂုဏ်သိက္ခာရှိပြီး လေးစားမှုဖြင့် ဆက်ဆံပါသည်
ကျွန်ုပ်တို့သည် လူမှုအသိုင်းအဝိုင်းနှင့် ပတ်ဝန်းကျင်ကို လေးစားပါသည်
ကျွန်ုပ်တို့၏ လုပ်ငန်းကို ကာကွယ်ပေးပါသည်
ပံ့ပိုးမှု

# ဖွင့်ဟထုတ်ပြောပါ

**တစ်ခါတစ်ရံတွင် မှန်သည့်အရာများကို ရွေးချယ်လုပ်ကိုင်ခြင်းက တွန့်ဆုတ်နေခြင်းမရှိဘဲ ဖွင့်ဟထုတ်ပြောတတ်မှု လိုအပ်သည်ဟု ဆိုလိုပါသည်။**

**သို့ဖြစ်၍ ကျွန်ုပ်တို့သည် တစ်ခုခု မှားနေချိန်တွင် ဖွင့်ဟထုတ်ပြောမှု အစဉ်အလာကို အားပေးမြှင့်တင်ရန်နှင့် အမှန်တကယ် စိုးရိမ်မှုများကို တင်ပြသူများအား ကာကွယ်ပေးရန် ကတိပြုထားပါသည်။**

**တစ်ခုခု လွဲမှားနေသည့်အခါ ဖွင့်ဟထုတ်ပြောရန် လူတိုင်းတွင် တာဝန်ရှိပါသည်။**

ဖွင့်ဟထုတ်ပြောခြင်းက ကျွန်ုပ်တို့၏ အလုပ်လုပ်ပုံကို တိုးတက်ကောင်းမွန်နိုင်စေပြီး ကျွန်ုပ်တို့၏ ဝန်ထမ်းများနှင့် လုပ်ငန်းကို ကာကွယ်ပေးကာ လိုအပ်ပါက မှန်သည့်အရာများကို လုပ်ကိုင်နိုင်စေရန်ကူညီဖြေရှင်းပေးပါသည်။

တစ်ခုခုမှားနေသည်ဟု သိနေသည့် အရာကို မသိသလိုကျော်သွားခြင်းက လျစ်လျူပြုခြင်းဖြစ်ပါသည်။ ဖြစ်ရပ်အချို့တွင် ကျွန်ုပ်တို့သည်ပင် ပါဝင်ပတ်သက်နေနိုင်သည် သို့မဟုတ် ကျွန်ုပ်တို့ပါ ပါဝင်ကျူးလွန်ခြင်းဖြစ်နေနိုင်သည်။ ဝန်ထမ်းအားလုံးအနေဖြင့် တစ်ခုခုမှားနေပါက ဖွင့်ဟထုတ်ပြောပေးရပါမည်။

စစ်မှန်သော သတင်းပေးပို့ချက်များကို အရေးတယူ အလေးထားဆောင်ရွက်ပြီး ဖွင့်ဟထုတ်ပြောသူကို လက်တုံ့ပြန်ခြင်းအား လုံးဝလက်သင့်မခံပါ။

သင်သည် ကျွန်ုပ်တို့၏ ဖွင့်ဟထုတ်ပြောပါ မူဝါဒကို ဤနေရာတွင် ဝင်ရောက်ဖတ်ရှုနိုင်သည်။

## ဘယ်လိုအချိန်မှာ ဖွင့်ဟထုတ်ပြောရမလဲ။

လုပ်ရပ် သို့မဟုတ် ဆုံးဖြတ်ချက်က မှားနေသည် သို့မဟုတ် ကျွန်ုပ်တို့၏ သံန္နိဋ္ဌာန်၊ ကျင့်ဝတ်စည်းမျဉ်း သို့မဟုတ် ကျွန်ုပ်တို့၏ မူဝါဒများ၊ စံနှုန်းများ၊ လမ်းညွှန်ချက်များ၊ လုပ်ထုံးများ သို့မဟုတ် ဥပဒေနှင့် မကိုက်ညီဟု သင်ယုံကြည်ပါက ဖွင့်ဟထုတ်ပြောရပါမည်။

ကိစ္စရပ်ကို တတ်နိုင်သမျှ အစောဆုံး သတင်းပေးပို့ပေးစေလိုပါသည်။ သတင်းမပို့ပါက သင်၏ပျက်ကွက်မှုသည် အပြုအမူကို လျစ်လျူရှုရာရောက်ပါသည်။

## ဘယ်လို ဖွင့်ဟထုတ်ပြောရမလဲ။

သင့်မန်နေဂျာ သို့မဟုတ် သင်၏ ဒေသန္တရ ဝန်ထမ်းရေးရာ အဖွဲ့ထံ ကိစ္စရပ်အားလုံးကို တင်ပြပေးရန် ကျွန်ုပ်တို့ တိုက်တွန်းအပ်ပါသည်။ ၎င်းတို့က ကိစ္စရပ်ကို ကူညီဖြေရှင်းပေးနိုင်သည် သို့မဟုတ် ကိစ္စရပ်ကို လွှဲပေးရမည့်လူကို ဆုံးဖြတ်ပေးနိုင်သည်။ ကိစ္စရပ်ပေါ် မူတည်၍ ၎င်းမှာ ကျန်းမာရေးနှင့် ဘေးကင်းရေး၊ ပတ်ဝန်းကျင်၊ တရားရေးရာ သို့မဟုတ် ကျင့်ဝတ်နှင့် စည်းကမ်းထိန်းသိမ်းရေး ကိုယ်စားလှယ်တစ်ဦး ဖြစ်နိုင်သည်။

## သင့်မန်နေဂျာထံ ဖွင့်ဟထုတ်ပြောရန် အဆင်မပြေပါက သင်ဘာလုပ်သင့်လဲ။

အခြေအနေအချို့တွင် သင့်မန်နေဂျာနှင့် ဆွေးနွေးပြောဆိုရန် သို့မဟုတ် ကိစ္စရပ်ကို ကျွန်ုပ်တို့၏ ပုံမှန် လုပ်ငန်း လမ်းကြောင်းများမှတစ်ဆင့် သတင်းပေးပို့ရန် အဆင်မပြေနိုင်သည်ကို ကျွန်ုပ်တို့ နားလည်ပါသည်။ ဤသို့ဖြစ်နေပါက သင်က အောက်ပါ လမ်းကြောင်းတစ်ခုခုမှတစ်ဆင့် လျှို့ဝှက် သတင်းပေးပို့ချက် ပြုလုပ်နိုင်သည်။

- သင်၏ ဒေသန္တရ ကျင့်ဝတ်နှင့် စည်းကမ်းထိန်းသိမ်းရေး ကိုယ်စားလှယ်
- ethics@bluescope.com ထံ အီးမေးလ်ပို့ပါ
- BlueScope ၏ ပြင်ပမှနေ၍ စီမံခန့်ခွဲသော ဖွင့်ဟထုတ်ပြောရေး လိုင်းသို့ www.bluescopesteelconducthotline.com

တွင် ဆက်သွယ်ပါ၊ ဖုန်းဖြင့်-
ဩစတြေးလျ - 1800 052 122
တရုတ် - 400 963 6886
အိန္ဒိယ - 000 8000 402 729
အင်ဒိုနီးရှား - 001 803 61 001
မလေးရှား - 1 800 81 6577
မက္ကစီကို - 01 800 123 9589
နယူးဇီလန် - 0800 563 465
စင်ကာပူ - 800 6167 065
ထိုင်း - 0018 0061 12804
ယူအက်စ်အေ - 1 855 212 2675
ဗီယက်နမ် - 613 9667 3613 (ဖုန်းခေါ် ခ အခမဲ့ မဟုတ်ပါ)


MD နှင့် CEO ထံမှ အမှာစကား

ကျွန်ုပ်တို့၏ ရည်ရွယ်ချက်

ကျွန်ုပ်တို့၏ သံန္နိဋ္ဌာန်

အဲဒါက မှန်ရော မှန်ရဲ့လား။ အမြန် စစ်ဆေးမှု

ဖွင့်ဟထုတ်ပြောပါ

ကျွန်ုပ်တို့က ကျန်းမာရေးနှင့် ဘေးကင်းရေးအတွက် အလေးအနက်ထားဆောင်ရွက်ပါသည်

ကျွန်ုပ်တို့က လူအများကို ဂုဏ်သိက္ခာရှိပြီး လေးစားမှုဖြင့် ဆက်ဆံပါသည်

ကျွန်ုပ်တို့သည် လူမှုအသိုင်းအဝိုင်းနှင့် ပတ်ဝန်းကျင်ကို လေးစားပါသည်

ကျွန်ုပ်တို့၏ လုပ်ငန်းကို ကာကွယ်ပေးပါသည်

ပံ့ပိုးမှု

၀၁

# ကျွန်ုပ်တို့ သည် ကျန်းမာရေးနှင့် ဘေးကင်းရေးအတွက် အလေးအနက်ထား ဆောင်ရွက်ပါသည်

## ခေါင်းစဉ်များ

ဘေးကင်းပြီး ကျန်းမာသော အလုပ်ခွင်များကို ထိန်းသိမ်းထားရှိပါ

ကျန်းမာရေးနှင့် ဘေးကင်းရေး အဖြစ်အပျက်များ၊ အန္တရာယ်များနှင့် ဖြစ်နိုင်ခြေအခွင့်အလမ်းများအပေါ် အရေးယူလုပ်ဆောင်ပါ



MD နှင့် CEO ထံမှ အမှာစကား
ကျွန်ုပ်တို့၏ ရည်ရွယ်ချက်
ကျွန်ုပ်တို့၏ သံန္နိဋ္ဌာန်
အဲဒါက မှန်ရော မှန်ရဲ့လား။ အမြန် စစ်ဆေးမှု
ဖွင့်ဟထုတ်ပြောပါ
ကျွန်ုပ်တို့က ကျန်းမာရေးနှင့် ဘေးကင်းရေးအတွက် အလေးအနက်ထား ဆောင်ရွက်ပါသည်
ကျွန်ုပ်တို့က လူအများကို ဂုဏ်သိက္ခာရှိပြီး လေးစားမှုဖြင့် ဆက်ဆံပါသည်
ကျွန်ုပ်တို့သည် လူမှုအသိုင်းအဝိုင်းနှင့် ပတ်ဝန်းကျင်ကို လေးစားပါသည်
ကျွန်ုပ်တို့၏ လုပ်ငန်းကို ကာကွယ်ပေးပါသည်
ပံ့ပိုးမှု

# ဘေးကင်းပြီး ကျန်းမာသော အလုပ်ခွင်များကို ထိန်းသိမ်းထားရှိပါ

ကျန်းမာရေးနှင့် ဘေးကင်းရေးအတွက် ကျွန်ုပ်တို့၏ ဂရုစိုက်မှုနှင့် ကတိပြုမှုက ကျွန်ုပ်တို့လုပ်ငန်းလုပ်ကိုင်ပုံနှင့် တစ်သားတည်းဖြစ်ပြီး ကျွန်ုပ်တို့တစ်ဦးချင်းကနေ စတင်ဖြစ်ပေါ်လာပါသည်။ လူတိုင်းက ဘေးကင်းပြီး တန်ဖိုးထားခံရထိုက်၍ လူတိုင်းကို ကာကွယ်ပေးထားသည့် အလုပ်ခွင်ဖြစ်ရေးကို ကတိပြုထားသည်။

ဘေးကင်းပြီး ကျန်းမာရေးနှင့်ညီသော အလုပ်ခွင်ဖြစ်ကြောင်း သေချာစေခြင်း၏ ကဏ္ဍတစ်ခုမှာ ကျွန်ုပ်တို့၏ ဝန်ထမ်းများအား အန္တရာယ်ဖြစ်နိုင်ခြေများကို ခွဲခြားသိနိုင်ရန် လုပ်ပိုင်ခွင့်ပေး၍ ကူညီပေးခြင်းနှင့် ၎င်းတို့ကို ဘေးကင်းမှုရှိနေစေရန်ရန် ထိရောက်သော ထိန်းချုပ်မှုနည်းလမ်းများ ဖော်ဆောင်ခြင်းပင်ဖြစ်သည်။ ကျွန်ုပ်တို့၏ ဝန်ထမ်းများအား ၎င်းတို့၏ တစ်ကိုယ်ရေကျန်းမာရေးနှင့် ဘေးကင်းရေးအတွက် အသိရှိစွာ ကြိုတင်ပြင်ဆင်ဆောင်ရွက်စေလိုပြီး ဘေးကင်းသော ပုံစံဖြင့် အလုပ်လုပ်နိုင်စွမ်းကို ထိန်းသိမ်းထားစေလိုပါသည်။ ကျွန်ုပ်တို့၏ မန်နေဂျာများအား ၎င်းတို့၏အဖွဲ့များကို တက်ကြွစွာ ပံ့ပိုးပေးပြီး အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်တတ်သော မြင်သာထင်ရှားသည့် ခေါင်းဆောင်များ ဖြစ်စေလိုပါသည်။

## ကျွန်ုပ်တို့၏ ဝန်ထမ်းများနှင့် ပြင်ပအဖွဲ့အစည်းများစသည့် လူတိုင်းကို ကျန်းမာစွာနှင့် ဘေးကင်းစွာ ထားရှိခြင်း

ကျွန်ုပ်တို့၏ ဝန်ထမ်းများ၊ ကျွန်ုပ်တို့၏ စာချုပ်ဖြင့်လုပ်ကိုင်သူများ၊ ကုန်ကြမ်းပေးသွင်းသူများ၊ ဖောက်သည်များနှင့် လူမှုအသိုင်းအဝိုင်းစသည့် လူတိုင်းကို ကျန်းမာဘေးကင်းစွာ ထားရှိရန် ကျွန်ုပ်တို့၏ ပေါင်းစည်းထားသော ကျန်းမာရေး၊ ဘေးကင်းရေးနှင့် ပတ်ဝန်းကျင် (Health, Safety and Environment (HSE)) စီမံခန့်ခွဲရေးစနစ်ကို စီစဉ်ထားပါသည်။ BlueScope လုပ်ငန်းခွင်များတွင် လုပ်ကိုင်နေသည့် သို့မဟုတ် အလည်လာသည့် ပြင်ပအဖွဲ့အစည်းများအား ကျွန်ုပ်တို့၏ HSE လုပ်ထုံးများကို လိုက်နာစေလိုပါသည်။ ကျွန်ုပ်တို့၏ ဝန်ထမ်းများအား ပြင်ပအဖွဲ့အစည်းတိုင်းက ကျွန်ုပ်တို့၏ HSE လုပ်ထုံးများကို သိနားလည်မှုရှိကြောင်း သေချာအောင် ဆောင်ရွက်ပေးစေလိုပါသည်။

## အလုပ်အတွက် ကျန်းမာကြံ့ခိုင်မှုရှိစေခြင်း

ကျန်းမာရေးနှင့်ညီပြီး ဘေးကင်းသော ပုံစံဖြင့် အလုပ်လုပ်နိုင်စွမ်းမှာ ပဓာနကျပါသည်။ အရက် အပါအဝင် တရားမဝင် သို့မဟုတ် တရားဝင် ဆေးဝါးများသည် ဝန်ထမ်းများနှင့် BlueScope (အလုပ်ခွင်တွင်းဖြစ်စေ သို့မဟုတ် အခြားနေရာတစ်ခုခုတွင်ဖြစ်စေ) အတွက် လုပ်ကိုင်နေသူအားလုံး၏ အလုပ်လုပ်နိုင်စွမ်းကို အဟန့်အတား မဖြစ်စေရ။ သင်နှင့် တခြားလူများ၏ ဘေးကင်းရေးကို သေချာစေရန်အတွက် သင်က အလုပ်လုပ်ရန် စိတ်ရောကိုယ်ပါ ကြံ့ခိုင်သူဖြစ်ရန်မှာ အရေးကြီးပါသည်။ ၎င်းတွင် ပင်ပန်းနွမ်းလျခြင်း၊ ဖျားနာခြင်း၊ ကိုယ်လက်မလှုပ်ရှားနိုင်ခြင်း သို့မဟုတ် စိတ်အနှောင့်အယှက်ရှိမှုတို့ ပါဝင်ပါသည်။

## ကျွန်ုပ်တို့၏ ကျန်းမာရေးနှင့် ဘေးကင်းရေး စံနှုန်းများနှင့် လုပ်ထုံးများကို တာဝန်ယူဆောင်ရွက်ပါ

ကျွန်ုပ်တို့နှင့်အတူ အလုပ်လုပ်သည့် လူတိုင်းအား ၎င်းတို့၏ စဉ်ဆက်မပြတ်တိုးတက်ရေးအတွက် ပါဝင်ဆောင်ရွက်နေစဉ်တွင် အန္တရာယ်ဖြစ်နိုင်ခြေများကို သတိပြုပြီး ကျွန်ုပ်တို့၏ ကျန်းမာရေးနှင့် ဘေးကင်းရေး စံနှုန်းများနှင့် လုပ်ထုံးများကို အပြည့်အဝ လိုက်နာပေးစေလိုပါသည်။

### မှန်သည့်အရာများကို ရွေးချယ်လုပ်ပါ

#### အမြဲလုပ်ရန်

- ✅ သင့်အလုပ်ခွင်တွင်း လေ့ကျင့်သင်ကြားရေးနှင့် အကြံပြုရေး လုပ်ငန်းစဉ်အားလုံးတွင် ပါဝင်ပါ။
- ✅ အလုပ်ခွင်ဆိုင်ရာ လုပ်ထုံးများကို လိုက်နာပြီး စက်ကိရိယာကို မောင်းနှင်ရန် ကျွမ်းကျင်မှုရှိပြီး ခွင့်ပြုချက်ရထားမှသာ မောင်းနှင်ပေးပါ။
- ✅ စက်ယန္တရား သို့မဟုတ် စက်ကိရိယာတစ်ခုခုကို မောင်းနှင်ရန် လိုအပ်သော လိုင်စင်(များ) သင့်တွင် ရှိထားကြောင်း သေချာပါစေ။
- ✅ အလုပ်လုပ်ရန် စိတ်ရောကိုယ်ပါ ကြံ့ခိုင်မှုမရှိဟု သင်ခံစားရပါက သင့်မန်နေဂျာကို ပြောပြပါ။
- ✅ လူအများ၏ အန္တရာယ်ကြုံရနိုင်ခြေကို တားဆီးရန် ထိရောက်သော ထိန်းချုပ်မှုများကို လုပ်ဆောင်ထားကြောင်း သေချာပါစေ။

#### လုံးဝမလုပ်ရန်

- ❌ သင်ကိုယ်တိုင် သို့မဟုတ် တခြားလူများကို အန္တရာယ်ဖြစ်စေသည်ကို သိလျက်နှင့် ပြုမူလုပ်ဆောင်ခြင်း။
- ❌ တစ်စုံတစ်ယောက်ကို အကြမ်းဖက်၍ ခြိမ်းခြောက်ခြင်း သို့မဟုတ် အလုပ်ခွင်တွင် ခွင့်ပြုချက်မရှိဘဲ သေနတ် သို့မဟုတ် တခြား လက်နက်များ ကိုင်ဆောင်ခြင်း။
- ❌ စက်မောင်းနှင်သော ပတ်ဝန်းကျင် သို့မဟုတ် BlueScope လုပ်ငန်းခွင်တွင်း ယာဉ်မောင်းနှင်စဉ် ဘေးမကင်းသည့် ပုံစံဖြင့် မိုဘိုင်းဖုန်း သို့မဟုတ် တခြား တစ်ကိုယ်ရေသုံး အီလက်ထရောနစ် စက်ပစ္စည်းကို အသုံးပြုခြင်း (လက်ဖြင့်ကိုင်စရာမလိုဘဲ သုံးနိုင်သည့်စနစ် အပါအဝင်)။
- ❌ လူအများ၏ ကျန်းမာရေးနှင့် ဘေးကင်းရေးထက် လုပ်ငန်း ရည်ရွယ်ချက်များကို ဦးစားပေး လုပ်ကိုင်ခြင်း။

**အကူအညီဖြစ်သော အချက်အလက်များ**

HSEC မူဝါဒ

HSE စံနှုန်းများနှင့် ဆက်စပ် လုပ်ထုံးများ

အရက်နှင့် တခြား မူးယစ်ဆေးဝါးများ မူဝါဒ

MD နှင့် CEO ထံမှ အမှာစကား
ကျွန်ုပ်တို့၏ ရည်ရွယ်ချက်
ကျွန်ုပ်တို့၏ သံန္နိဋ္ဌာန်
အဲဒါက မှန်ရော မှန်ရဲ့လား။ အမြန် စစ်ဆေးမှု
ဖွင့်ဟထုတ်ပြောပါ
ကျွန်ုပ်တို့က ကျန်းမာရေးနှင့် ဘေးကင်းရေးအတွက် အလေးအနက်ထား ဆောင်ရွက်ပါသည်
ကျွန်ုပ်တို့က လူအများကို ဂုဏ်သိက္ခာရှိပြီး လေးစားမှုဖြင့် ဆက်ဆံပါသည်
ကျွန်ုပ်တို့သည် လူမှုအသိုင်းအဝိုင်းနှင့် ပတ်ဝန်းကျင်ကို လေးစားပါသည်
ကျွန်ုပ်တို့၏ လုပ်ငန်းကို ကာကွယ်ပေးပါသည်
ပံ့ပိုးမှု

# ဘေးကင်းပြီး ကျန်းမာသော အလုပ်ခွင်များကို ထိန်းသိမ်းထားရှိပါ

**သင်ဘာလုပ်ရမလဲ။**

ဒါတွေကတော့ သင်ကိုယ်တိုင် ကြုံရနိုင်ကြောင်း တွေ့မြင်နိုင်မည့် အဖြစ်အပျက် အချို့ပါ။



### အဖြစ်အပျက် 1

**ဝန်ချီစက်ဖြင့် ဝန်တင်နေသည့် ကုန်ကားတစ်စီး ရှိနေသည်။ ဝန်မှာ အလွန် လှုပ်ယမ်းနေသည်ကို သင်သတိပြုမိပြီး ဝန်ချီစက်မှ ထူးဆန်းသော အသံထွက်လာသည်ကို သင်ကြားနေရသည်။ ပြဿနာတစ်ခုခုရှိနေသည်ဟု သင်ထင်နေပါသည်၊ သို့သော် အဖွဲ့သားများကလည်း အချိန်ကပ်နေသည့် သတ်မှတ်ရက်မီအောင် လုပ်ကိုင်နေသည်ဟု သင်သိပါသည်။ သင်ဘာလုပ်မလဲ။**

ရပ်ပြီး အမြဲမေးမြန်းပါ။ သင့်ပင်ကိုအသိစိတ်၏ စေ့ဆော်မှုများကို ယုံကြည်ပါ။ ကုန်ကားပေါ် ဆက်လက် ကုန်မတင်မီ အလုပ်လုပ်ကိုင်ရန် ဘေးကင်းကြောင်း သေချာစေရေးမှာ အရေးကြီးပါသည်။ လူအများ၏ ကျန်းမာရေးနှင့် ဘေးကင်းရေးကို ကာကွယ်ရန် ကျွန်ုပ်တို့အားလုံးတွင် အသီးသီးတာဝန်ရှိသည်။ တစ်ခုခုမှားနေသည်ဟု ထင်ပါက အမြဲတမ်း အရေးယူလုပ်ဆောင်ပါ။



### အဖြစ်အပျက် 2

**သင့်ဆရာဝန်က သင့်ကို သောက်ဆေးများညွှန်းပေးထားသည်။ သင်က ဆေးသောက်ရန်လိုအပ်နေသည်၊ သို့သော် ဆေးသောက်လိုက်ခြင်းက သင်၏ အလုပ်ဘေးကင်းစွာ လုပ်နိုင်ရေးကို ထိခိုက်နိုင်ခြင်း ရှိ၊ မရှိ မသေချာဘဲ အလုပ်လုပ်ရန် ကျန်းမာကြံ့ခိုင်နေရမည်ကို သင်သိထားပါသည်။ သင်ဘာလုပ်သင့်လဲ။**

သင်ဆေးသောက်နေရကြောင်း သင့်မန်နေဂျာကို အသိပေးရပါမည်။ ၎င်းမှာ သီးသန့်စကားပြောဆိုမှု ဖြစ်ရမည်ဖြစ်ပြီး သောက်နေသည့် ဆေးဝါး အမျိုးအစား သို့မဟုတ် သောက်နေရသည့်အကြောင်းရင်းကို ပြောပြရန် မလိုအပ်ပါ။ ၎င်းတို့က သင့်နှင့်အတူ မှန်ကန်သော အရေးယူဆောင်ရွက်မှု အစီအစဉ်ကို ဆုံးဖြတ်ပါမည်။

**အကူအညီဖြစ်သော အချက်အလက်များ**

HSEC မူဝါဒ

HSE စံနှုန်းများနှင့် ဆက်စပ် လုပ်ထုံးများ

အရက်နှင့် တခြား မူးယစ်ဆေးဝါးများ မူဝါဒ

MD နှင့် CEO ထံမှ အမှာစကား
ကျွန်ုပ်တို့၏ ရည်ရွယ်ချက်
ကျွန်ုပ်တို့၏ သံန္နိဋ္ဌာန်
အဲဒါက မှန်ရော မှန်ရဲ့လား။ အမြန် စစ်ဆေးမှု
ဖွင့်ဟထုတ်ပြောပါ
ကျွန်ုပ်တို့က ကျန်းမာရေးနှင့် ဘေးကင်းရေးအတွက် အလေးအနက်ထား ဆောင်ရွက်ပါသည်
ကျွန်ုပ်တို့က လူအများကို ဂုဏ်သိက္ခာရှိပြီး လေးစားမှုဖြင့် ဆက်ဆံပါသည်
ကျွန်ုပ်တို့သည် လူမှုအသိုင်းအဝိုင်းနှင့် ပတ်ဝန်းကျင်ကို လေးစားပါသည်
ကျွန်ုပ်တို့၏ လုပ်ငန်းကို ကာကွယ်ပေးပါသည်
ပံ့ပိုးမှု

# ကျန်းမာရေးနှင့် ဘေးကင်းရေး အဖြစ်အပျက်များ၊ အန္တရာယ်များနှင့် ဖြစ်နိုင်ခြေ အခွင့်အလမ်းများအပေါ် အရေးယူလုပ်ဆောင်ပါ

**ကျန်းမာရေးနှင့် ဘေးကင်းရေး အကျိုးအလို့ငှာ အမြဲ ဆောင်ရွက်ခြင်းဆိုသည်မှာ ကျွန်ုပ်တို့ဝန်ထမ်းများအတွက် စောင့်ရှောက်မှုပေးပြီး မည်မျှပင် သေးငယ်သောအရာပင် ဖြစ်ပါစေ ကျွန်ုပ်တို့၏ HSE စံနှုန်းများ၊ လုပ်ထုံးများနှင့် မညီသောအရာမှန်သမျှကို မျက်နှာလွှဲခဲ့ပစ် ဘယ်တော့မှ မလုပ်ခြင်းဟု ဆိုလိုပါသည်။ ကျွန်ုပ်တို့၏ ကျန်းမာရေးနှင့် ဘေးကင်းရေးအပြင် တခြားလူများ၏ ကျန်းမာရေးနှင့် ဘေးကင်းရေးကို ကာကွယ်ပေးရန် ကျွန်ုပ်တို့အသီးသီးတွင် တာဝန်ရှိပါသည်။**

**အကူအညီဖြစ်သော အချက်အလက်များ**

HSEC မူဝါဒ

HSE စံနှုန်းများနှင့် ဆက်စပ် လုပ်ထုံးများ

အရက်နှင့် တခြား မူးယစ်ဆေးဝါးများ မူဝါဒ

ကျွန်ုပ်တို့၏ ဝန်ထမ်းများကို ကျန်းမာရေးနှင့် ဘေးကင်းရေးနှင့်ပတ်သက်ပြီး အသိရှိစွာ ကြိုတင်ပြင်ဆင်စေလိုပါသည်။ ဆိုလိုသည်မှာ အခြေအနေကို ကြည့်ရှုပြီး ကျွန်ုပ်တို့ အချင်းချင်း မေးမြန်းခြင်း ဖြစ်သည်- "၎င်းက ကျန်းမာရေးနှင့် ဘေးကင်းရေး အန္တရာယ်ကို ပြသပါသလား။"။ အဖြေမှာ ပြသည် သို့မဟုတ် ဖြစ်နိုင်သည် ဖြစ်လျှင် အရေးယူ လုပ်ဆောင်ရန် တာဝန်ရှိပါသည်။

## စကားပြောဆိုရန် ကြိုတင်ပြင်ဆင်ပါ

ကျန်းမာရေးနှင့် ဘေးကင်းရေးနှင့် ပတ်သက်၍ ကြိုတင်ပြင်ဆင်တတ်ခြင်းသည် အချင်းချင်း ကူညီရိုင်းပင်းခြင်း၊ တစ်ခုခုလွဲမှားနေသည်ဟု ထင်ရပါက မေးမြန်းခြင်းနှင့် စိတ်ကသိကအောက်ဖြစ်ကောင်း ဖြစ်စေနိုင်သည့် စကားပြောဆိုမှုများအတွက် ကြိုတင်ပြင်ဆင်ခြင်းဟု ဆိုလိုပါသည်။ တစ်ခုခုမှားနေချိန်တွင် တုံ့ပြန်ပြီး ဖွင့်ဟပြောဆိုသည့် ပတ်ဝန်းကျင် တစ်ခုဖြစ်လာရန် ကျွန်ုပ်တို့ တိုက်တွန်းအားပေးပါသည်။ ကျွန်ုပ်တို့၏ HSE စံနှုန်းများနှင့် လုပ်ထုံးများနှင့် မညီသည့် တစ်စုံတစ်ခုကို သတိပြုမိသည့်အခါ ဖွင့်ဟပြောဆိုနိုင်ရမည်ဖြစ်ပြီး အကြံပြုချက်ကို လက်ခံစဉ်းစားတတ်ရပါမည်။

## ဘေးကင်းရေး ဖြစ်ရပ်များနှင့် အန္တရာယ်များကို သတင်းပေးပို့ခြင်း

ကျန်းမာရေးနှင့် ဘေးကင်းရေးအပေါ် အန္တရာယ်ဖြစ်စေနိုင်သည့် အရာအားလုံးကို သတင်းပေးပို့ရမည်။ ၎င်းတွင် မတော်တဆမှုများ၊ ထိခိုက်ဒဏ်ရာများ၊ ကျန်းမာကြံ့ခိုင်မှုဆိုင်ရာ စိုးရိမ်စရာများနှင့် အန္တရာယ်နှင့် ကပ်လွဲမှုများ ပါဝင်သည်။ ကျန်းမာရေးနှင့် ဘေးကင်းရေး ကိစ္စရပ်တိုင်းကို သတင်းပေးပို့ပြီး အရေးယူလုပ်ဆောင်ပါရန် တိုက်တွန်းအပ်ပါသည်။

## ကျန်းမာရေးနှင့် ဘေးကင်းရေးက ကျွန်ုပ်တို့အားလုံးနှင့် သက်ဆိုင်ပါသည်

သင့်အား ကြိုတင်ပြင်ဆင်တတ်ရန် တိုက်တွန်းပြီး ကျွန်ုပ်တို့က မည်သည့်နည်းလမ်းဖြင့် ကျန်းမာရေးနှင့် ဘေးကင်းရေး စီမံခန့်ခွဲမှုကို တိုးတက်အောင် လုပ်ဆောင်နိုင်ပုံကို စဉ်းစားတွေးတောပေးစေလိုပါသည်။ တိုးတက်ကောင်းမွန်နိုင်သည့် အခွင့်အလမ်းများနှင့် အန္တရာယ်များကို ပိုကောင်းမွန်စွာ ထိန်းချုပ်နိုင်စေမည့် နည်းလမ်းများအတွက် ပါဝင်ပြီး စိတ်ကူးများ မျှဝေပေးပါ။ ကျွန်ုပ်တို့အားလုံး ကျန်းမာစွာနှင့် ဘေးကင်းစွာ ရှိနေစေရန် အတွက် ထိရောက်သော ဖြေရှင်းနည်းများ ဖန်တီးရန် အသိပညာနှင့် အတွေ့အကြုံကို မျှဝေခြင်းမှာ ကျွန်ုပ်တို့အားလုံး၏ တာဝန်ဖြစ်သည်။

## မှန်သည့်အရာများကို ရွေးချယ်လုပ်ပါ

### အမြဲလုပ်ရန်

- ကျန်းမာရေးနှင့် ဘေးကင်းရေး အန္တရာယ်များအတွက် အခြေအနေများကို အကဲဖြတ်ပါ။
- ကျန်းမာရေးနှင့် ဘေးကင်းရေး လုပ်ထုံးများကို မလိုက်နာသည့် တစ်ယောက်ယောက်ကို သင်မြင်တွေ့ပါက ချက်ချင်းပြောပါ။

### လုံးဝမလုပ်ရန်

- သင့်လုပ်ရပ်များ ဘေးကင်း၊ မကင်းအပေါ် တစ်စုံတစ်ယောက်က မေးခွန်းထုတ်လာလျှင် ခုခံပြောဆိုခြင်း။
- သင်မလုပ်လည်း အခြားတစ်စုံတစ်ယောက်က ကျန်းမာရေးနှင့် ဘေးကင်းရေး အန္တရာယ်ကို သတင်းပေးပို့မှာပဲဟု ယူဆခြင်း။

MD နှင့် CEO ထံမှ အမှာစကား
ကျွန်ုပ်တို့၏ ရည်ရွယ်ချက်
ကျွန်ုပ်တို့၏ သံန္နိဋ္ဌာန်
အဲဒါက မှန်ရော မှန်ရဲ့လား။ အမြန် စစ်ဆေးမှု
ဖွင့်ဟထုတ်ပြောပါ
ကျွန်ုပ်တို့က ကျန်းမာရေးနှင့် ဘေးကင်းရေးအတွက် အလေးအနက်ထား ဆောင်ရွက်ပါသည်
ကျွန်ုပ်တို့က လူအများကို ဂုဏ်သိက္ခာရှိပြီး လေးစားမှုဖြင့် ဆက်ဆံပါသည်
ကျွန်ုပ်တို့သည် လူမှုအသိုင်းအဝိုင်းနှင့် ပတ်ဝန်းကျင်ကို လေးစားပါသည်
ကျွန်ုပ်တို့၏ လုပ်ငန်းကို ကာကွယ်ပေးပါသည်
ပံ့ပိုးမှု

# ကျန်းမာရေးနှင့် ဘေးကင်းရေး အဖြစ်အပျက်များ၊ အန္တရာယ်များနှင့် ဖြစ်နိုင်ခြေ အခွင့်အလမ်းများအပေါ် အရေးယူလုပ်ဆောင်ပါ

**သင်ဘာလုပ်ရမလဲ။**

ဒါတွေကတော့ သင်ကိုယ်တိုင် ကြုံရနိုင်ကြောင်း တွေ့မြင်နိုင်မည့် အဖြစ်အပျက် အချို့ပါ။



### အဖြစ်အပျက် 1

**သင့်လုပ်ဖော်ကိုင်ဖက် တစ်ဦးက ဝန်ပင့်စက်ရွှေ့လာသည့် လမ်းကြောင်းပေါ် လမ်းလျှောက်ဝင်လာပြီး ဝင်တိုးမိလုနီးပါး ဖြစ်ခဲ့သည်။ သူက အဆင်ပြေပါသည်၊ သို့သော် သင်ဘာလုပ်မလဲ။**

ဘေးမကင်းသော အလေ့အကျင့်များအကြောင်း ထိုလူနှင့် ချက်ချင်း ဆွေးနွေးပြောပြပြီး ဖွင့်ဟထုတ်ပြောလိုက်ပါ။ ဖြစ်ရပ်ကို သင့်မန်နေဂျာနှင့် ချက်ချင်း ဆွေးနွေးပါ။ ကျန်းမာရေးနှင့် ဘေးကင်းရေးတို့နှင့် စပ်လျဉ်း၍ ဂရုစိုက်ပြီး ဦးဆောင်၍ လက်တွေ့သရုပ်ပြဆောင်ရွက်ပေးစေလိုပါသည်။



### အဖြစ်အပျက် 2

**သင်သည် မှတ်တမ်းတင်ထားသော လုပ်ထုံးအတိုင်း လုပ်ဖော်ကိုင်ဖက်တစ်ဦးနှင့်အတူ အလုပ်တစ်ခုကို တာဝန်ယူလုပ်ဆောင်နေပါသည်။ လုပ်ထုံးမှာ ယခင်က သင်လုပ်ဆောင်ခဲ့သည့်ပုံစံနှင့် အပြည့်အဝ ကိုက်ညီမှုမရှိကြောင်းကို သင်သတိပြုမိပါသည်။ သင်ဘာလုပ်မလဲ။**

သင့်လုပ်ဖော်ကိုင်ဖက်များနှင့် မန်နေဂျာထံ ဤအကြောင်းကို တင်ပြပြောဆိုပါ။ အလုပ် သို့မဟုတ် လုပ်ထုံးက ပြန်လည်သုံးသပ်မှု လိုအပ်ကောင်း လိုအပ်နိုင်သည်။ ယင်းသို့ လုပ်ဆောင်ခြင်းသည် သင့်အတွက် ကြိုတင်ပြင်ဆင်မှုရှိပြီး ကျွန်ုပ်တို့၏ HSE စနစ်များကို တိုးတက်ကောင်းမွန်စေကာ ကျွန်ုပ်တို့၏ အန္တရာယ်များကို ထိန်းချုပ်ဖြေရှင်းပေးမည့် အခွင့်အလမ်းဖြစ်ပါသည်။

**အကူအညီဖြစ်သော အချက်အလက်များ**

HSEC မူဝါဒ

HSE စံနှုန်းများနှင့် ဆက်စပ် လုပ်ထုံးများ

အရက်နှင့် တခြား မူးယစ်ဆေးဝါးများ မူဝါဒ

MD နှင့် CEO ထံမှ အမှာစကား

ကျွန်ုပ်တို့၏ ရည်ရွယ်ချက်

ကျွန်ုပ်တို့၏ သံနိဋ္ဌာန်

အဲဒါက မှန်ရော မှန်ရဲ့လား။ အမြန် စစ်ဆေးမှု

ဖွင့်ဟထုတ်ပြောပါ

ကျွန်ုပ်တို့က ကျန်းမာရေးနှင့် ဘေးကင်းရေးအတွက် အလေးအနက်ထား ဆောင်ရွက်ပါသည်

ကျွန်ုပ်တို့က လူအများကို ဂုဏ်သိက္ခာရှိပြီး လေးစားမှုဖြင့် ဆက်ဆံပါသည်

ကျွန်ုပ်တို့သည် လူမှုအသိုင်းအဝိုင်းနှင့် ပတ်ဝန်းကျင်ကို လေးစားပါသည်

ကျွန်ုပ်တို့၏ လုပ်ငန်းကို ကာကွယ်ပေးပါသည်

ပံ့ပိုးမှု

၀၂

# ကျွန်ုပ်တို့က လူအများကို ဂုဏ်သိက္ခာရှိရှိနှင့် လေးစားမှုဖြင့် ဆက်ဆံပါသည်

## ခေါင်းစဉ်များ

လူမျိုးဘာသာမရွေးပါဝင်ပြီး အားလုံးတန်းတူအခွင့်အရေးရကာ လေးစားသမှုရှိသော အလုပ်ခွင်များကို ဖန်တီးပါ

လူ့အခွင့်အရေးများကို လေးစားပါ





MD နှင့် CEO ထံမှ အမှာစကား

ကျွန်ုပ်တို့၏ ရည်ရွယ်ချက်

ကျွန်ုပ်တို့၏ သံန္နိဋ္ဌာန်

အဲဒါက မှန်ရော မှန်ရဲ့လား။ အမြန် စစ်ဆေးမှု

ဖွင့်ဟထုတ်ပြောပါ

ကျွန်ုပ်တို့က ကျန်းမာရေးနှင့် ဘေးကင်းရေးအတွက် အလေးအနက်ထား ဆောင်ရွက်ပါသည်

**ကျွန်ုပ်တို့က လူအများကို ဂုဏ်သိက္ခာရှိပြီး လေးစားမှုဖြင့် ဆက်ဆံပါသည်**

ကျွန်ုပ်တို့သည် လူမှုအသိုင်းအဝိုင်းနှင့် ပတ်ဝန်းကျင်ကို လေးစားပါသည်

ကျွန်ုပ်တို့၏ လုပ်ငန်းကို ကာကွယ်ပေးပါသည်

ပံ့ပိုးမှု

# လူမျိုးဘာသာမရွေးပါဝင်ပြီး အားလုံးတန်းတူအခွင့်အရေး ရကာ လေးစားသမှုရှိသော အလုပ်ခွင်များကို ဖန်တီးပါ

ကျွန်ုပ်တို့၏လူများသည် ကျွန်ုပ်တို့၏ အားသာချက်ဖြစ်သည်။ ကျွန်ုပ်တို့ ဝန်ထမ်းများ၏ ဖြစ်တည်မှုပုံစံကို ကျွန်ုပ်တို့ လေးစားပြီး တန်ဖိုးထားပါသည်။ ကျွန်ုပ်တို့ တစ်ဦးနှင့် တစ်ဦး၏ ကျန်းမာရေး၊ ဘေးကင်းရေးနှင့် စိတ်ရောကိုယ်ပါကြွခိုင်ရေးကို ဂရုစိုက်ဖြည့်ဆည်းပေးသည်။ အချင်းချင်း ယုံကြည်စိတ်ချပြီး လေးစားမှုရှိစွာဖြင့် အမြဲတမ်း ဆက်ဆံရန် ရွေးချယ်ပါသည်။

**အကူအညီဖြစ်သော အချက်အလက်များ**
မတူကွဲပြားမှုနှင့် အားလုံးပါဝင်ခွင့်ရှိမှု မူဝါဒ
လူ့အခွင့်အရေးများဆိုင်ရာ ကြေညာချက်
တန်းတူညီသော အလုပ်အကိုင် အခွင့်အလမ်း မူဝါဒ

ဝန်ထမ်းအားလုံးက မိမိတို့နှင့် သက်ဆိုင်သည်ဟု ခံစားရပြီး၊ တန်ဖိုးထား၊ လက်ခံ ခံရကာ ကျွန်ုပ်တို့၏ ရည်ရွယ်ချက်အတိုင်း ရှင်သန်ရေးအတွက် အဓိပ္ပါယ်ရှိသော အထောက်အပံ့ဖြစ်စေသည့် အလုပ် ပတ်ဝန်းကျင်တစ်ခုကို ဖန်တီးပေးရန် ကျွန်ုပ်တို့ ကတိပြုပါသည်။

ဝန်ထမ်းအားလုံးကို တူညီစွာ ဆက်ဆံပြီး ကျွန်ုပ်တို့၏ ဝန်ထမ်းများအား ကိုယ်ပိုင်ဘဝနှင့် အလုပ်ခွင်တွင်ပါ တိုးတက်စေမည့် အခွင့်အလမ်းများ ပေးပါသည်၊ အကြောင်းမှာ ထိုသို့လုပ်ခြင်းက ၎င်းတို့၏ အတွေ့အကြုံကို ကျယ်ပြန့်စုံလင်စေပြီး အားကောင်းလာစေသောကြောင့် ဖြစ်ပါသည်။

## ကျွန်ုပ်တို့က အားလုံးကို သက်ဆိုင်သူအဖြစ် ခံစားရစေသည့် နေရာတစ်ခုကို ဖန်တီးပေးပါသည်

လူတိုင်းသည် ကြောက်ရွံ့မှု သို့မဟုတ် မသက်မသာဖြစ်မှုမရှိဘဲ အလုပ်သို့ စိတ်ပါလက်ပါဖြင့် လာရောက်ရန် သက်သောင့်သက်သာ ဖြစ်နေရပါမည်။ လိင်အမျိုးအစား၊ တိုင်းရင်းသားဖြစ်မှု၊ ယဉ်ကျေးမှု နောက်ခံ၊ မသန်စွမ်းမှု၊ လိင်စိတ်တိမ်းညွတ်မှု၊ လိင်ခံယူမှု၊ ဘာသာရေးယုံကြည်မှုများ၊ ပြုစုစောင့်ရှောက်သူ တာဝန်များ၊ အသက်၊ စစ်မှုထမ်းဟောင်း ဖြစ်မှု၊ အိမ်ထောင်ရေး အခြေအနေ၊ ပညာရေး၊ အလုပ်အကိုင်၊ အလုပ်အစီအစဉ် သို့မဟုတ် တခြား ဥပဒေဖြင့် ကာကွယ်ထားသည့် အခြေခံအကြောင်းရင်းတစ်ခုခုကြောင့် တန်းတူအလေးမပေးသောသောပုံစံဖြင့် ဝန်ထမ်းတစ်ဦး သို့မဟုတ် ဝန်ထမ်းအုပ်စုတစ်ခုကို ကွက်၍ ချန်ထားသည့် အပြုအမူတိုင်းကို လက်သင့်ခံမည် မဟုတ်ပါ။

## ကျွန်ုပ်တို့က အချင်းချင်း ဂရုစိုက်ကြပါသည်

ကျွန်ုပ်တို့၏ ဝန်ထမ်းများအား တခြားလူများ၏ အကောင်းဆုံး အကျိုးစီးပွားကို ရှာဖွေရာတွင် ကြိုတင်ပြင်ဆင်တတ်ပြီး အလေးထားလုပ်ဆောင်ပေးစေလိုပါသည်။

## မတူကွဲပြားမှုကို လက်ခံကြိုဆိုပါသည်

မတူကွဲပြားမှု ပုံစံအားလုံးကို ပွေ့ဖက်လက်ခံပါသည် အလုပ်သမား အစည်းအရုံးများတွင် ပါဝင်ရန် အလုပ်သမားများ၏ ရွေးချယ်မှု အပါအဝင် ဝန်ထမ်းများ၏ ရွေးချယ်မှုများကို ကျွန်ုပ်တို့ လေးစားပါသည်။ ကျွန်ုပ်တို့က ဗဟုသုတကို မျှဝေပြီး ပူးပေါင်းဆောင်ရွက်မှုဖြင့် လုပ်ကိုင်ပါသည်။ မတူကွဲပြားစွာ၊ ဆန်းသစ်စွာ တွေးတောပြီး စိတ်ကူးသစ်များကို လက်ခံကြိုဆိုပါသည်။

## ကျွန်ုပ်တို့၏ တာဝန်များအကြောင်း သေချာနားလည်ပြီး အကြံပြုချက်ပေးပါသည်

တစ်ဦးနှင့်တစ်ဦး ရှင်းလင်းသော မျှော်မှန်းချက်များပေးပါသည်။ ကျွန်ုပ်တို့၏ လုပ်ရပ်များအတွက် ကတိပြုထားပြီး တာဝန်ယူတတ်ပါသည်။ ကျွန်ုပ်တို့သည် တခြားသူများ၏ ပြောဆိုမှုများကို နားထောင်ပြီး ၎င်းတို့ကို ပေးထားသည့် အလုပ်ပမာဏမှာ ၎င်းတို့နိုင်သည့်ဝန်ဖြစ်ကြောင်း သေချာစေရန် စောင့်ကြည့်ပါသည်။ ကျွန်ုပ်တို့သည် အဓိပ္ပါယ်ရှိပြီး လေးစားမှုရှိသော တုံ့ပြန်အကြံပြုချက်ကို ပေးသလို အခြားသူက ပေးသည့် ထိုကဲ့သို့တုံ့ပြန်အကြံပြုချက်ကိုလည်း လက်ခံရယူသည်။

## နှောင့်ယှက်မှုနှင့် အနိုင်ကျင့်မှုကို လုံးဝသည်းမခံပါ

BlueScope တွင် အနိုင်ကျင့်မှု၊ ခွဲခြားဆက်ဆံမှု၊ ခြိမ်းခြောက်မှု၊ နှောင့်ယှက်မှု (လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှု အပါအဝင်)၊ မတရားဖိနှိပ်မှု၊ သားပုပ်လေလွင့်ပြောဆိုမှုနှင့် စော်ကားသော အပြုအမူမှန်သမျှကို လက်မခံပါ။

## ကျွန်ုပ်တို့၏ ဆက်ဆံရေးတိုင်းတွင် ပညာရှင်ပီသသဖြင့် သမာသမတ်ကျမှုကို ထိန်းသိမ်းထားပါသည်။

ကျွန်ုပ်တို့သည် အချင်းချင်းအပေါ် သာမက မိမိတို့နှင့် ဆက်ဆံသူတိုင်းအပေါ် ပညာရှင်ပီသစွာ အမြဲ ပြုမူပါသည်။ အလုပ်တွင် ကိုယ်ရေးကိုယ်တာ ဆက်ဆံရေးမျိုး ရှိနိုင်သလို၊ ယင်းသို့ ဆက်ဆံရေးမျိုး ပေါ်ပေါက်လာနိုင်သည်ကိုလည်း နားလည်သိရှိပါသည်။ BlueScope ၏ အခြားဝန်ထမ်း သို့မဟုတ် ကန်ထရိုက်တာတစ်ယောက်နှင့် အလုပ်ကိစ္စထက် ကျော်လွန်သော ကိုယ်ရေးကိုယ်တာ ဆက်ဆံရေးမျိုး ရှိလာလျှင် (ဥပမာအားဖြင့် ၎င်းတို့က သင်၏ ဆွေမျိုးဖြစ်ခြင်း၊ သင်၏ အိမ်ထောင်ဖက်ဖြစ်ခြင်း သို့မဟုတ် ၎င်းတို့နှင့် ဆက်ဆံရေးတစ်ခု ရှိနေခြင်းမျိုး) သင့်အနေဖြင့် သင့်မန်နေဂျာ သို့မဟုတ် သင်၏ လူသားရင်းမြစ်ဌာန ကိုယ်စားလှယ်ထံ ဆက်သွယ်အသိပေးမည်ဟု မျှော်လင့်ထားပါသည်။ အကျိုးစီးပွား ပဋိပက္ခဖြစ်မှု၊ ဘက်လိုက်မှု၊ အာဏာ အလွဲသုံးမှု သို့မဟုတ် မရိုးသားမှုများ ရှိသည်ဟု စွပ်စွဲခံရခြင်းမှ ရှောင်ကြဉ်နိုင်စေရန် ဤသို့လုပ်ဆောင်ခြင်း ဖြစ်ပါသည်။ သင့်အနေဖြင့်လည်း ပညာရှင်ပီသသော အလုပ်သဘော ဆက်ဆံရေးမျိုးကို ထိန်းသိမ်းထားပြီး BlueScope ၏ လျှို့ဝှက်အချက်အလက်များကို လုပ်ငန်းကိစ္စမရှိဘဲ ဘယ်တော့မှ မျှဝေခြင်းမပြုရန် မျှော်လင့်ထားပါသည်။

### မှန်သည့်အရာများကို ရွေးချယ်လုပ်ပါ

| အမြဲလုပ်ရန် | လုံးဝမလုပ်ရန် |
| --- | --- |
| လူအားလုံးနှင့် မျှတစွာ၊ တန်းတူညီစွာနှင့် လေးစားမှုရှိစွာ ဆက်ဆံပြောဆိုပါ။ | လူတစ်ဦးအား မလေးမစား သို့မဟုတ် ချန်လုပ်ထားခံရသည်ဟု ခံစားရစေသည့် အပြုအမူတွင် ပါဝင်ခြင်း။ |
| တစ်စုံတစ်ယောက်က အဆင်မပြေဖြစ်နေသည်ဟု သင်ထင်လျှင် မေးမြန်းပါ။ | စိတ်ကူး သို့မဟုတ် ထင်မြင်ချက်မှာ သင်နှင့်ကွဲပြား၍ ပယ်ချခြင်း။ |

MD နှင့် CEO ထံမှ အမှာစကား
ကျွန်ုပ်တို့၏ ရည်ရွယ်ချက်
ကျွန်ုပ်တို့၏ သံန္နိဋ္ဌာန်
အဲဒါက မှန်ရော မှန်ရဲ့လား။ အမြန် စစ်ဆေးမှု
ဖွင့်ဟထုတ်ပြောပါ
ကျွန်ုပ်တို့က ကျန်းမာရေးနှင့် ဘေးကင်းရေးအတွက် အလေးအနက်ထား ဆောင်ရွက်ပါသည်
ကျွန်ုပ်တို့က လူအများကို ဂုဏ်သိက္ခာရှိပြီး လေးစားမှုဖြင့် ဆက်ဆံပါသည်
ကျွန်ုပ်တို့သည် လူမှုအသိုင်းအဝိုင်းနှင့် ပတ်ဝန်းကျင်ကို လေးစားပါသည်
ကျွန်ုပ်တို့၏ လုပ်ငန်းကို ကာကွယ်ပေးပါသည်
ပံ့ပိုးမှု

# လူမျိုးဘာသာမရွေးပါဝင်ပြီး အားလုံးတန်းတူအခွင့်အရေး ရကာ လေးစားသမှုရှိသော အလုပ်ခွင်များကို ဖန်တီးပါ

**သင်ဘာလုပ်ရမလဲ။**

ဒါတွေကတော့ သင်ကိုယ်တိုင် ကြုံရနိုင်ကြောင်း တွေ့မြင်နိုင်မည့် အဖြစ်အပျက် အချို့ပါ။



### အဖြစ်အပျက် 1

**အခြားလုပ်ဖော်ကိုင်ဖက်ကို ရိုင်းစိုင်းသောစကားလုံးများဖြင့် အော်ဟစ်နေသည့် လုပ်ဖော်ကိုင်ဖက်တစ်ဦးကို သင်မြင်တွေ့ခဲ့သည်။ အခြေအနေ တင်းမာဆိုးရွားခဲ့သော်လည်း ယင်းမှာ သင့်ဌာနတွင်း ဖြစ်ပွားခြင်းမဟုတ်သလို ယင်းဖြစ်ရပ်ပြီးနောက်ပိုင်းတွင် ထိုလုပ်ဖော်ကိုင်ဖက်က အဆင်ပြေနေသည်ဟု ထင်ရပါသည်။ သင်က တစ်ခုခု လုပ်သင့်ပါသလား။**

လုပ်သင့်သည်။ သင့်လုပ်ဖော်ကိုင်ဖက်ကို မေးမြန်းပြီး ဖြစ်ရပ်ကို ဖြေရှင်းရာတွင် အကူအညီပေးနိုင်ကြောင်း ပြောပြပါ။ ဖြစ်ရပ်ကို ဖြေရှင်းရန် လိုအပ်သော အဆင့်များကို လုပ်ဆောင်နိုင်စေရန် ၎င်းတို့၏ မန်နေဂျာနှင့် ဆွေးနွေးဖို့ သင်က အကြံပြုနိုင်ပါသည်။ BlueScope တွင် နှိပ်စက်မှု သို့မဟုတ် အနိုင်ကျင့်မှုကို လက်မခံဘဲ အချင်းချင်း အမြဲဖေးမကူညီပေးပါသည်။



### အဖြစ်အပျက် 2

**သင့်လုပ်ဖော်ကိုင်ဖက်တစ်ဦးက ယနေ့ တစ်ခုခုအဆင်မပြေသလို ဖြစ်နေပါသည်။ သူတို့က အတော်လေး အာရုံမစိုက်နိုင်ဘဲ အလုပ်နားလိုက်ရပါသည်။ သူတို့အတွက် သင်စိတ်ပူနေပါသည်။ သင်ဘာလုပ်သင့်လဲ။**

၎င်းတို့နှင့် စကားပြောဆိုမှု စတင်ရန် သင့်လျော်သော အချိန်ကို ရွေးပါ။ ၎င်းတို့ တစ်ခုခုလွဲမှားနေသည်ကို သင်သတိပြုမိကြောင်း အသိပေးပြီး အဆင်ပြေ၊ မပြေ မေးမြန်းပါ။ ၎င်းတို့ပြောပြသည်ကို နားထောင်ပြီး ၎င်းတို့၏ မန်နေဂျာ၊ ဝန်ထမ်း အထောက်အပံ့ ပရိုဂရမ် (Employee Assistance Program (EAP)) သို့မဟုတ် ၎င်းတို့၏ ဝန်ထမ်းအဖွဲ့ကိုယ်စားလှယ်နှင့် တိုင်ပင်ရန် တိုက်တွန်းပါ။ ၎င်းတို့ အခြေအနေဘယ်လိုရှိလဲ သိနိုင်ရန် ထပ်မံ၍ မေးမြန်းကြည့်ပါ။

**အကူအညီဖြစ်သော အချက်အလက်များ**

မတူကွဲပြားမှုနှင့် အားလုံးပါဝင်ခွင့်ရှိမှု မူဝါဒ
လူ့အခွင့်အရေးများဆိုင်ရာ ကြေညာချက်
တန်းတူညီသော အလုပ်အကိုင် အခွင့်အလမ်း မူဝါဒ

MD နှင့် CEO ထံမှ အမှာစကား
ကျွန်ုပ်တို့၏ ရည်ရွယ်ချက်
ကျွန်ုပ်တို့၏ သံန္နိဋ္ဌာန်
အဲဒါက မှန်ရော မှန်ရဲ့လား။ အမြန် စစ်ဆေးမှု
ဖွင့်ဟထုတ်ပြောပါ
ကျွန်ုပ်တို့က ကျန်းမာရေးနှင့် ဘေးကင်းရေးအတွက် အလေးအနက်ထား ဆောင်ရွက်ပါသည်
ကျွန်ုပ်တို့က လူအများကို ဂုဏ်သိက္ခာရှိပြီး လေးစားမှုဖြင့် ဆက်ဆံပါသည်
ကျွန်ုပ်တို့သည် လူမှုအသိုင်းအဝိုင်းနှင့် ပတ်ဝန်းကျင်ကို လေးစားပါသည်
ကျွန်ုပ်တို့၏ လုပ်ငန်းကို ကာကွယ်ပေးပါသည်
ပံ့ပိုးမှု

# လူ့အခွင့်အရေးများကို လေးစားပါ

**ဂုဏ်သိက္ခာ၊ မျှတမှု၊ တန်းတူညီမှု၊ လေးစားမှုနှင့် လွတ်လပ်မှုတို့ပေါ် အခြေခံ၍ ကျွန်ုပ်တို့၏ ဝန်ထမ်း၊ ကျွန်ုပ်တို့နှင့်အတူ လုပ်ကိုင်နေသူများနှင့် ကျွန်ုပ်တို့၏ လူမှုအသိုင်းအဝိုင်းများရှိ လူများ၏ လူ့အခွင့်အရေးများကို တက်ကြွစွာ ကာကွယ်ပေးပြီး ထိန်းသိမ်းပေးပါသည်။**

**အကူအညီဖြစ်သော အချက်အလက်များ**

လူ့အခွင့်အရေးများ ကြေညာချက်

ကုန်ကြမ်းပေးသွင်းသူ ကျင့်ဝတ်စည်းမျဉ်း

လူတစ်ဦးစီ၏ ရှိရင်းစွဲ တန်ဖိုးကို ကျွန်ုပ်တို့ အသိအမှတ်ပြုပါသည်။ ကျွန်ုပ်တို့သည် ကုလသမဂ္ဂ၏ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်းကို အားပေးထောက်ခံသလို ကျွန်ုပ်တို့၏ ကုန်ကြမ်းပေးသွင်းသူများကလည်း နိုင်ငံတကာတွင် ကြေညာထားသည့် လူ့အခွင့်အရေးများ ကာကွယ်ပေးမှုကို အားပေးထောက်ခံ၍ လေးစားလိုက်နာရမည်ဖြစ်ကာ လူ့အခွင့်အရေး ချိုးဖောက်မှုများတွင် လုံးဝ ပါဝင်ပတ်သက်မှု မရှိကြောင်း အာမခံရပါမည်။ ကျွန်ုပ်တို့၏ ကုန်ကြမ်းပေးသွင်းသူ ကျင့်ဝတ်စည်းမျဉ်းသည် **BlueScope** ၏ ကုန်ကြမ်းပေးသွင်းသူများအတွက် အနည်းဆုံးလိုက်နာရမည့် စံနှုန်းများကို သတ်မှတ်ပေးပါသည်။

## အတင်းအကျပ်စေခိုင်းမှု

ကျွန်ုပ်တို့၏ ဝန်ထမ်းများနှင့် ကျွန်ုပ်တို့နှင့်အတူ လုပ်ကိုင်သူများ၏ ကျန်းမာဖူလုံရေးနှင့် လူ့အခွင့်အရေးများကို တက်ကြွစွာ ကာကွယ်ပြီး ထိန်းသိမ်းပေးပါသည်။ အတင်းအကျပ် သို့မဟုတ် မလုပ်မနေခိုင်းစေမှု ပုံစံအားလုံးကို တိုက်ဖျက်ခြင်းအား ကျွန်ုပ်တို့ အားပေးထောက်ခံပါသည်။ အတင်းအကျပ်စေခိုင်းမှုနှင့် နီးနွယ်သော အန္တရာယ်များကို စဉ်ဆက်မပြတ် ဖော်ထုတ်ပြီး စီမံရေးအတွက် ကျွန်ုပ်တို့ ကတိပြုထားပြီး ကျွန်ုပ်တို့၏ကုန်ကြမ်းပေးသွင်းသူများကိုလည်း အလားတူ ဆောင်ရွက်စေလိုပါသည်။ ကျွန်ုပ်တို့၏ သံနိဋ္ဌာန်တွင် ဖော်ပြထားသည့် ပင်မ တန်ဖိုးများနှင့် ကျွန်ုပ်တို့၏ ကုန်ကြမ်းပေးသွင်းသူ ကျင့်ဝတ်စည်းမျဉ်းပါ အပြုအမူများနှင့် စံနှုန်းများအတိုင်း တူညီစွာ ကျင့်သုံးသည့် ကုန်ကြမ်းပေးသွင်းသူများနှင့် လက်တွဲလုပ်ကိုင်ရန် တက်ကြွစွာ ကြိုးပမ်းလျက်ရှိသည်။

## ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့များကို လေးစားခြင်း

ယဉ်ကျေးမှုဆိုင်ရာ ထိခိုက်လွယ်မှုကို ကျွန်ုပ်တို့ အမြဲ ပြသပြီး ကျွန်ုပ်တို့၏ အလုပ်ခွင်အားလုံးကို စီမံခန့်ခွဲရာတွင် ၎င်းကို ထည့်စဉ်းစားပါသည်။ ကျွန်ုပ်တို့ လုပ်ကိုင်သည့် နေရာတိုင်းမှ ဒေသခံတိုင်းရင်းသားများကို ကျွန်ုပ်တို့ လုပ်ကိုင်သည့်မြေ၏ မိရိုးဖလာ ပိုင်ရှင်များအဖြစ် အသိအမှတ်ပြုပါသည်။ ၎င်းတို့၏ ယဉ်ကျေးမှုနှင့် ထုံးတမ်းစဉ်လာများကို ထိန်းသိမ်းပိုင်ခွင့်အား ကျွန်ုပ်တို့ အားပေးထောက်ခံပါသည်။ ၎င်းတို့၏ ရိုးရာဓလေ့များကို ကျွန်ုပ်တို့ လေးစားပါသည်။


## **သင်ဘာလုပ်ရမလဲ။** ဒါတွေကတော့ သင်ကိုယ်တိုင် ကြုံရနိုင်ကြောင်း တွေ့မြင်နိုင်မည့် အဖြစ်အပျက် အချို့ပါ။




### အဖြစ်အပျက် ၁

**သင့်အလုပ်ခွင်သည် ကျွန်ုပ်တို့၏ ဝန်ထမ်းအင်အားစုကို ဖြည့်တင်းရန် ပြင်ပအဖွဲ့အစည်းကန်ထရိုက်နှင့် လုပ်သားခေါ်ယူရေး အေဂျင်စီကို အသုံးပြုသည်။ ပြင်ပအဖွဲ့အစည်းသည် နိုင်ငံခြားသား လုပ်သားများကို အလုပ်ခန့်ပြီး အလုပ်သမားတစ်ဦးက သူမ၏အလုပ်ရှင်က သူမ၏ ပတ်စ်ပို့ကို ယူထားကြောင်း ပြောပြလာပါသည်။ သင်ဘာလုပ်မလဲ။**

သင့်မန်နေဂျာ သို့မဟုတ် သင်၏ ဝန်ထမ်းရေးရာ အဖွဲ့ထံ သတင်းပေးပို့ရမည်။ အထောက်အထား စာရွက်များ သို့မဟုတ် ပတ်စ်ပို့ကို ထုတ်မပေးဘဲထားခြင်းမှာ အတင်းအကျပ်စေခိုင်းမှု၏ အမှတ်သင်္ကေတ ဖြစ်သည်။ ၎င်းက လူ့အခွင့်အရေးများကို ချိုးဖောက်ခြင်း ဖြစ်သည်။ သတင်းပို့လိုက်သည်နှင့် ကျွန်ုပ်တို့သည် အခြေအနေကို နားလည်ပြီး ဖြေရှင်းရန် ကုန်ကြမ်းပေးသွင်းသူနှင့်အတူ လုပ်ကိုင်နိုင်ပါသည်။



### အဖြစ်အပျက် 2

**တခြားနိုင်ငံတွင် ကလေးလုပ်သားကို အသုံးပြုခြင်းအတွက် စုံစမ်းစစ်ဆေးခံနေရသော ကျွန်ုပ်တို့၏ ကုန်ကြမ်းပေးသွင်းသူတစ်ဦးအကြောင်း မီဒီယာ သတင်းတင်ပြချက်ကို သင်မြင်တွေ့လိုက်ပါသည်။ ၎င်းက BlueScope နှင့် တိုက်ရိုက် မသက်ဆိုင်သော်လည်း သင့်အလုပ်ခွင်တွင် ၎င်းတို့၏ ထုတ်ကုန်များ အသုံးပြုနေသည်ကို သင်သိထားပါသည်။ သင်က တစ်ခုခု ပြောသင့်ပါသလား။**

ပြောသင့်သည်။ သင့်မန်နေဂျာ သို့မဟုတ် တရားရေးရာ အဖွဲ့က သတိမပြုမိသေးသည့်ဖြစ်ရပ်တွင် သင့်မန်နေဂျာ သို့မဟုတ် တရားရေးရာ အဖွဲ့ကို အသိပေးရပါမည်။ ၎င်းတို့က အခြေအနေကို လိုအပ်သလို တုံ့ပြန်ပေးနိုင်ပါမည်။ ကျွန်ုပ်တို့၏ ကုန်ပစ္စည်းထုတ်လုပ်ဖြန့်ချိမှု အဆင့်ဆင့်တွင် လုပ်ကိုင်နေသူအားလုံးအား ကျင့်ဝတ်ညီစွာ လုပ်ဆောင်စေလိုပြီး ကျွန်ုပ်တို့အနေဖြင့် လူအများ၏ လူ့အခွင့်အရေးများကို ကာကွယ်ပြီး တက်ကြွစွာ ထိန်းသိမ်းပေးပါသည်။

## မှန်သည့်အရာများကို ရွေးချယ်လုပ်ပါ

| အမြဲလုပ်ရန် | လုံးဝမလုပ်ရန် |
| --- | --- |
| ✅ တစ်စုံတစ်ယောက်၏ လူ့အခွင့်အရေးများကို ချိုးဖောက်မှုဖြစ်နိုင်သည့် သို့မဟုတ် အတင်းအကျပ်စေခိုင်းမှု ပါဝင်သည်ဟု သင်ယုံကြည်သည့် အရာအားလုံးကို သတင်းပေးပို့ပါ။ | ❌ ကျွန်ုပ်တို့၏ လူ့အခွင့်အရေးများအပေါ် ကတိပြုမှုများအတိုင်း ကျင့်သုံးခြင်းမရှိဘဲ အတင်းအကျပ်စေခိုင်းမှုကို အလေးထားဖြေရှင်းမပေးသည့် ကန်ထရိုက်တာများ၊ ကုန်ကြမ်းပေးသွင်းသူများ သို့မဟုတ် ဖောက်သည်များနှင့် လုပ်ကိုင်ခြင်း။ |

၀၃

# ကျွန်ုပ်တို့၏ လူမှုအသိုင်းအဝိုင်းနှင့် ပတ်ဝန်းကျင်ကို လေးစားပါသည်

### ခေါင်းစဉ်များ

- ကျွန်ုပ်တို့၏ လူမှုအသိုင်းအဝိုင်းများကို အားဖြည့်ပေးပါ
- ပတ်ဝန်းကျင်ကိုကာကွယ်ရာတွင် ကြိုတင်ပြင်ဆင်တတ်ပါစေ



MD နှင့် CEO ထံမှ အမှာစကား
ကျွန်ုပ်တို့၏ ရည်ရွယ်ချက်
ကျွန်ုပ်တို့၏ သံန္နိဋ္ဌာန်
အဲဒါက မှန်ရော မှန်ရဲ့လား။ အမြန် စစ်ဆေးမှု
ဖွင့်ဟထုတ်ပြောပါ
ကျွန်ုပ်တို့က ကျန်းမာရေးနှင့် ဘေးကင်းရေးအတွက် အလေးအနက်ထား ဆောင်ရွက်ပါသည်
ကျွန်ုပ်တို့က လူအများကို ဂုဏ်သိက္ခာရှိပြီး လေးစားမှုဖြင့် ဆက်ဆံပါသည်
ကျွန်ုပ်တို့သည် လူမှုအသိုင်းအဝိုင်းနှင့် ပတ်ဝန်းကျင်ကို လေးစားပါသည်
ကျွန်ုပ်တို့၏ လုပ်ငန်းကို ကာကွယ်ပေးပါသည်
ပံ့ပိုးမှု

# ကျွန်ုပ်တို့၏ လူမှုအသိုင်းအဝိုင်းများကို အားဖြည့်ပေးပါ

**ကျွန်ုပ်တို့၏ လူမှုအသိုင်းအဝိုင်းများက ကျွန်ုပ်တို့၏ အိမ်များဖြစ်ပါသည်၊ ၎င်းတို့ ရှင်သန်နိုင်ရေး အခွင့်အလမ်းများ ဖန်တီးပေးခြင်းဖြင့် ကျွန်ုပ်တို့က ၎င်းတို့ကို အင်အားဖြည့်ပေးရန် လုပ်ကိုင်နေပါသည်။ လူမှုအသိုင်းအဝိုင်းရှိလူအားလုံးကို လေးစားသမှုဖြင့် ဆက်ဆံပါသည်။**

**အကူအညီဖြစ်သော အချက်အလက်များ**
ကျွန်ုပ်တို့၏ လူမှုအသိုင်းအဝိုင်းများ၏ မူဘောင်ကို ခိုင်မာအားကောင်းစေခြင်း
HSEC မူဝါဒ

BlueScope သည် ကျွန်ုပ်တို့ လုပ်ငန်းလုပ်ကိုင်နေသည့် လူမှုအသိုင်းအဝိုင်းများစွာတွင် အရေးပါသော အလုပ်ရှင်နှင့် စီးပွားဖက်တစ်ဦး ဖြစ်ပါသည်။ ကျွန်ုပ်တို့က ဒေသခံများကို အလုပ်ခန့်အပ်ပြီး ဒေသန္တရ စီးပွားရေးများကို ပံ့ပိုးပါသည်။ ကျွန်ုပ်တို့အနေဖြင့် သင့်အား ဒေသန္တရ တန်ဖိုးများကို လေးစားစေလိုပြီး ကျွန်ုပ်တို့၏ လူမှုအသိုင်းအဝိုင်းများတွင် ပါဝင်မှုကို တိုက်တွန်းအားပေးပါသည်။

## ယုံကြည်မှုအပေါ် အခြေခံသည့် ရေရှည်တည်တံ့သော လက်တွဲလုပ်ကိုင်မှုများ တည်ဆောက်ခြင်း

ကျွန်ုပ်တို့၏ ဒေသန္တရ လူမှုအသိုင်းအဝိုင်းများ၏ မူဘောင်ကို ခိုင်မာအားကောင်းစေခြင်းသည် ကျွန်ုပ်တို့၏ လူမှုအသိုင်းအဝိုင်းများတွင် လုပ်ကိုင်နေပြီး ရှင်သန်နေထိုင်သည့် လူများ၏ ဘဝနေထိုင်ရေးကို တိုးတက်စေပြီး လုပ်ပိုင်ခွင့်ပေးနိုင်စေမည့် ရေရှည်တည်တံ့သော လက်တွဲလုပ်ကိုင်မှုများနှင့် အခွင့်အလမ်းများမှ တည်ဆောက်ပုံအပေါ် လမ်းညွှန်ပေးပါသည်။ သင့်လူမှုအသိုင်းအဝိုင်းရှိ လူတိုင်းကို လေးစားပြီး အပြန်အလှန်ဆက်ဆံရာတွင် အသိရှိစွာ ကြိုတင်ပြင်ဆင်လုပ်ဆောင်စေလိုပြီး ဒေသန္တရ လူမှုအသိုင်းအဝိုင်းများအပေါ် ကျွန်ုပ်တို့၏ အလုပ်များက သက်ရောက်စေနိုင်သည့် အပျက်သဘော သက်ရောက်မှုများကို ထည့်စဉ်းစားကာ အတတ်နိုင်ဆုံး လျှော့ချစေလိုပါသည်။

## လူမှုအသိုင်းအဝိုင်း တောင်းဆိုမှုများနှင့် အကြံပြုချက်ကို တုံ့ပြန်လုပ်ဆောင်ခြင်း

BlueScope တွင် သက်ဆိုင်ရာ ရာထူးများမှ ဝန်ထမ်းများ အရာရှိများသည် လူမှုအသိုင်းအဝိုင်းဆိုင်ရာ မေးခွန်းများ၊ ကမကထပြုရေး တောင်းဆိုမှုများနှင့် လုပ်ငန်းကိုယ်စား အကြံပြုချက်တို့ကို တုံ့ပြန်ဖြေဆိုခြင်းအတွက် တာဝန်ရှိပါသည်။ သင်က လူမှုအသိုင်းအဝိုင်းနှင့် သင်ကိုယ်တိုင် အပြန်အလှန် ဆက်ဆံမည်မဟုတ်လျှင် မေးခွန်းများကို လက်ခံစရာမလို သို့မဟုတ် အချက်အလက်များကို နားထောင်စရာမလိုဟု ပြောဆိုခြင်းမဟုတ်ပါ။ ကျွန်ုပ်တို့၏ လူမှုအသိုင်းအဝိုင်းက စိုးရိမ်မှုများ သို့မဟုတ် တောင်းဆိုမှုများကို တက်ကြွစွာ နားထောင်ပြီး မန်နေဂျာထံ သတင်းပေးပို့ရန်မှာ ကျွန်ုပ်တို့အားလုံး၏ တာဝန်ဖြစ်သည်။

## အတူတကွဆိုပါက ကျွန်ုပ်တို့ ထူးခြားအောင် လုပ်နိုင်ပါသည်

လူမှုအသိုင်းအဝိုင်း လှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်ရန် တိုက်တွန်းအားပေးပါသည်။ ပေးအပ်သည့် စေတနာ့ဝန်ထမ်း အခွင့်အလမ်းများတွင် ပါဝင်ရန် စဉ်းစားပါ။ ပိုကြီးမားသော အထောက်အပံ့ဖြစ်စေမည့် နည်းလမ်းများကို အကြံပြုပါ။

### မှန်သည့်အရာများကို ရွေးချယ်လုပ်ပါ

**အမြဲလုပ်ရန်**

- သင့်လုပ်ရပ်များက ကျွန်ုပ်တို့၏ လူမှုအသိုင်းအဝိုင်းများအပေါ် ဂယက်ရိုက်မှုများကို ထည့်စဉ်းစားပါ။
- လူမှုအသိုင်းအဝိုင်း၏ တိုင်ကြားချက်များ၊ အကြံပြုချက် သို့မဟုတ် တောင်းဆိုချက်များကို သင့်မန်နေဂျာထံ သတင်းပေးပို့ပါ။

**လုံးဝမလုပ်ရန်**

- လူမှုအသိုင်းအဝိုင်းရှိ လူတစ်ဦးထံမှ တိုင်ကြားချက်၊ အကြံပြုချက် သို့မဟုတ် တောင်းဆိုချက်ကို လျစ်လျူရှုခြင်း။

MD နှင့် CEO ထံမှ အမှာစကား
ကျွန်ုပ်တို့၏ ရည်ရွယ်ချက်
ကျွန်ုပ်တို့၏ သံန္နိဋ္ဌာန်
အဲဒါက မှန်ရော မှန်ရဲ့လား။ အမြန် စစ်ဆေးမှု
ဖွင့်ဟထုတ်ပြောပါ
ကျွန်ုပ်တို့က ကျန်းမာရေးနှင့် ဘေးကင်းရေးအတွက် အလေးအနက်ထား ဆောင်ရွက်ပါသည်
ကျွန်ုပ်တို့က လူအများကို ဂုဏ်သိက္ခာရှိပြီး လေးစားမှုဖြင့် ဆက်ဆံပါသည်
ကျွန်ုပ်တို့သည် လူမှုအသိုင်းအဝိုင်းနှင့် ပတ်ဝန်းကျင်ကို လေးစားပါသည်
ကျွန်ုပ်တို့၏ လုပ်ငန်းကို ကာကွယ်ပေးပါသည်
ပံ့ပိုးမှု

# ကျွန်ုပ်တို့၏ လူမှုအသိုင်းအဝိုင်းများကို အားဖြည့်ပေးပါ

**သင်ဘာလုပ်ရမလဲ။**

ဒါတွေကတော့ သင်ကိုယ်တိုင် ကြုံရနိုင်ကြောင်း တွေ့မြင်နိုင်မည့် အဖြစ်အပျက် အချို့ပါ။



### အဖြစ်အပျက် 1

**သင်၏အလုပ်တာဝန် ဖော်ပြချက်တွင် လူမှုအသိုင်းအဝိုင်းဆိုင်ရာ တာဝန်များ မပါဝင်ပါ။ သင်က အလုပ်ယူနီဖောင်းဝတ်၍ ဒေသတွင်း ကော်ဖီဆိုင်တွင် ရှိနေချိန်တွင် လူတစ်ဦးက ကျွန်ုပ်တို့၏ အလုပ်ခွင်မှ ထွက်သည့် ဆူညံသံများနှင့် ပတ်သက်ပြီး သင်ကို စတင်၍ တိုင်တန်းပါသည်။ သင်ဘာလုပ်သင့်လဲ။**

သင်က နားထောင်ပြီးနောက် ၎င်းတို့၏ တုံ့ပြန်အကြံပြုချက်ကို သီးသန့် သတင်းပေးပို့မည် ဖြစ်ကြောင်း ယဉ်ကျေးစွာ ပြန်ပြောပြပါ။ ၎င်းတို့၏ အဆက်အသွယ် အသေးစိတ်များကို သေချာ မေးမြန်းပေးပါ။ ၎င်းကို BlueScope ကမှန်ကန်သော လမ်းကြောင်းများမှ တစ်ဆင့် တုံ့ပြန်ပြီး ၎င်းတို့ထံ ပြန်လည် သတင်းပေးပို့ကြောင်း သေချာစေမည့် သင့်မန်နေဂျာထံ သတင်းအချက်အလက်ကို ချက်ချင်း ပေးပို့ပါ။



### အဖြစ်အပျက် 2

**သင်၏ ဒေသတွင်းရှိ ကျောင်းသည် ၎င်းတို့၏ မိုးလုံလေလုံ အဆောက်အအုံများနှင့် အားကစားကွင်းကို တိုးချဲ့ရန် အဆောက်အအုံနှင့် ဆောက်လုပ်ရေးအချို့ကို တာဝန်ယူဆောင်ရွက်နေပါသည်။ ၎င်းတို့က စတီးလ် ထုတ်ကုန်များဆိုင်ရာ အချက်အလက်များကို ရှာဖွေနေသည်ကို သင်ကြားခဲ့ပါသည်။ အဲဒါက သင့်နယ်မြေ မဟုတ်ပါ။ သင်က တစ်ခုခု လုပ်သင့်ပါသလား။**

လုပ်သင့်ပါသည်၊ ကျောင်းများက အကူအညီအချို့ လိုအပ်ကြောင်းကို သင့်လျော်သည့် BlueScope ကိုယ်စားလှယ်အား အသိပေးခြင်းဖြင့် သင့်ဒေသန္တရ လူမှုအသိုင်းအဝိုင်းကို ပါဝင်ကူညီပေးပါ။ သင့်လျော်သူက မည်သူဖြစ်သည်ကို သင်မသိပါက သင့်မန်နေဂျာနှင့် တိုင်ပင်ဆွေးနွေးပါ။

**အကူအညီဖြစ်သော အချက်အလက်များ**

ကျွန်ုပ်တို့၏ လူမှုအသိုင်းအဝိုင်းများ၏ မူဘောင်ကို ခိုင်မာအားကောင်းစေခြင်း

HSEC မူဝါဒ

MD နှင့် CEO ထံမှ အမှာစကား
ကျွန်ုပ်တို့၏ ရည်ရွယ်ချက်
ကျွန်ုပ်တို့၏ သံန္နိဋ္ဌာန်
အဲဒါက မှန်ရော မှန်ရဲ့လား။ အမြန် စစ်ဆေးမှု
ဖွင့်ဟထုတ်ပြောပါ
ကျွန်ုပ်တို့က ကျန်းမာရေးနှင့် ဘေးကင်းရေးအတွက် အလေးအနက်ထား ဆောင်ရွက်ပါသည်
ကျွန်ုပ်တို့က လူအများကို ဂုဏ်သိက္ခာရှိပြီး လေးစားမှုဖြင့် ဆက်ဆံပါသည်
ကျွန်ုပ်တို့သည် လူမှုအသိုင်းအဝိုင်းနှင့် ပတ်ဝန်းကျင်ကို လေးစားပါသည်
ကျွန်ုပ်တို့၏ လုပ်ငန်းကို ကာကွယ်ပေးပါသည်
ပံ့ပိုးမှု

# ပတ်ဝန်းကျင်ကိုကာကွယ်ရာတွင် ကြိုတင်ပြင်ဆင်တတ်ပါစေ

**BlueScope တွင် ကျွန်ုပ်တို့က ပတ်ဝန်းကျင်ကို လေးစားပါသည်။ သင့်အလုပ်၏ ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုဖြစ်နိုင်ခြေကို နားလည်ပြီး ထည့်စဉ်းစားစေလိုကာ ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်အပေါ် ကျန်ရစ်ခဲ့စေမည့် သက်ရောက်မှုကို ပိုမိုကောင်းမွန်စေမည့် အခွင့်အလမ်းများကို ရှာဖွေစေလိုပါသည်။**

**အကူအညီဖြစ်သော အချက်အလက်များ**

HSEC မူဝါဒ

HSE စံနှုန်းများနှင့် ဆက်စပ် လုပ်ထုံးများ

ပတ်ဝန်းကျင်အပေါ် ကျွန်ုပ်တို့၏ သက်ရောက်မှုကို လျှော့ချရန် ကြိုးပမ်းခြင်းသည် ကျွန်ုပ်တို့၏ ချဉ်းကပ်နည်းတွင် ကြိုတင်ပြင်ဆင်မှုရှိခြင်းနှင့် အန္တရာယ်များကို ဖယ်ရှားရန် ထိရောက်သော ထိန်းချုပ်မှုများကို အသုံးပြုခြင်းဟု ဆိုလိုသည်။ ၎င်းက ရင်းမြစ်များကို ထိရောက်စွာ အသုံးပြုခြင်း၊ ညစ်ညမ်းမှုကို လျှော့ချခြင်းနှင့် ကျွန်ုပ်တို့၏ လုပ်ငန်းများ၊ ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများ၏ ပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုကို လျှော့ချခြင်းဟုလည်း ဆိုလိုသည်။

## ပတ်ဝန်းကျင်ဆိုင်ရာ စံနှုန်းများနှင့် လုပ်ထုံးအားလုံးကို လိုက်နာပါ။

ကျွန်ုပ်တို့နှင့် လုပ်ကိုင်သည့် ဝန်ထမ်းအားလုံးနှင့် ပြင်ပအဖွဲ့အစည်းများအား ပတ်ဝန်းကျင်ဆိုင်ရာ သတ်မှတ်ချက်များအားလုံးကို လိုက်နာ၍ ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်ဆိုင်ရာ စံနှုန်းများနှင့် ဆက်စပ်သော လုပ်ထုံးများကို လိုက်နာစေလိုပါသည်။ ထိခိုက်မှုဖြစ်ရပ်များ သို့မဟုတ် ပတ်ဝန်းကျင်ဆိုင်ရာ အန္တရာယ် ဖြစ်နိုင်ခြေတိုင်းကို ချက်ချင်း သတင်းပေးပို့ခြင်းမှာလည်း အလွန်အရေးကြီးပါသည်။

## မျှော်လင့်ထားသည်ထက် ပို၍ကောင်းကောင်းလုပ်ပါ

ကြိုတင်ပြင်ဆင်ပြီး မျှော်လင့်ထားသည်အထက် ပို၍ကောင်းကောင်းလုပ်ရန် သင့်ကို တိုက်တွန်းပါသည်။ ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲရေးကို တိုးတက်စေမည့် နည်းလမ်းများကို တွေးတောပါ။ ပတ်ဝန်းကျင်ဆိုင်ရာ တာဝန်သိသိ စီမံခန့်ခွဲရေးနှင့် ပတ်သက်သော အကြံပြုချက်များ ပြုလုပ်ပြီး ဆွေးနွေးမှုများကို စတင်လုပ်ဆောင်ပါ။ အပြုသဘောဆောင်သော ပတ်ဝန်းကျင်ဆိုင်ရာ အမွေအနှစ်ကို ချန်ထားပေးရန်မှာ ကျွန်ုပ်တို့၏ တာဝန်ဖြစ်ပါသည်။

## ရာသီဥတု ပြောင်းလဲခြင်းကို ကိုင်တွယ်ဖြေရှင်းခြင်း

ကျွန်ုပ်တို့က ရာသီဥတုပြောင်းလဲမှုအတွက် အရေးယူဆောင်ရွက်၍ တောင့်တင်းခိုင်မာပြီး ရေရှည်တည်တံ့သော အနာဂတ်အတွက် ကျွန်ုပ်တို့၏ ပင်မလုပ်ငန်း တစ်စိတ်တစ်ပိုင်းအဖြစ် ကာဗွန်လျှော့ချရေးကို ထည့်သွင်းလုပ်ကိုင်ရန် ကတိပြုပါသည်။ မျှဝေပိုင်ဆိုင်သည့် သယံဇာတရင်းမြစ်များအပေါ် ကျွန်ုပ်တို့လုပ်ငန်း၏ သက်ရောက်မှုကို လျှော့ချရန် ဝန်ထမ်းအားလုံးအား အတူလုပ်ကိုင်စေလိုပါသည်။ ကျွန်ုပ်တို့၏ ဖန်လုံအိမ် ဓါတ်ငွေ့ ထုတ်လွှတ်မှုကို လျှော့ချရန် လုပ်ရှားမှုများကို ပံ့ပိုးပေးပြီး ကျွန်ုပ်တို့၏ ရာသီဥတု အန္တရာယ်များနှင့် အခွင့်အလမ်းများကို စီမံခန့်ခွဲရာတွင် ကြိုတင်ပြင်ဆင်လုပ်ဆောင်တတ်စေလိုပါသည်။

### မှန်သည့်အရာများကို ရွေးချယ်လုပ်ပါ

#### အမြဲလုပ်ရန်

- ✅ ကျွန်ုပ်တို့၏လုပ်ငန်းများ၊ ထုတ်ကုန်များနှင့် ဝန်ဆောင်မှုအားလုံးတွင် ရင်းမြစ်များကို ချင့်ချိန်ပြီး အကျိုးရှိရှိ အသုံးပြုမှုဖြင့် ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုကို အနည်းဆုံးလျှော့ချပါ။
- ✅ ကျွန်ုပ်တို့၏ လုပ်ငန်းနှင့်သက်ဆိုင်သူများ၏ စိုးရိမ်မှုများကို ထည့်စဉ်းစားပြီး၊ သင်ယူခဲ့သည့် သင်ခန်းစာများကို မျှဝေကာ ပတ်ဝန်းကျင်ဆိုင်ရာ ရလဒ်များကို အသင့်တော်ဆုံးဖြစ်စေမည့် အလေ့အထများကို တိုက်တွန်းအားပေးပါ။
- ✅ ကန်ထရိုက်တာ၊ ကုန်ကြမ်းပေးသွင်းသူ သို့မဟုတ် ဖောက်သည်တစ်ဦးနှင့် ချိတ်ဆက်မလုပ်ကိုင်မီ ၎င်းတို့၏ ပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများ၊ အန္တရာယ်များ၊ ထိန်းချုပ်မှုများနှင့် စွမ်းဆောင်ရည်ကို အကဲဖြတ်ပါ။

#### လုံးဝမလုပ်ရန်

- ❌ ကျွန်ုပ်တို့ လုပ်ကိုင်သည့် ပတ်ဝန်းကျင် သို့မဟုတ် လူမှုအသိုင်းအဝိုင်းများကို အန္တရာယ်ပြုသည့် နည်းလမ်းဖြင့် ပြုမူခြင်း။
- ❌ ထိရောက်သော ထိန်းချုပ်မှုများမရှိဘဲ လူအများနှင့် ပတ်ဝန်းကျင်ကို အန္တရာယ်နှင့် ကြုံတွေ့စေခြင်း။
- ❌ သင်မလုပ်လည်း အခြားတစ်စုံတစ်ယောက်က ပတ်ဝန်းကျင်ဆိုင်ရာ အန္တရာယ်ကို သတင်းပေးပို့လိမ့်မည်ဟု ယူဆခြင်း။

MD နှင့် CEO ထံမှ အမှာစကား
ကျွန်ုပ်တို့၏ ရည်ရွယ်ချက်
ကျွန်ုပ်တို့၏ သံန္နိဋ္ဌာန်
အဲဒါက မှန်ရောမှန်ရဲ့လား။ အမြန် စစ်ဆေးမှု
ဖွင့်ဟထုတ်ပြောပါ
ကျွန်ုပ်တို့က ကျန်းမာရေးနှင့် ဘေးကင်းရေးအတွက် အလေးအနက်ထားဆောင်ရွက်ပါသည်
ကျွန်ုပ်တို့က လူအများကို ဂုဏ်သိက္ခာရှိပြီး လေးစားမှုဖြင့် ဆက်ဆံပါသည်
ကျွန်ုပ်တို့သည် လူမှုအသိုင်းအဝိုင်းနှင့် ပတ်ဝန်းကျင်ကို လေးစားပါသည်
ကျွန်ုပ်တို့၏ လုပ်ငန်းကို ကာကွယ်ပေးပါသည်
ပံ့ပိုးမှု

# ပတ်ဝန်းကျင်ကိုကာကွယ်ရာတွင် ကြိုတင်ပြင်ဆင်တတ်ပါစေ

**သင်ဘာလုပ်ရမလဲ။**

ဒါတွေကတော့ သင်ကိုယ်တိုင် ကြုံရနိုင်ကြောင်း တွေ့မြင်နိုင်မည့် အဖြစ်အပျက် အချို့ပါ။



### အဖြစ်အပျက် 1

**ကျွန်ုပ်တို့၏ လျှပ်စစ်သုံးစွဲမှုကို လျှော့ချနိုင်သည့် နည်းလမ်းများဆိုင်ရာ အတွေးအမြင်အချို့ သင့်တွင်ရှိခဲ့သော်လည်း စိတ်ကူးများမှာ အလုမ်းကျယ်လွန်းကာ ကုန်ကျစရိတ်များခြင်း ဖြစ်စေနိုင်ပါသည်။ ၎င်းတို့ကို သင့်မန်နေဂျာနှင့် မျှဝေမည်လား။**

သေချာပါသည်။ အထူးသဖြင့် ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများကို အပြုသဘောဆောင်မည့် စိတ်ကူးများ အပါအဝင် စိတ်ကူးတိုင်းက မျှဝေထိုက်ပါသည်။ သင့်စိတ်ကူးက ကျွန်ုပ်တို့အား ကျွန်ုပ်တို့၏ ဖန်လုံအိမ် ဓါတ်ငွေ့ထုတ်လွှတ်မှုအတွက် တာရှည်ခံသော တိုးတက်ကောင်းမွန်မှုများ ဖန်တီးနိုင်စေပြီး BlueScope ၏ ရေရှည်တည်တံ့ရေး ပန်းတိုင်များကို အထောက်အပံ့ဖြစ်စေနိုင်ပါသည်။



### အဖြစ်အပျက် 2

**ဖို့မြေထဲသို့ ရောက်သွားမည့် တူညီသော အထွေထွေ အမှိုက်ပုံများထဲတွင် ကျွန်ုပ်တို့၏ စွန့်ပစ်ပစ္စည်းအားလုံးကို ထည့်လိုက်ပါက များစွာအချိန်ကုန်သက်သာစေမည်ကို သင်သတိပြုမိခဲ့သည်။ ထိုသို့လုပ်ဖို့က အဆင်ပြေပါသလား။**

ကျွန်ုပ်တို့၏ အလုပ်အကိုင်ဆိုင်ရာ ထိတွေ့မှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲရေး လုပ်ငန်းစဉ်များနှင့်အညီ ကျွန်ုပ်တို့သည် ကုန်ကြမ်းပစ္စည်းများ၊ ထုတ်ကုန်များနှင့် စွန့်ပစ်ပစ္စည်းများကို တာဝန်သိသော ပုံစံဖြင့် အမြဲတမ်း ဘေးကင်းစွာ ကိုင်တွယ်၊ သယ်ဆောင်ပြီး စီစဉ်သွားရပါမည်။ အဆိုပါ စွန့်ပစ်ပစ္စည်းကို စွန့်ပစ်ရာတွင် လူအများနှင့် ပတ်ဝန်းကျင်အပေါ် ကျွန်ုပ်တို့လုပ်ငန်း၏ သက်ရောက်မှုကို အနည်းဆုံးလျှော့ချရန် ရည်ရွယ်ချက်ကို ထည့်စဉ်းစားရမည်ဟု ဆိုလိုသည်။

**အကူအညီဖြစ်သော အချက်အလက်များ**

HSEC မူဝါဒ

HSE စံနှုန်းများနှင့် ဆက်စပ် လုပ်ထုံးများ

MD နှင့် CEO ထံမှ အမှာစကား

ကျွန်ုပ်တို့၏ ရည်ရွယ်ချက်

ကျွန်ုပ်တို့၏ သံန္နိဋ္ဌာန်

အဲဒါက မှန်ရော မှန်ရဲ့လား။ အမြန် စစ်ဆေးမှု

ဖွင့်ဟထုတ်ပြောပါ

ကျွန်ုပ်တို့က ကျန်းမာရေးနှင့် ဘေးကင်းရေးအတွက် အလေးအနက်ထားဆောင်ရွက်ပါသည်

ကျွန်ုပ်တို့က လူအများကို ဂုဏ်သိက္ခာရှိပြီး လေးစားမှုဖြင့် ဆက်ဆံပါသည်

**ကျွန်ုပ်တို့သည် လူမှုအသိုင်းအဝိုင်းနှင့် ပတ်ဝန်းကျင်ကို လေးစားပါသည်**

ကျွန်ုပ်တို့၏ လုပ်ငန်းကို ကာကွယ်ပေးပါသည်

ပံ့ပိုးမှု

၀၄

# ကျွန်ုပ်တို့၏ လုပ်ငန်းကို ကာကွယ်ပေးသည်






## ခေါင်းစဉ်များ

- မျှတစွာ၊ ကျင့်ဝတ်ညီစွာနှင့် ဥပဒေနှင့်ညီစွာ ပြိုင်ဆိုင်ပါ
- လာဘ်ထိုးမှုနှင့် အကျင့်ပျက်ခြစားမှုကို လက်မခံပါနှင့်
- ပြင်ပအဖွဲ့အစည်းများနှင့် လုပ်ကိုင်ရာတွင် သတိထားပါ
- BlueScope ၏ အကောင်းဆုံး အကျိုးစီးပွားများအတွက် ပြုမူလုပ်ကိုင်ပါ
- BlueScope ၏ ဥစ္စာ ပစ္စည်းကို ကာကွယ်ပါ
- အတွင်းရေး အချက်အလက်များကို ဥပဒေနှင့်အညီ တာဝန်သိစွာ သုံးပါ
- ကျွန်ုပ်တို့၏ အဖိုးတန်ပစ္စည်းများကို ကာကွယ်ပြီး ကျွန်ုပ်တို့၏ မှတ်တမ်းများကို ထိန်းသိမ်းပါ
- နည်းပညာကို တာဝန်သိသိဖြင့် အသုံးပြုပါ
- ကိုယ်ရေး အချက်အလက်ကို ကာကွယ်ပါ
- BlueScope ကို နည်းလမ်းမှန်ဖြင့် ကိုယ်စားပြုပါ

MD နှင့် CEO ထံမှ အမှာစကား

ကျွန်ုပ်တို့၏ ရည်ရွယ်ချက်

ကျွန်ုပ်တို့၏ သံန္နိဋ္ဌာန်

အဲဒါက မှန်ရော မှန်ရဲ့လား။ အမြန် စစ်ဆေးမှု

ဖွင့်ဟထုတ်ပြောပါ

ကျွန်ုပ်တို့က ကျန်းမာရေးနှင့် ဘေးကင်းရေးအတွက် အလေးအနက်ထား ဆောင်ရွက်ပါသည်

ကျွန်ုပ်တို့က လူအများကို ဂုဏ်သိက္ခာရှိပြီး လေးစားမှုဖြင့် ဆက်ဆံပါသည်

ကျွန်ုပ်တို့သည် လူမှုအသိုင်းအဝိုင်းနှင့် ပတ်ဝန်းကျင်ကို လေးစားပါသည်

ကျွန်ုပ်တို့၏ လုပ်ငန်းကို ကာကွယ်ပေးပါသည်

ပံ့ပိုးမှု

# မျှတစွာ၊ ကျင့်ဝတ်ညီစွာနှင့် ဥပဒေနှင့်ညီစွာ ပြိုင်ဆိုင်ပါ

ကျွန်ုပ်တို့က အမြဲတမ်း ဥပဒေနှင့်အညီ လုပ်ဆောင်ပါသည်။ ကျွန်ုပ်တို့က မျှတစွာ ယှဉ်ပြိုင်ပြီး မျှတ၍ ကျိုးကြောင်းဆီလျော်သော လုပ်ငန်း အလေ့အထများကို ထိန်းသိမ်းပါသည်။ ဘာကြောင့်လဲ။ ကျွန်ုပ်တို့ ယှဉ်ပြိုင်သည့်နည်းလမ်းက ကျွန်ုပ်တို့ ရရှိသည့် ရလဒ်များနည်းတူ အရေးကြီးသောကြောင့် ဖြစ်သည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများ၏ ဂုဏ်သိက္ခာအတွက် မားမားမတ်မတ် ရပ်တည်ပါသည်။

(ကုမ္ပဏီများက မိမိတို့၏အကျိုးအမြတ်အတွက် အချင်းချင်းယှဉ်ပြိုင်မှုအားနည်းအောင် ပူးပေါင်းထိန်းချုပ်မှု ဆန့်ကျင်ရေး ဥပဒေများဟုလည်း သိကြသည့်) ယှဉ်ပြိုင်ရေး ဥပဒေများကို ချိုးဖောက်ပါက ကျွန်ုပ်တို့၏ ဝန်ထမ်းများနှင့် BlueScope သည် ဒဏ်ငွေများ၊ ဂုဏ်သတင်းထိခိုက်မှုနှင့် ထောင်ကျခြင်း အပါအဝင် ကြီးလေးသော အကျိုးဆက်များကို ခံစားရနိုင်ပါသည်။

## မျှတစွာ ပြိုင်ဆိုင်ခြင်းနှင့် စည်းကမ်းချက်များကို လေးစားခြင်း

ကျွန်ုပ်တို့၏ အပြုအမူနှင့် လုပ်ငန်း ဆုံးဖြတ်ချက်များသည် ယှဉ်ပြိုင်ရေး ဥပဒေကို အမြဲလိုက်နာပြီး ချိုးဖောက်မှုပုံစံပေါ်သည့် အပြုအမူကိုပင် ရှောင်ကြဉ်ကြောင်း သေချာစေပါသည်။ ပွင့်လင်းသော ယှဉ်ပြိုင်မှုကို အမြဲ ကျင့်သုံးသောကြောင့် အားမာန်အပြည့်ဖြင့် မျှတစွာယှဉ်ပြိုင်ရင်း ဖောက်သည်များ၏ နှစ်သက်အားပေးမှုကို ရယူပါသည်။

ဖောက်သည်များ၊ ကုန်ကြမ်းပေးသွင်းသူများနှင့် ပြိုင်ဘက်များနှင့် ဆက်ဆံပြောဆိုရာတွင် ဂုဏ်သိက္ခာဖြင့် ပြုမူပြီး အခြားသော ထုတ်ကုန်များနှင့် ယှဉ်ပြိုင်ရေးနှင့် ရောင်းအားတိုးတက်ရေးဆိုသည့် ကျွန်ုပ်တို့၏ တရားဝင်ဖြစ်သော စီးပွားရေးဆိုင်ရာ ရည်ရွယ်ချက်အပေါ် အလေးထားပါသည်။ လိုအပ်သော လေ့ကျင့်ပို့ချမှု သင်တန်းတိုင်းကို တက်ရောက်ပြီး အခြေအနေတစ်ခုခုအတွက် သံသယရှိပါက တရားရေးရာ သို့မဟုတ် ကျင့်ဝတ်နှင့် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ထံမှ လမ်းညွှန်ချက်ရယူကာ ဖော်ပြပါအခြေအနေများတွင် တရားရေးရာ သို့မဟုတ် ကျင့်ဝတ်နှင့် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ထံ ဆက်သွယ်ပါသည်-

- ပြိုင်ဘက်သည် ပြိုင်ဆိုင်မှုကိုဆန့်ကျင်သော နည်းလမ်းဖြင့် ပြုမူနေပြီး မသင့်လျော်သော ဆက်သွယ်မှုကို စတင်ရန် ကြိုးပမ်းနေသည်ဟု ကျွန်ုပ်တို့ သံသယရှိပါက၊
- ပြိုင်ဆိုင်မှုအရ အလွန်အရေးကြီးသော အချက်အလက်ကို (ဖောက်သည်များ/ကုန်ကြမ်းပေးသွင်းသူများနှင့် ပုံမှန် ကုန်ကြမ်းပေးသွင်းမှု/ဝယ်ယူမှု အစီအစဉ်များပြင်ပတွင်) ပြိုင်ဘက်နှင့် တိုက်ရိုက်ဖြစ်စေ သို့မဟုတ် သွယ်ဝိုက်၍ ဖြစ်စေ ဖလှယ်ခြင်းမပြုမီ၊
- ထုတ်လုပ်ရေး၊ ပူးတွဲဝယ်ယူရေး ဈေးကွက်ရှာဖွေခြင်းနှင့် မျှဝေလုပ်ကိုင်သော ထောက်ပံ့ပို့ဆောင်ရေး အပါအဝင် ပြိုင်ဘက်နှင့် ပူးပေါင်းဆောင်ရွက်ရေး ပြင်ဆင်မှုအသစ်များကို ထည့်စဉ်းစားချိန်တွင်၊
- ကျွန်ုပ်တို့၏ယှဉ်ပြိုင်ရေး အပြုအမူနှင့် ပတ်သက်၍ တိုင်ကြားချက် တင်သွင်းလာပါက သို့မဟုတ်
- ယှဉ်ပြိုင်မှု စည်းကမ်းထိန်းသိမ်းရေးအဖွဲ့က ဆက်သွယ်လာပါက။

## ကျွန်ုပ်တို့၏ ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများ

ကျွန်ုပ်တို့၏ ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများအတွက် ဂုဏ်ယူစွာဖြင့် မားမားမတ်မတ် ရပ်တည်နေပါသည်။ တခြား အဖွဲ့များနှင့် ချိတ်ဆက်လုပ်ကိုင်ချိန်တွင် ထုတ်ကုန် ဘေးကင်းရေး စံနှုန်းများနှင့် အမြဲကိုက်ညီအောင် ဆောင်ရွက်ပြီး စားသုံးသူ အာမခံချက်များ သို့မဟုတ် အာမခံပေးမှုများကို လိုအပ်သလို ပံ့ပိုးပေးပါသည်။ ကျွန်ုပ်တို့၏ ထုတ်ကုန်များနှင့် ပတ်သက်၍ တိကျပြီး ပံ့ပိုးပေးနိုင်သော တောင်းဆိုချက်များကိုသာ ပြုလုပ်ပြီး မှားယွင်းသော သို့မဟုတ် အထင်မှားစေသော နည်းလမ်းဖြင့် မည်သည့်အခါမျှ ပြုမူမည်မဟုတ်ပါ။

ကုန်သွယ်မှုဆိုင်ရာ သင့်လျော်သော စည်းမျဉ်းများနှင့် သတ်မှတ်ချက်များအတွင်း အမြဲတမ်းလုပ်ကိုင်နေပါသည်။

ကောင်းမွန်သော အသိစိတ်ကို ဆန့်ကျင်ပြီး အလွန်ကြမ်းတမ်းစွာ ပြုမူလုပ်ကိုင်ခြင်း (တစ်နည်းအားဖြင့် လွန်လွန်မင်းမင်း အပြုအမူ) ကို ရှောင်ကြဉ်ပါသည်။

### မှန်သည့်အရာများကို ရွေးချယ်လုပ်ပါ

| အမြဲလုပ်ရန် | လုံးဝမလုပ်ရန် |
| --- | --- |
| ✔ သင်ပေးအပ်သည့် အချက်အလက်အားလုံး သို့မဟုတ် ကျွန်ုပ်တို့၏ ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများအတွက် သင်၏ ရှင်းလင်းတင်ပြချက်များမှာ တိကျမှန်ကန်ပြီး အထောက်အထားခိုင်လုံမှုရှိကြောင်း သေချာအောင် ဆောင်ရွက်ပါ။ | ✖ BlueScope၊ ကျွန်ုပ်တို့၏ ထုတ်ကုန်များ သို့မဟုတ် ပြိုင်ဘက်များအကြောင်း မှားယွင်းသော သို့မဟုတ် မတိကျသော အချက်အလက်များကို အသိပေးပြောကြားခြင်း မပြုရ။ |
| ✔ ဈေးညှိပိုင်ခွင့် လျော့နည်းသည့်လူများ အပါအဝင် လုပ်ငန်း ဆက်ဆံရေးအားလုံးတွင် မျှတပြီး ကျိုးကြောင်းညီညွတ်စွာ ပြုမူဆောင်ရွက်ပါ။ | ✖ ကျွန်ုပ်တို့က သို့မဟုတ် ပြိုင်ဘက်များက ကျွန်ုပ်တို့၏ စားသုံးသူများ၊ ကုန်ကြမ်းပေးသွင်းသူများသို့မဟုတ် တခြားလူများနှင့် ထိတွေ့ဆက်ဆံပုံနှင့် ပတ်သက်၍ ပြိုင်ဘက်များနှင့် အပေးအယူများ သို့မဟုတ် ကြိုတင်စီစဉ်မှုများ မပြုလုပ်ရပါ သို့မဟုတ် ပြုလုပ်ရန် မကြိုးစားရပါ။ |
| ✔ ကျွန်ုပ်တို့က အဖွဲ့ဝင်ဖြစ်သည့် လုပ်ငန်းနယ်ပယ် အသင်းအဖွဲ့များ၏ တန်ဖိုးများသည် ကျွန်ုပ်တို့၏ သံနိဋ္ဌာန်နှင့် ကျွန်ုပ်တို့၏ ကိုယ်ပိုင် လူအများသိအောင် ဖော်ပြထားသည့် ရပ်တည်မှုများနှင့် ကိုက်ညီကြောင်း သေချာပါစေ။ | ✖ ကျွန်ုပ်တို့၏ ဖောက်သည်များထံမှ ဈေးနှုန်းသတ်မှတ်မှုကို ဩဇာလွှမ်းမိုးရန် သို့မဟုတ် ထိန်းချုပ်ရန် မကြိုးစားရပါ။ |

**အကူအညီဖြစ်သော အချက်အလက်များ**

လုပ်ငန်းဌာန၏ ယှဉ်ပြိုင်ရေး ဥပဒေ စံနှုန်းများနှင့် လမ်းညွှန်ချက်များ

MD နှင့် CEO ထံမှ အမှာစကား
ကျွန်ုပ်တို့၏ ရည်ရွယ်ချက်
ကျွန်ုပ်တို့၏ သံနိဋ္ဌာန်
အဲဒါက မှန်ရောမှန်ရဲ့လား။ အမြန် စစ်ဆေးမှု
ဖွင့်ဟထုတ်ပြောပါ
ကျွန်ုပ်တို့က ကျန်းမာရေးနှင့် ဘေးကင်းရေးအတွက် အလေးအနက်ထား ဆောင်ရွက်ပါသည်
ကျွန်ုပ်တို့က လူအများကို ဂုဏ်သိက္ခာရှိပြီး လေးစားမှုဖြင့် ဆက်ဆံပါသည်
ကျွန်ုပ်တို့သည် လူမှုအသိုင်းအဝိုင်းနှင့် ပတ်ဝန်းကျင်ကို လေးစားပါသည်
ကျွန်ုပ်တို့၏ လုပ်ငန်းကို ကာကွယ်ပေးပါသည်
ပံ့ပိုးမှု

# မျှတစွာ၊ ကျင့်ဝတ်ညီစွာနှင့် ဥပဒေနှင့်ညီစွာ ပြိုင်ဆိုင်ပါ

**သင်ဘာလုပ်ရမလဲ။**

**ဒါတွေကတော့ သင်ကိုယ်တိုင် ကြုံရနိုင်ကြောင်း တွေ့မြင်နိုင်မည့် အဖြစ်အပျက် အချို့ပါ။**



### အဖြစ်အပျက် 1

**ပြိုင်ဘက်ကုမ္ပဏီအတွက် ယခုအလုပ်လုပ်နေသည့် ယခင် လုပ်ဖော်ကိုင်ဖက်တစ်ဦးက သင်တို့နှစ်ဦးစလုံး ယှဉ်ပြိုင်နေသည့် ဖောက်သည် တင်ဒါနှင့် ပတ်သက်ပြီး စုဝေးတွေ့ဆုံမှုတွင် သင့်အနားသို့ ချဉ်းကပ်လာပါသည်။ တစ်ဖက်ဖက်က ဈေးအလွန်အမင်း လျှော့မထားကြောင်း သေချာစေရန်အတွက် ဈေးနှုန်းသတ်မှတ်ချက်ဆိုင်ရာ အချက်အလက်အချို့ကို မျှဝေပြောဆိုနိုင်ရန် သူမက သင်နှင့်စကားပြောနိုင်မည့် အချိန်တစ်ခုကို ချိန်းဆိုချင်နေပါသည်။ သင်ဘာလုပ်သင့်လဲ။**

ယခုကဲ့သို့ ဆွေးနွေးမှု အမျိုးအစားက ဈေးနှုန်းသတ်မှတ်မှုအတွက် ကြိုတင်ပြင်ဆင်မှု သို့မဟုတ် သဘောတူညီမှုသို့ ဦးတည်စေနိုင်သောကြောင့် သင်မပါဝင်ရပါ။ ၎င်းမှာ တရားမဝင်ဘဲ ပုဂ္ဂိုလ်ရေးအရ သင့်အတွက်နှင့် BlueScope အတွက် သိသာသော နောက်ဆက်တွဲများ ဖြစ်စေနိုင်ပါသည်။ ချဉ်းကပ်မှုကို သင့်မန်နေဂျာ နှင့်/သို့မဟုတ် တရားရေးရာအဖွဲ့ထံ ချက်ချင်း သတင်းပေးပို့ရမည်။



### အဖြစ်အပျက် 2

**သင်က ဖောက်သည်အသစ်တစ်ဦး အမှန်တကယ် ရလိုနေပါသည်။ ကျွန်ုပ်တို့၏ ထုတ်ကုန်က ပိုကောင်းသည်ဟု ထင်မြင်စေရန်အတွက် ပြိုင်ဘက် ထုတ်ကုန်၏ အားနည်းသော အပိုင်းများကို ချဲ့ကားပြောပေးနိုင်သည်ဟု သင်က လုပ်ဖော်ကိုင်ဖက်တစ်ဦးကို အကြံပြုလိုသည်။ အဲဒါက လုပ်သင့်သည့် အရာ ဖြစ်ပါသလား။**

ပြိုင်ဘက်၏ ထုတ်ကုန်အကြောင်းကို မည်သည့်အခါမျှ မှားယွင်းစွာမဖော်ပြရပါ သို့မဟုတ် အထင်မှားစေသော ပြောဆိုမှုများ မလုပ်ရပါ။ ကျွန်ုပ်တို့ထုတ်ကုန်၏ အင်္ဂါရပ်များနှင့် ကောင်းကျိုးများကို ဂုဏ်ယူစွာဖြင့် ထောက်ခံပြောဆိုပြီး သင်ပြောသည့်အရာမှာ တိကျပြီး အထောက်အထားခိုင်လုံကြောင်း သေချာစေရမည်။ ပြိုင်ဘက်၏ ထုတ်ကုန်အကြောင်း ပြောဆိုချက်မှန်သမျှမှာ မှန်ကန်တိကျပြီး ချဲ့ကားမထားဘဲ အပြည့်အဝ သက်သေပြနိုင်သင့်သည်။ သင်မသေချာပါက တရားရေးရာအဖွဲ့ဝင် တစ်ဦးနှင့် ဆွေးနွေးပြောဆိုရမည်။

**အကူအညီဖြစ်သော အချက်အလက်များ**

လုပ်ငန်းဌာန၏ ယှဉ်ပြိုင်ရေး ဥပဒေ စံနှုန်းများနှင့် လမ်းညွှန်ချက်များ

MD နှင့် CEO ထံမှ အမှာစကား
ကျွန်ုပ်တို့၏ ရည်ရွယ်ချက်
ကျွန်ုပ်တို့၏ သံန္နိဋ္ဌာန်
အဲဒါက မှန်ရော မှန်ရဲ့လား။ အမြန် စစ်ဆေးမှု
ဖွင့်ဟထုတ်ပြောပါ
ကျွန်ုပ်တို့က ကျန်းမာရေးနှင့် ဘေးကင်းရေးအတွက် အလေးအနက်ထား ဆောင်ရွက်ပါသည်
ကျွန်ုပ်တို့က လူအများကို ဂုဏ်သိက္ခာရှိပြီး လေးစားမှုဖြင့် ဆက်ဆံပါသည်
ကျွန်ုပ်တို့သည် လူမှုအသိုင်းအဝိုင်းနှင့် ပတ်ဝန်းကျင်ကို လေးစားပါသည်
**ကျွန်ုပ်တို့၏ လုပ်ငန်းကို ကာကွယ်ပေးပါသည်**
ပံ့ပိုးမှု

# လာဘ်ထိုးမှုနှင့် အကျင့်ပျက်ခြစားမှုကို လက်မခံပါနှင့်

**ကျွန်ုပ်တို့ လုပ်ကိုင်သည့် အရာအားလုံးအတွက် ဂုဏ်သိက္ခာဖြင့် ဆောင်ရွက်ပါသည်။ BlueScope တွင် လာဘ်ထိုးမှုနှင့် အကျင့်ပျက်ခြစားမှု ပုံစံအားလုံးကို လက်မခံပါ။ မလျော်ကန်သော ငွေများကို ပေးခြင်း သို့မဟုတ် လက်ခံခြင်းကို မည်သည့်အခါမျှ မလုပ်ပါ။**

**အကူအညီဖြစ်သော အချက်အလက်များ**

နိုင်ငံရေးတွင် ပါဝင်ပတ်သက်မှု စံနှုန်း
လုပ်ငန်းဌာန လက်ဆောင်နှင့် ဧည့်ခံပြုစုရေး စံနှုန်း
သို့မဟုတ် တခြား ဒေသန္တရ လုပ်ငန်း လမ်းညွှန်ချက်များ

BlueScope တွင် တံစိုးလက်ဆောင်များကို မည်သည့်အခါမျှ လက်မခံသလို ပေးလည်းမပေးပါ။ မလျော်ကန်သော တစ်စုံတစ်ခုကို ပြုလုပ်စေလို၍ သို့မဟုတ် ရလဒ်ကို ခြယ်လှယ်လို၍ တစ်စုံတစ်ဦးအား လက်ဆောင်၊ ငွေ၊ ဆုလာဘ်၊ မသမာကြေး၊ လျှို့ဝှက်ကော်မရှင်ခ ပေးရန်ကမ်းလှမ်းခြင်း သို့မဟုတ် ပုဂ္ဂိုလ်ရေး အသားပေးခြင်းမှာ လာဘ်ထိုးမှုများ ဖြစ်သည်။ လုပ်ငန်း ရလဒ် သို့မဟုတ် အစိုးရပိုင်းဆိုင်ရာ ဆုံးဖြတ်ချက်ကို သေချာစေရန် သို့မဟုတ် ဩဇာလွှမ်းမိုးရန် ငွေ သို့မဟုတ် အလားတူအရာတစ်ခုခု ပေးခြင်းကို မည်သည့်အခါမျှ မပြုလုပ်ပါ။

## လက်ဆောင်များနှင့် ဧည့်ခံပြုစုမှု

လက်ဆောင်များတွင် ပစ္စည်းများနှင့် ဝန်ဆောင်မှုများ၊ ပုဂ္ဂိုလ်ရေး ဦးစားပေးမှုများ သို့မဟုတ် ဧည့်ဝတ်ကျေပွန်ရေးနှင့် ဧည့်ခံပြုစုရေး ကမ်းလှမ်းချက်များ ပါဝင်နိုင်သည်။ လက်ဆောင်များနှင့် ဧည့်ခံပြုစုမှုကို လက်ခံရရှိချိန် သို့မဟုတ် ပေးအပ်ချိန်တွင် ဂရုစိုက်ရမည်။ ကျွန်ုပ်တို့က မည်သည့်အခါမျှ လက်ဆောင်ကို လက်မခံခြင်း သို့မဟုတ် မပေးခြင်းဟု မဆိုလိုပါ၊ သို့သော် ၎င်းနောက်ကွယ်က ရည်ရွယ်ချက်များနှင့် ၎င်းတို့က ကျိုးကြောင်းဆီလျော်ခြင်း၊ သင့်လျော်ခြင်း သို့မဟုတ် လွန်ကဲသွားနိုင်ခြင်း ရှိ၊ မရှိကို သတိထားရန် လိုအပ်ပါသည်။ ငွေသား သို့မဟုတ် လက်ဆောင်ကတ်များ သို့မဟုတ် ကူပွန်များကဲ့သို့ ငွေသားနည်းတူအရာများကို မည်သည့်အခါမျှ လက်မခံရပါ သို့မဟုတ် မပေးအပ်ရပါ။

ဖျော်ဖြေမှုနှင့် ဧည့်ခံပြုစုမှုသည် သင့်လျော်သော တန်ဖိုးဖြစ်ရမည်ဖြစ်ပြီး ဆက်ဆံရေးနှင့် အခြေအနေအလိုက်ဖြစ်ကာ ဒေသန္တရ ဥပဒေအရ တရားဝင်ရမည်။ ကျွန်ုပ်တို့၏ လုပ်ငန်းဌာန လက်ဆောင်များနှင့် ဖျော်ဖြေရေး စံနှုန်းများ အပါအဝင် ကျွန်ုပ်တို့၏ မူဝါဒများနှင့် ကိုက်ညီရမည်။ ၎င်းက လုပ်ငန်း ဆက်ဆံရေးကို မည်သည့်နည်းနှင့်မျှ ကျိုးကြောင်းမလျော်ညီစွာ လွှမ်းမိုးခြင်း မရှိရပါ။

## နိုင်ငံရေးအတွက် ထည့်ဝင်လှူဒါန်းမှုများ

နိုင်ငံရေး ပါတီ၊ နိုင်ငံရေးသမား သို့မဟုတ် ပြည်သူ့ရုံးဌာနအတွက် ကိုယ်စားလှယ်လောင်းတစ်ဦးဦးကို မည်သည့်အခါမျှ ထောက်ခံခြင်း မရှိပါ။ စီးပွားရေးကိစ္စ အသေးစိတ်ရှင်းပြသည့် သို့မဟုတ် BlueScope အပေါ် သက်ရောက်နေသည့် ကိစ္စရပ်များကို ဆွေးနွေးရန် နိုင်ငံရေးပါတီများက ကျင်းပသည့် ပွဲများကို တက်ရောက်နိုင်သည်။ ကျွန်ုပ်တို့၏ နိုင်ငံရေးအတွက် ထည့်ဝင်လှူဒါန်းမှုများ စံနှုန်းနှင့်အညီ အဆိုပါ ပွဲများ တက်ရောက်ချိန်တွင် ကျိုးကြောင်းဆီလျော်သော ကုန်ကျစရိတ်များ ကျခံနိုင်ပါသည်။

## မှန်သည့်အရာများကို ရွေးချယ်လုပ်ပါ

### အမြဲလုပ်ရန်

- ✅ မသင့်လျော်သော သို့မဟုတ် တရားဥပဒေအရ ခွင့်ပြုမထားသော ငွေပေးချေမှု ပြုလုပ်ရန် သို့မဟုတ် အကျိုးခံစားခွင့်ပေးရန် သင့်အား (သို့မဟုတ် ကျွန်ုပ်တို့၏ လုပ်ငန်းမိတ်ဖက် တစ်ဦးထံ) တောင်းဆိုလာပါက သို့မဟုတ် ဖိအားပေးခံရသည်ဟု ခံစားရပါက သင်၏ မန်နေဂျာထံသို့ ချက်ချင်း သတင်းပေးပို့ရပါမည်။
- ✅ သင်၏ လုပ်ငန်းဌာန၏ စံနှုန်းများ သို့မဟုတ် တခြား လမ်းညွှန်ချက်နှင့်အညီ ပေးအပ်၊ လက်ခံ၊ ငြင်းပယ် သို့မဟုတ် ပြန်ပေးထားသည့် လက်ဆောင်များ၊ ဧည့်ခံပြုစုမှု သို့မဟုတ် ဖျော်ဖြေမှုအတွက် မှတ်တမ်းထားရှိပါ။
- ✅ ကျွန်ုပ်တို့၏ လုပ်ငန်း မိတ်ဖက်များသည် ကျွန်ုပ်တို့၏ မျှော်မှန်းချက်များကို နားလည်ပြီး လိုက်နာကြောင်း သေချာစေရမည်။

### လုံးဝမလုပ်ရန်

- ❎ BlueScope လုပ်ငန်းကို လွယ်ကူချောမွေ့အောင်လုပ်ရန် ကိုယ်ပိုင်ငွေများကို မသုံးရပါ။
- ❎ အကျိုးအမြတ်၊ အကျိုးခံစားခွင့်၊ ဝန်ဆောင်မှု သို့မဟုတ် အချက်အလက် အမှန်တကယ် ဖြစ်စေသည့် သို့မဟုတ် ဖြစ်စေသည်ဟု တွေးဆနိုင်စေသည့် ကိစ္စအတွက် အပြန်အလှန်ပေးအပ်သော လက်ဆောင်များ သို့မဟုတ် ဧည့်ခံပြုစုမှုကို လက်မခံပါနှင့်။
- ❎ ညှိနှိုင်းမှုများ သို့မဟုတ် တင်ဒါများပြုလုပ်စဉ် တန်ဖိုးရှိသည့် ပစ္စည်းကို မပေးရပါ သို့မဟုတ် လက်မခံရပါ။
- ❎ BlueScope ဝန်ထမ်းအားလုံး မရနိုင်သည့် လျှော့စျေးများ သို့မဟုတ် ကမ်းလှမ်းချက်များကို လက်မခံရပါ။
- ❎ ပြင်ပအဖွဲ့အစည်းထံမှ အခမဲ့ သို့မဟုတ် ထောက်ပံ့ပေးထားသော ခရီး သို့မဟုတ် တည်းခိုရန်အခန်းကို လက်မခံရပါ။

MD နှင့် CEO ထံမှ အမှာစကား
ကျွန်ုပ်တို့၏ ရည်ရွယ်ချက်
ကျွန်ုပ်တို့၏ သံန္နိဋ္ဌာန်
အဲဒါက မှန်ရော မှန်ရဲ့လား။ အမြန် စစ်ဆေးမှု
ဖွင့်ဟထုတ်ပြောပါ
ကျွန်ုပ်တို့က ကျန်းမာရေးနှင့် ဘေးကင်းရေးအတွက် အလေးအနက်ထား ဆောင်ရွက်ပါသည်
ကျွန်ုပ်တို့က လူအများကို ဂုဏ်သိက္ခာရှိပြီး လေးစားမှုဖြင့် ဆက်ဆံပါသည်
ကျွန်ုပ်တို့သည် လူမှုအသိုင်းအဝိုင်းနှင့် ပတ်ဝန်းကျင်ကို လေးစားပါသည်
ကျွန်ုပ်တို့၏ လုပ်ငန်းကို ကာကွယ်ပေးပါသည်
ပံ့ပိုးမှု

# လာဘ်ထိုးမှုနှင့် အကျင့်ပျက်ခြစားမှုကို လက်မခံပါနှင့်

**သင်ဘာလုပ်ရမလဲ။**

ဒါတွေကတော့ သင်ကိုယ်တိုင် ကြုံရနိုင်ကြောင်း တွေ့မြင်နိုင်မည့် အဖြစ်အပျက် အချို့ပါ။



### အဖြစ်အပျက် 1

**ကုန်ကြမ်းပေးသွင်းသူသည် သင့်အား အားကစားပွဲ လက်မှတ် ပေးပါသည်။ ဤကုန်ကြမ်းပေးသွင်းသူနှင့် တင်ဒါတင်ပြနေခြင်း သို့မဟုတ် စာချုပ် ညှိနှိုင်းနေခြင်းများ လောလောဆယ်တွင် မရှိသေးပါ။ သင်ဘာလုပ်သင့်လဲ။**

လက်မှတ်များ၏ တန်ဖိုးအပေါ် မူတည်၍ ၎င်းတို့ကို လက်မခံမီ သင့်မန်နေဂျာကို အသိပေးရန် နှင့်/သို့မဟုတ် ၎င်းတို့၏ အတည်ပြုချက် ရယူရန် လိုအပ်နိုင်သည်။ အဆိုပါ ဖိတ်ကြားမှုများကို လက်ခံခြင်းအတွက် သင့်လုပ်ငန်းဌာနရှိ သီးခြား သတ်မှတ်ချက်များကို စစ်ကြည့်ရမည်။



### အဖြစ်အပျက် 2

**အစိုးရအရာရှိသည် ကျွန်ုပ်တို့၏ တင်ဒါ တင်သွင်းမှုကို ပြန်လည်သုံးသပ်ရန် ထပ်ဆောင်း အဖိုးအခကို တောင်းဆိုထားသည်။ ၎င်းမှာ လုပ်ငန်း လုပ်ကိုင်ရာတွင် ပုံမှန်ဖြစ်ကြောင်းနှင့် ကျွန်ုပ်တို့ အောင်မြင်နိုင်မည်ကို အာမခံမပေးနိုင်သော်လည်း အသေးစိတ် ပြန်လည် သုံးသပ်ရန် သူ့တွင် အချိန်ပို၍ရသောကြောင့် ၎င်းမှာ ပို၍ အောင်မြင်မှုရှိသည့် ရလဒ် ဖြစ်လာနိုင်သည်ဟု သူကဆိုပါသည်။ ငွေပေးချေမှု ပြုလုပ်ရန် စီစဉ်ထားပါသလား။**

မစီစဉ်ပါ။ ဤငွေပေးချေမှုကို တံစိုးလက်ဆောင် သို့မဟုတ် အကျိုးလို၍ ညောင်ရေလောင်းခြင်းအဖြစ် ယူဆမည်ဖြစ်သောကြောင့် တားမြစ်ထားသည်။ တောင်းဆိုမှုကို ငြင်းပယ်ပြီး ကိစ္စရပ်ကို သင့်မန်နေဂျာထံ ချက်ချင်း အကြောင်းကြားရပါမည်။

**အကူအညီဖြစ်သော အချက်အလက်များ**

နိုင်ငံရေးတွင် ပါဝင်ပတ်သက်မှု စံနှုန်း
လုပ်ငန်းဌာန လက်ဆောင်နှင့် ဧည့်ခံပြုစုရေး စံနှုန်း
သို့မဟုတ် တခြား ဒေသန္တရ လုပ်ငန်း လမ်းညွှန်ချက်များ

MD နှင့် CEO ထံမှ အမှာစကား
ကျွန်ုပ်တို့၏ ရည်ရွယ်ချက်
ကျွန်ုပ်တို့၏ သံန္နိဋ္ဌာန်
အဲဒါက မှန်ရော မှန်ရဲ့လား။ အမြန် စစ်ဆေးမှု
ဖွင့်ဟထုတ်ပြောပါ
ကျွန်ုပ်တို့က ကျန်းမာရေးနှင့် ဘေးကင်းရေးအတွက် အလေးအနက်ထား ဆောင်ရွက်ပါသည်
ကျွန်ုပ်တို့က လူအများကို ဂုဏ်သိက္ခာရှိပြီး လေးစားမှုဖြင့် ဆက်ဆံပါသည်
ကျွန်ုပ်တို့သည် လူမှုအသိုင်းအဝိုင်းနှင့် ပတ်ဝန်းကျင်ကို လေးစားပါသည်
ကျွန်ုပ်တို့၏ လုပ်ငန်းကို ကာကွယ်ပေးပါသည်
ပံ့ပိုးမှု

# ပြင်ပအဖွဲ့အစည်းများနှင့် လုပ်ကိုင်ရာတွင် သတိထားပါ

**တစ်ခါတစ်ရံတွင် ဝန်ဆောင်မှုများ၊ သဘောတူစာချုပ်များကို ညှိနှိုင်းရန် သို့မဟုတ် BlueScope အတွက် လုပ်ငန်းအခွင့်အလမ်းများကို ဖန်တီးရန် ပြင်ပအဖွဲ့အစည်းများနှင့် ကျွန်ုပ်တို့ အတူတကွ လုပ်ကိုင်ပါသည်။ ပြင်ပအဖွဲ့အစည်းများကို ခန့်အပ်ရာတွင် ကျွန်ုပ်တို့အားလုံးက သတိဖြင့် လုပ်ကိုင်ရန် လိုအပ်သည်။ ၎င်းတို့က ကျင့်ဝတ်နှင့်ညီစွာ၊ ရိုးသားစွာ လုပ်ကိုင်ပြီး ကျွန်ုပ်တို့၏ တန်ဖိုးများနှင့် စည်းမျဉ်းများကို လက်ခံကျင့်သုံးကြောင်း သေချာစေရန် သုတေသနပြုလုပ်ရမည်ဟု ဆိုလိုသည်။**

ကျွန်ုပ်တို့နှင့် ချိတ်ဆက်လုပ်ကိုင်သည့် ပြင်ပအဖွဲ့အစည်းတိုင်းသည် ကျွန်ုပ်တို့အလုပ်လုပ်ကိုင်ပုံကို ရင်းနှီးကျွမ်းဝင်ပြီး ဤကျင့်ဝတ်စည်းမျဉ်းကို လိုက်နာရန် လိုအပ်ပါသည်။ ကျွန်ုပ်တို့တွင် ကုန်ကြမ်းပေးသွင်းသူများက လိုက်နာရမည့် ကုန်ကြမ်းပေးသွင်းသူ သီးသန့်ကျင့်ဝတ်စည်းမျဉ်းလည်း ရှိပါသည်။

မှားယွင်းသော ပြင်ပအဖွဲ့အစည်းကို ခန့်အပ်ခြင်းက BlueScope ၏ ဂုဏ်သတင်းကို ထိခိုက်စေနိုင်သည် သို့မဟုတ် ကျွန်ုပ်တို့နှင့် ကျွန်ုပ်တို့၏ ဝန်ထမ်းများကို ဥပဒေဆိုင်ရာ အရေးယူမှု သို့မဟုတ် အစိုးရ၏ အရေးယူမှုများ ခံရစေနိုင်ပါသည်။ သို့ဖြစ်ပါ၍ ကျွန်ုပ်တို့နှင့်အတူ လုပ်ကိုင်မည့် ပြင်ပအဖွဲ့အစည်းတိုင်းကို ဂရုတစိုက်ဖြင့် စိစစ်ရန် လိုအပ်ပါသည်။

## ပြင်ပအဖွဲ့အစည်းများကို ကျွန်ုပ်တို့က ဘယ်လိုမျိုး ဂရုတစိုက် အကဲဖြတ်ပါသလဲ။

ကျွန်ုပ်တို့က ၎င်းတို့၏ လုပ်နိုင်စွမ်းများနှင့် ဂုဏ်သတင်းကို အကဲဖြတ်ပြီး ၎င်းတို့က ကျွန်ုပ်တို့၏ သံန္နိဋ္ဌာန်၊ ကျင့်ဝတ်စည်းမျဉ်းနှင့် ကုန်ကြမ်းပေးသွင်းသူ ကျင့်ဝတ်စည်းမျဉ်းတို့ကို လိုက်နာအောင် သေချာလုပ်ဆောင်ပါမည်။ ကျွန်ုပ်တို့သည် သင့်လျော်သော အလေးထားစိစစ်ရေးကိုလည်း ဆောင်ရွက်ပြီး ၎င်းတို့ကို မခန့်အပ်မီ ကျွန်ုပ်တို့၏ မျှော်မှန်းချက်များကို ရှင်းလင်းစွာ အကြမ်းဖျင်း ပြောပြပါသည်။ BlueScope သည် အလုပ်ကို တိုက်ရိုက်လုပ်ကိုင်၍ မရနိုင်ဘဲ ဥပဒေအရ လုပ်ငန်း လိုအပ်ချက်ကို ခွဲခြားသိရှိပြီးချိန်တွင်သာ ပြင်ပအဖွဲ့အစည်းများကို ခန့်အပ်ပါသည်။

### မှန်သည့်အရာများကို ရွေးချယ်လုပ်ပါ

#### အမြဲလုပ်ရန်

- ✔ ကျွန်ုပ်တို့နှင့်အတူ လုပ်ကိုင်နေသည့် ပြင်ပအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်နှင့် ၎င်းတို့အပေါ် အများပြည်သူ၏ အမြင်သဘောထားကို ပုံမှန်စောင့်ကြည့်ရမည်။
- ✔ ပြင်ပအဖွဲ့အစည်းများအား ကျွန်ုပ်တို့၏ သံန္နိဋ္ဌာန်၊ ဤကျင့်ဝတ်စည်းမျဉ်းနှင့် ကုန်ကြမ်းပေးသွင်းသူ ကျင့်ဝတ်စည်းမျဉ်းတို့နှင့်အညီ လုပ်ကိုင်ရန် သဘောတူစေရမည်။

#### လုံးဝမလုပ်ရန်

- ✖ ပြင်ပအဖွဲ့အစည်းကို ဂရုတစိုက် စိစစ်အကဲဖြတ်ခြင်းနှင့် လိုအပ်သော အတည်ပြုချက်များ ရယူခြင်း မပြုဘဲ ခန့်အပ်ခြင်း မပြုရပါ။
- ✖ ပြင်ပအဖွဲ့အစည်းအား ဥပဒေနှင့်မညီစွာ၊ ကျင့်ဝတ်နှင့်မညီစွာ သို့မဟုတ် ကျွန်ုပ်တို့၏ကိုယ်စား မမှန်မကန်စွာ ပြုမူခွင့် မပြုရပါ။

**အကူအညီဖြစ်သော အချက်အလက်များ**

ကုန်ကြမ်းပေးသွင်းသူ ကျင့်ဝတ်စည်းမျဉ်း
ပြင်ပအဖွဲ့အစည်း၏ လုပ်ရပ်များကို အလေးထားစိစစ်ရေး မူဝါဒ
RDC စံနှုန်း အသုံးပြုမှု
ပြင်ပအဖွဲ့အစည်း အေးဂျင့်များ အသုံးပြုမှုဆိုင်ရာ လုပ်ငန်းဌာန၏ မူဝါဒ
လုပ်ငန်းဌာန၏ ကိုယ်စားလှယ် စစ်ဆေးရေး ကိရိယာ

MD နှင့် CEO ထံမှ အမှာစကား
ကျွန်ုပ်တို့၏ ရည်ရွယ်ချက်
ကျွန်ုပ်တို့၏ သံန္နိဋ္ဌာန်
အဲဒါက မှန်ရော မှန်ရဲ့လား။ အမြန် စစ်ဆေးမှု
ဖွင့်ဟထုတ်ပြောပါ
ကျွန်ုပ်တို့က ကျန်းမာရေးနှင့် ဘေးကင်းရေးအတွက် အလေးအနက်ထား ဆောင်ရွက်ပါသည်
ကျွန်ုပ်တို့က လူအများကို ဂုဏ်သိက္ခာရှိပြီး လေးစားမှုဖြင့် ဆက်ဆံပါသည်
ကျွန်ုပ်တို့သည် လူမှုအသိုင်းအဝိုင်းနှင့် ပတ်ဝန်းကျင်ကို လေးစားပါသည်
ကျွန်ုပ်တို့၏ လုပ်ငန်းကို ကာကွယ်ပေးပါသည်
ပံ့ပိုးမှု

# ပြင်ပအဖွဲ့အစည်းများနှင့် လုပ်ကိုင်ရာတွင် သတိထားပါ

**သင်ဘာလုပ်ရမလဲ။**


ဒါတွေကတော့ သင်ကိုယ်တိုင် ကြုံရနိုင်ကြောင်း တွေ့မြင်နိုင်မည့် အဖြစ်အပျက် အချို့ပါ။




### အဖြစ်အပျက် 1

**သင်သည် BlueScope အတွက် အစိုးရ အတည်ပြုချက်များ ရယူရန် ကြိုးပမ်းနေသည့် အဖွဲ့နှင့်အတူ လုပ်ကိုင်လျက်ရှိပါသည်။ ဒေသန္တရ အစိုးရ အရာရှိများသည် ၎င်းတို့နှင့်အတူ လုပ်ကိုင်ရန် ကိုယ်စားလှယ်တစ်ဦးကို ခန့်အပ်ဖို့ အကြံပြုလာပါသည်။ ကိုယ်စားလှယ်သည် ဒေသန္တရ စီးပွားရေးလုပ်ငန်း စံနှုန်းထက်များနေသည့် ဝန်ဆောင်ခများကို တောင်းဆိုထားသည်။ အဆိုပါ ကိုယ်စားလှယ်ကို ခန့်အပ်သင့်ပါသလား။**

ကိုယ်စားလှယ်ကို ပေးရသည့် အဖိုးအခသည် ဒေသန္တရ အစိုးရထံ ပေးရမည့် တံစိုးလက်ဆောင် သို့မဟုတ် လက်သိပ်ထိုးငွေတွင် မပါဝင်ကြောင်း သေချာစေရန် အလေးထားစိစစ်ရေးကို ဆောင်ရွက်ရမည်။ ထိုကိစ္စရပ်ကို သင်၏ ကျင့်ဝတ်များနှင့် စည်းကမ်းထိန်းသိမ်းရေးအပြင် တရားရေးရာအဖွဲ့နှင့်လည်း ဆွေးနွေးပြီး ဆက်လက်မလုပ်ဆောင်မီ လိုအပ်သော အတည်ပြုချက်အားလုံးကို ရယူကြောင်း သေချာစေရမည်။



### အဖြစ်အပျက် 2

**BlueScope ၏ ထုတ်ကုန်များကို ဆောက်လုပ်သူများထံ ကြော်ငြာပေးပြီး အကြံပြုမည့် အစီအစဉ်တွင် ဒေသန္တရ အစိုးရအား ပါဝင်ရန် သင်က စဉ်းစားနေပါသည်။ အပြန်အလှန်အားဖြင့် အေးဂျင့်သည် ရောင်းထွက်သွားသည့် BlueScope ထုတ်ကုန်အားလုံးအတွက် ကော်မရှင်ခ လက်ခံရရှိပါမည်။ ဤအစီအစဉ်တွင် သင်ပါဝင်သင့်ပါသလား။**

ကော်မရှင်ခ ပေးငွေ ပါဝင်နေသော ပြင်ပအဖွဲ့အစည်း၏ အစီအစဉ်များကို နိုင်ငံ ဥက္ကဋ္ဌ နှင့်/သို့မဟုတ် အမှုဆောင်အရာချုပ်တို့က အတည်ပြုပေးရမည်။ အဆိုပြုထားသော အေးဂျင့်အပေါ် အလေးထားစိစစ်ရေးကို ပြည့်ပြည့်စုံစုံ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရမည်ဖြစ်ပြီး ဆက်လက်မလုပ်ဆောင်မီ ကျင့်ဝတ်များနှင့် စည်းကမ်းထိန်းသိမ်းရေး ဌာနအပြင် တရားရေးရာအဖွဲ့ထံမှ လမ်းညွှန်ချက် ရယူရမည်။ အစီအစဉ်ကို အတည်ပြုလိုက်ပါက၊ အေးဂျင့်နှင့် ဆက်လက်လုပ်ကိုင်ရန်မှာ ကျွန်ုပ်တို့အတွက် သင့်လျော်ကြောင်း သေချာစေရန် အလေးထားစိစစ်ရေး (အနည်းဆုံး ၁၂ လလျှင် တစ်ကြိမ်) ကို ပုံမှန် လုပ်ဆောင်ရမည်။

**အကူအညီဖြစ်သော အချက်အလက်များ**

ကုန်ကြမ်းပေးသွင်းသူ ကျင့်ဝတ်စည်းမျဉ်း
ပြင်ပအဖွဲ့အစည်း၏ လုပ်ရပ်များကို အလေးထားစိစစ်ရေး မူဝါဒ
RDC စံနှုန်း အသုံးပြုမှု
ပြင်ပအဖွဲ့အစည်း အေးဂျင့်များ အသုံးပြုမှုဆိုင်ရာ လုပ်ငန်းဌာန၏ မူဝါဒ
လုပ်ငန်းဌာန၏ ကိုယ်စားလှယ် စစ်ဆေးရေး ကိရိယာ

MD နှင့် CEO ထံမှ အမှာစကား
ကျွန်ုပ်တို့၏ ရည်ရွယ်ချက်
ကျွန်ုပ်တို့၏ သံန္နိဋ္ဌာန်
အဲဒါက မှန်ရော မှန်ရဲ့လား။ အမြန် စစ်ဆေးမှု
ဖွင့်ဟထုတ်ပြောပါ
ကျွန်ုပ်တို့က ကျန်းမာရေးနှင့် ဘေးကင်းရေးအတွက် အလေးအနက်ထား ဆောင်ရွက်ပါသည်
ကျွန်ုပ်တို့က လူအများကို ဂုဏ်သိက္ခာရှိပြီး လေးစားမှုဖြင့် ဆက်ဆံပါသည်
ကျွန်ုပ်တို့သည် လူမှုအသိုင်းအဝိုင်းနှင့် ပတ်ဝန်းကျင်ကို လေးစားပါသည်
ကျွန်ုပ်တို့၏ လုပ်ငန်းကို ကာကွယ်ပေးပါသည်
ပံ့ပိုးမှု

# BlueScope ၏ အကောင်းဆုံး အကျိုးစီးပွား များအတွက် ပြုမူလုပ်ကိုင်ပါ

**ကျွန်ုပ်တို့၏ ပုဂ္ဂိုလ်ရေး အကျိုးစီးပွားများ သို့မဟုတ် ဆက်ဆံရေးဌာနက BlueScope ၏ အမြင့်မားဆုံးသော အကျိုးအမြတ်ရရှိရေးအတွက် ကျွန်ုပ်တို့၏ လုပ်ငန်းဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်နိုင်စွမ်းကို အနှောင့်အယှက်စေခြင်းကို ကျွန်ုပ်တို့က မည်သည့်အခါမျှ ခွင့်မပြုပါ။ သင် သို့မဟုတ် မိသားစုဝင်၊ သူငယ်ချင်း သို့မဟုတ် ဆွေမျိုးနီးစပ်၏ ပုဂ္ဂိုလ်ရေး အကျိုးစီးပွားများက အလုပ်တွင် သင်၏ ဝေဖန်ပိုင်းခြားနိုင်စွမ်း၊ ဓမ္မဓိဋ္ဌာန်ကျမှု သို့မဟုတ် လွတ်လပ်မှုအပေါ် သက်ရောက်မှုရှိနိုင်ခြေရှိသည့်အခါ အကျိုးစီးပွား ပဋိပက္ခ ဖြစ်ပေါ်လာနိုင်သည်။**

**အကူအညီဖြစ်သော အချက်အလက်များ**

လုပ်ငန်းဌာန၏ အကျိုးစီးပွား ပဋိပက္ခများ စံနှုန်း သို့မဟုတ် တခြား ဒေသန္တရ လုပ်ငန်း လမ်းညွှန်ချက်များ

အကျိုးစီးပွား ပဋိပက္ခ ဖြစ်စေသည့် အခြေအနေကို အတတ်နိုင်ဆုံး ရှောင်ကြဉ်ရမည်။

တစ်ခါတစ်ရံတွင် အကျိုးစီးပွား ပဋိပက္ခကို ရှောင်ကြဉ်မရနိုင်ပါ သို့မဟုတ် ထိုကိစ္စမျိုး ရှိနေသည်ကို သင်သေချာမသိနိုင်ပါ။ တစ်ခါတစ်ရံတွင် အကျိုးစီးပွား ပဋိပက္ခများသည် အမှန်တကယ် ပဋိပက္ခမဟုတ်ဘဲ ထင်မြင်ချက်သာ ဖြစ်နိုင်သည်။ သတင်းကောင်းမှာ အခြေအနေအများစုတွင် အကျိုးစီးပွား ပဋိပက္ခပုံစံအားလုံးကို သင့်မန်နေဂျာနှင့် ချက်ချင်း ပွင့်လင်းမြင်သာမှုအပြည့်ဖြင့် ဖြေရှင်းနိုင်ခြင်း ဖြစ်သည်။

## ဒါဆို အကျိုးစီးပွား ပဋိပက္ခက ဘယ်လိုပုံစံမျိုး ဖြစ်မလဲ။

အကျိုးစီးပွား ပဋိပက္ခများ ဥပမာအချို့တွင် ဖော်ပြပါအခြေအနေတို့အပြင် တခြားအရာများ ပါဝင်သည်-

- ဆွေမျိုး သို့မဟုတ် ခင်မင်သည့် သူငယ်ချင်းဖြစ်သည့် BlueScope ဝန်ထမ်း၏ အလုပ်အကိုင် အခြေအနေများအပေါ် လွှမ်းမိုးနိုင်သည့် ရာထူးဖြင့် လုပ်ကိုင်နေခြင်း၊
- သင့်မန်နေဂျာ သို့မဟုတ် သင်၏ လူသားရင်းမြစ်ကိုယ်စားလှယ်ကို ဖွင့်ဟမပြောဘဲ BlueScope ၏ အခြားဝန်ထမ်း (ဆွေမျိုး၊ အိမ်ထောင်ဖက် သို့မဟုတ် သင်နှင့် ကိုယ်ရေးကိုယ်တာ ဆက်ဆံရေးမျိုးရှိနေသူ အပါအဝင်) နှင့် ဆက်ဆံရေးတစ်ခု ရှိနေခြင်း။
- BlueScope နှင့် လုပ်ငန်းလုပ်ကိုင်သည့် သို့မဟုတ် ယှဉ်ပြိုင်နေသည့် ကုမ္ပဏီတွင် ပုဂ္ဂိုလ်ရေး အကျိုးစီးပွား ရှိထားခြင်း (တိုက်ရိုက် သို့မဟုတ် ဆွေမျိုး သို့မဟုတ် ခင်မင်ရသော သူငယ်ချင်းမှတစ်ဆင့်)၊
- BlueScope ရှိ သင်၏ရာထူးဖြင့် ထိရောက်စွာ လုပ်ကိုင်နိုင်မှုအပေါ် သက်ရောက်နိုင်သည့် BlueScope ပြင်ပတွင် အလုပ်လုပ်ကိုင်ခြင်း၊
- ပုဂ္ဂိုလ်ရေး အကျိုးအမြတ် သို့မဟုတ် မိသားစုဝင်၊ သူငယ်ချင်း သို့မဟုတ် ရင်းနှီးသော လုပ်ဖော်ကိုင်ဖက် အကျိုးအမြတ်ရစေရန်အတွက် BlueScope ရှိ သင့်ရာထူးကို သို့မဟုတ် BlueScope အခွင့်အလမ်း၊ ပိုင်ဆိုင်ပစ္စည်း သို့မဟုတ် အချက်အလက် တစ်စုံတစ်ရာကို အသုံးပြုခြင်း။

### မှန်သည့်အရာများကို ရွေးချယ်လုပ်ပါ

#### အမြဲလုပ်ရန်

- ✅ အမှန်တကယ် သို့မဟုတ် ထင်မြင်ခံရနိုင်သည့် အကျိုးစီးပွား ပဋိပက္ခကို ဖန်တီးမည့် အခြေအနေကို ရှောင်ရန် သင့်လျော်သော ဆောင်ရွက်ချက်အားလုံးကို လုပ်ဆောင်ပါ။
- ✅ မန်နေဂျာတစ်ယောက်အဖြစ် သင့်အဖွဲ့တွင်း ဖြစ်ပေါ်လာသည့် အကျိုးစီးပွား ပဋိပက္ခတိုင်းကို ချက်ချင်း မှတ်တမ်းတင်ပြီး အသင့်လျော်ဆုံးသော အရေးယူမှုလမ်းကြောင်းကို ဆုံးဖြတ်ပေးပါ။

#### လုံးဝမလုပ်ရန်

- ❌ သင့်မန်နေဂျာ၏ ကြိုတင် အတည်ပြုချက်မရှိဘဲ BlueScope ၏အကောင်းဆုံး အကျိုးစီးပွားများ ရရှိရန်လုပ်ရမည့် သင့်အလုပ်တာဝန်နှင့် ပဋိပက္ခဖြစ်စေနိုင်သည့် BlueScope ပြင်ပရှိ ရာထူးတစ်ခုခုကို လက်ခံခြင်း မပြုရပါ။
- ❌ သင်၏ ဓမ္မဓိဋ္ဌာန်ကျသော ဆုံးဖြတ်ချက်များ ချမှတ်နိုင်စွမ်းအပေါ် လွှမ်းမိုးနိုင်သည့် သို့မဟုတ် လွှမ်းမိုးနိုင်သည်ဟု တခြားလူများက အကျိုးသင့်အကြောင်းသင့် ထင်မြင်နိုင်သည့် လက်ဆောင်များ သို့မဟုတ် ဖျော်ဖြေမှုကို လက်ခံခြင်း သို့မဟုတ် ပေးအပ်ခြင်း မပြုရပါ။


MD နှင့် CEO ထံမှ အမှာစကား

ကျွန်ုပ်တို့၏ ရည်ရွယ်ချက်

ကျွန်ုပ်တို့၏ သံန္နိဋ္ဌာန်

အဲဒါက မှန်ရော မှန်ရဲ့လား။ အမြန် စစ်ဆေးမှု

ဖွင့်ဟထုတ်ပြောပါ

ကျွန်ုပ်တို့က ကျန်းမာရေးနှင့် ဘေးကင်းရေးအတွက် အလေးအနက်ထား ဆောင်ရွက်ပါသည်

ကျွန်ုပ်တို့က လူအများကို ဂုဏ်သိက္ခာရှိပြီး လေးစားမှုဖြင့် ဆက်ဆံပါသည်

ကျွန်ုပ်တို့သည် လူမှုအသိုင်းအဝိုင်းနှင့် ပတ်ဝန်းကျင်ကို လေးစားပါသည်

ကျွန်ုပ်တို့၏ လုပ်ငန်းကို ကာကွယ်ပေးပါသည်

ပံ့ပိုးမှု

# BlueScope ၏ အကောင်းဆုံး အကျိုးစီးပွား များအတွက် ပြုမူလုပ်ကိုင်ပါ

## သင်ဘာလုပ်ရမလဲ။

ဒါတွေကတော့ သင်ကိုယ်တိုင် ကြုံရနိုင်ကြောင်း တွေ့မြင်နိုင်မည့် အဖြစ်အပျက် အချို့ပါ။



### အဖြစ်အပျက် 1

**သင့်လက်တွဲဖော်၏ လုပ်ငန်းက BlueScope ပြုပြင်ထိန်းသိမ်းရေး သဘောတူစာချုပ် အတွက် တင်ဒါကို တင်ရာတွင် ပါဝင်မည်။ သင်က တင်ဒါ သို့မဟုတ် သင့်လက်တွဲဖော်၏ လုပ်ငန်းတွင် မည်သည့်နည်းနှင့်မျှ မပါဝင်ပါ။ ၎င်းကို သင်ထုတ်ပြောသင့်ပါသလား။**

ပြောသင့်ပါသည်၊ ၎င်းက သင့်အတွက် အကျိုးစီးပွား ပဋိပက္ခဟု ထင်မြင်ခံရနိုင်စေပါသည်။ သင့်လက်တွဲဖော်၏ တင်ဒါတွင် ပါဝင်ယှဉ်ပြိုင်လိုမှုကို သင်သတိပြုမိသည်နှင့် သင့်မန်နေဂျာထံ ချက်ချင်း သတင်းပေးပို့ခြင်းဖြင့် ပွင့်လင်းမြင်သာမှု ရှိစေလိုပါသည်။ သင့်လက်တွဲဖော်၏ လုပ်ငန်းကို ဆက်လက်၍ မျှတစွာ စဉ်းစားသွားပါမည်။ ၎င်းတို့အောင်မြင်မည်ဆိုပါက BlueScope အနေဖြင့် ၎င်းတို့နှင့် သင်၏ ဆက်စပ်မှုကို သတိပြုမိမည်ဖြစ်ပြီး ၎င်းတို့၏ ဆက်ဆံရေးကို လိုအပ်သလို စီမံခန့်ခွဲနည်းကိုလည်း သိရှိပါမည်။



### အဖြစ်အပျက် 2

**သင်က အရောင်းပိုင်းတွင် အလုပ်လုပ်သည်။ လုပ်ဖော်ကိုင်ဖက်ဟောင်းက သူ၏ ပြည်တွင်း ဆောက်လုပ်ရေး လုပ်ငန်းငယ်တွင် ရင်းနှီးမြှုပ်နှံဖို့ သင့်ကို ဖိတ်ခေါ်နေပါသည်။ ဤရင်းနှီးမြှုပ်နှံမှု မပြုလုပ်မီ သင့်မန်နေဂျာထံမှ အတည်ပြုချက် ရယူရမည်လား။**

ရယူရမည်။ BlueScope ၏ ထုတ်ကုန်များအတွက် ဆောက်လုပ်ရေး ကုမ္ပဏီ (သို့မဟုတ် ၎င်းတို့နှင့် ပြိုင်ဘက် အခြားကုမ္ပဏီ) က ပေးချေမှုများအပေါ် သင်က လွှမ်းမိုးနိုင်သောကြောင့် BlueScope ၏ အကောင်းဆုံး အကျိုးစီးပွားများအတွက် အမြဲတမ်း ပြုလုပ်ရမည့် သင့်တာဝန်နှင့် ဤရင်းနှီးမြှုပ်နှံမှုတို့ ပဋိပက္ခဖြစ်နိုင်ခြေ ရှိပါသည်။ ၎င်းမှာ ပြဿနာမဟုတ်လျှင်ပင် သင်သည် လုပ်ဖော်ကိုင်ဖက်ဟောင်း၏ ကုမ္ပဏီအတွက် အကျိုးစီးပွားအချို့ ဆောင်ရွက်ပေးနိုင်သည်ဟု တခြားလူများက အကျိုးသင့်အကြောင်းသင့် ထင်မြင်နိုင်ပါသည်။ ပဋိပက္ခကို စီမံခန့်ခွဲရန် နည်းလမ်းရှိ၊ မရှိကို သင့်မန်နေဂျာက ဆုံးဖြတ်ပါမည်။ ၎င်းကို ထိရောက်စွာ စီမံမခန့်ခွဲနိုင်ပါက BlueScope တွင် သင်ဆက်ရှိနေစဉ် လုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှု မပြုရပါ။

**အကူအညီဖြစ်သော အချက်အလက်များ**

လုပ်ငန်းဌာန၏ အကျိုးစီးပွား ပဋိပက္ခများ စံနှုန်း
သို့မဟုတ် တခြား ဒေသန္တရ လုပ်ငန်း လမ်းညွှန်ချက်များ

MD နှင့် CEO ထံမှ အမှာစကား

ကျွန်ုပ်တို့၏ ရည်ရွယ်ချက်

ကျွန်ုပ်တို့၏ သံန္နိဋ္ဌာန်

အဲဒါက မှန်ရော မှန်ရဲ့လား။ အမြန် စစ်ဆေးမှု

ဖွင့်ဟထုတ်ပြောပါ

ကျွန်ုပ်တို့က ကျန်းမာရေးနှင့် ဘေးကင်းရေးအတွက် အလေးအနက်ထား ဆောင်ရွက်ပါသည်

ကျွန်ုပ်တို့က လူအများကို ဂုဏ်သိက္ခာရှိပြီး လေးစားမှုဖြင့် ဆက်ဆံပါသည်

ကျွန်ုပ်တို့သည် လူမှုအသိုင်းအဝိုင်းနှင့် ပတ်ဝန်းကျင်ကို လေးစားပါသည်

ကျွန်ုပ်တို့၏ လုပ်ငန်းကို ကာကွယ်ပေးပါသည်

ပံ့ပိုးမှု

# BlueScope ၏ ဉာဏ်ပညာဖြင့် ဖန်တီးထားသော ပစ္စည်းကို ကာကွယ်ပါ

**BlueScope ၏ ဉာဏပစ္စည်းတွင် ကျွန်ုပ်တို့၏ စိတ်ကူးများ၊ ဖန်တီးမှုများ၊ တီထွင်ဆန်းသစ်မှုများ၊ ကုန်ထုတ်လုပ်မှုလျှို့ဝှက်ချက်များ၊ လျှို့ဝှက် အချက်အလက်များနှင့် တခြား ဒေတာများမှစ၍ ကျွန်ုပ်တို့၏ မှတ်ပုံတင်မူပိုင်များ၊ ဒီဇိုင်းများနှင့် ကုန်အမှတ်တံဆိပ်များအထိ ပါဝင်နိုင်ပါသည်။ ကျွန်ုပ်တို့က BlueScope ၏ ဉာဏ ပစ္စည်းကို အမြဲတမ်း ကာကွယ်ထားကာ ၎င်းတို့အား ခွင့်ပြုချက်မရှိဘဲ အသုံးပြုခြင်း မခံရစေရန် ပြုလုပ်ထားသည်။**

**အကူအညီဖြစ်သော အချက်အလက်များ**
ဉာဏ ပစ္စည်း မူဝါဒ
မှတ်တမ်းများ စီမံခန့်ခွဲရေး မူဝါဒ

BlueScope တွင် အလုပ်လုပ်နေစဉ် BlueScope ၏ ဉာဏပစ္စည်းကို သင်က သုံးစွဲခွင့်ရှိပါမည်။ ကျွန်ုပ်တို့နှင့် အလုပ်လုပ်နေစဉ်နှင့် လုပ်ပြီးနောက်တွင် ၎င်းတို့ကို သင်က ကာကွယ်ပေးမည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ တစ်စုံတစ်ခုက ဉာဏ ပစ္စည်း ဟုတ်၊ မဟုတ်မှာ အမြဲတမ်းတော့ မသိသာပါ။ ကျွန်ုပ်တို့၏ ဉာဏ ပစ္စည်း မူဝါဒကို ဖတ်ကြည့်ပြီး သင်၏ မန်နေဂျာနှင့် ဆွေးနွေးခြင်းဖြင့် စစ်ဆေးနိုင်ပါသည်။

## ဉာဏ ပစ္စည်းအကြောင်း သိထားရမည့် အရေးကြီးသော အကြောင်းအရာအချို့

BlueScope အတွက် လုပ်ကိုင်နေစဉ် သင်ဖန်တီးထားသည့် သို့မဟုတ် ဖန်တီးရန် ကူညီပေးခဲ့သည့် ဉာဏ ပစ္စည်းကို BlueScope က ပိုင်ဆိုင်ပါသည်။ BlueScope နှင့် လုပ်ကိုင်မှု ရပ်ဆိုင်းလိုက်သည်နှင့် သင်က ဤဉာဏပစ္စည်းကို မည်သည့်အခါမျှ အသုံးမပြုရပါ။ သင်က BlueScope ၏ ဉာဏ ပစ္စည်းကို အတည်ပြုချက်မရှိဘဲ မည်သည့်အခါမျှ လွှဲပြောင်း၊ ဖျက်ပစ် သို့မဟုတ် ဖယ်ရှား သို့မဟုတ် မျှဝေ၍ မရနိုင်ပါ။

တစ်ခါတစ်ရံတွင် ကျွန်ုပ်တို့နှင့်အတူ လုပ်ကိုင်နေသည့် ပြင်ပအဖွဲ့အစည်းများထံ ဉာဏ ပစ္စည်းကို ပံ့ပိုးပေးရန်လည်း လိုအပ်နိုင်သည်။ ဉာဏ ပစ္စည်း တစ်စုံတစ်ခုကို ပြင်ပအဖွဲ့အစည်းနှင့် မမျှဝေမီ သင့်လျော်သော အတည်ပြုချက်များကို ရယူရမည်။

ကျွန်ုပ်တို့၏ ကုန်ကြမ်းပေးသွင်းသူများ၊ ကန်ထရိုက်တာများ၊ ဖောက်သည်များနှင့် ပြိုင်ဘက်များ၏ ဉာဏ ပစ္စည်းကိုလည်း အလားတူ လေးစားမှုရှိရန်မှာလည်း အရေးကြီးပါသည်။

### မှန်သည့်အရာများကို ရွေးချယ်လုပ်ပါ

#### အမြဲလုပ်ရန်

- BlueScope ၏ ဉာဏ ပစ္စည်း သို့မဟုတ် တခြား လျှို့ဝှက် အချက်အလက်များကို BlueScope ပြင်ပရှိ တစ်စုံတစ်ယောက်ထံ မမျှဝေမီ သို့မဟုတ် ထုတ်မပေးမီ တရားရေးရာအဖွဲ့၏ အဖွဲ့ဝင်နှင့် ဆွေးနွေးပြောဆိုပါ။
- BlueScope ၏ စံသဘောတူစာချုပ်မှ သွေဖယ်ရန် လိုအပ်ပါက BlueScope ၏ စံသက်မှတ်ထားသောစာချုပ်များကို အသုံးချပါ သို့မဟုတ် တရားရေးရာအဖွဲ့၏ အထောက်အပံ့ကို ရယူပါ။

#### လုံးဝမလုပ်ရန်

- BlueScope နှင့် သင့်အလုပ်အကိုင် ရပ်ဆဲသွားသည်နှင့် BlueScope စာရွက်စာတမ်းများ၏ မိတ္တူများကို သိမ်းမထားရ။

MD နှင့် CEO ထံမှ အမှာစကား
ကျွန်ုပ်တို့၏ ရည်ရွယ်ချက်
ကျွန်ုပ်တို့၏ သံန္နိဋ္ဌာန်
အဲဒါက မှန်ရော မှန်ရဲ့လား။ အမြန် စစ်ဆေးမှု
ဖွင့်ဟထုတ်ပြောပါ
ကျွန်ုပ်တို့က ကျန်းမာရေးနှင့် ဘေးကင်းရေးအတွက် အလေးအနက်ထား ဆောင်ရွက်ပါသည်
ကျွန်ုပ်တို့က လူအများကို ဂုဏ်သိက္ခာရှိပြီး လေးစားမှုဖြင့် ဆက်ဆံပါသည်
ကျွန်ုပ်တို့သည် လူမှုအသိုင်းအဝိုင်းနှင့် ပတ်ဝန်းကျင်ကို လေးစားပါသည်
ကျွန်ုပ်တို့၏ လုပ်ငန်းကို ကာကွယ်ပေးပါသည်
ပံ့ပိုးမှု

# BlueScope ၏ ဉာဏ်ပညာဖြင့် ဖန်တီးထားသော ပစ္စည်းကို ကာကွယ်ပါ

**သင်ဘာလုပ်ရမလဲ။**

ဒါတွေကတော့ သင်ကိုယ်တိုင် ကြုံရနိုင်ကြောင်း တွေ့မြင်နိုင်မည့် အဖြစ်အပျက် အချို့ပါ။



### အဖြစ်အပျက် 1

**သင့်လုပ်ငန်းနယ်ပယ်နှင့်ပတ်သက်ပြီး အတွေ့အကြုံရှိသည့် အဖွဲ့ဝင်သစ်တစ်ဦး သင့်တွင် ရှိပါသည်။ အလားတူ ကုမ္ပဏီများနှင့် လုပ်ကိုင်နေသည့် သူမ၏ အတွေ့အကြုံ အချက်အလက်များကို မျှဝေပေးဖို့ သင်က တောင်းဆိုချင်စိတ်ရှိသည်။ သင်လုပ်နိုင်ပါသလား။**

အထွေထွေ ဗဟုသုတ သို့မဟုတ် အများပြည်သူ သိနိုင်သည်ဟု ယူဆသည့် သူ၏ ယခင် အလုပ်ရှင်များထံမှ အချက်အလက်များကိုသာ မျှဝေပေးဖို့ သင်က တောင်းဆိုနိုင်ပါသည်။ အတွင်းရေးလျှို့ဝှက်ချက်များ သို့မဟုတ် တခြား ဉာဏ ပစ္စည်းကဲ့သို့ သူမ၏ ယခင် အလုပ်ရှင်များထံမှ လျှို့ဝှက် အချက်အလက်များကို မျှဝေခွင့်မရှိပါ။



### အဖြစ်အပျက် 2

**သင်က ပြုပြင်ထိန်းသိမ်းရေး ကန်ထရိုက်တာအသစ်တစ်ဦးနှင့် စာချုပ်ချုပ်ဆိုခဲ့ပြီး ၎င်းတို့က ကျွန်ုပ်တို့၏ လုပ်ငန်းလက်စွဲစာအုပ်များကို ဝင်ကြည့်ခွင့် တောင်းဆိုခဲ့သည်။ ဤအချက်အလက်များသည် အများပြည်သူ သိရှိနိုင်သည့်အချက်များ မဟုတ်ပါ။ လက်စွဲစာအုပ်များကို ၎င်းတို့ထံ ပေးအပ်နိုင်ပါသလား။**

၎င်းတို့၏ အလုပ်ကို ဆောင်ရွက်ရန် လေ့ကျင့်ပို့ချရေး လက်စွဲစာအုပ်များကို ကြည့်ရှုရန် မလိုအပ်ပါက ၎င်းတို့ထံ လက်စွဲစာအုပ်များကို မပေးပါနှင့်။ လိုအပ်ပါက ၎င်းတို့၏ စာချုပ် စည်းမျဉ်းများတွင် အချက်အလက်များကို လျှို့ဝှက်ထားရန် တာဝန် ပါဝင်ခြင်းရှိမရှိ စစ်ဆေးပါ။ လက်စွဲစာအုပ်များကို 'လျှို့ဝှက်' အဖြစ် မှတ်သားထားကြောင်းနှင့် ကန်ထရိုက်တာအားလည်း ၎င်းတို့၏ လျှို့ဝှက်ထားရမည့် တာဝန်အကြောင်းကိုလည်း သေချာ သတိပေးပါ။ အချို့သော အခြေအနေများတွင် ကန်ထရိုက်တာထံမှ သီးခြား လျှို့ဝှက်ထားရှိရေး သဘောတူညီချက်ကို ရယူဆောင်ရွက်ထားရန် လိုအပ်နိုင်သည်။ သင့်အနေဖြင့် လုံးဝ မသေချာလျှင် သင်၏ ဒေသန္တရ ဝယ်ယူရေး အဖွဲ့များ၊ တရားရေးရာ အဖွဲ့များနှင့် ဆွေးနွေးပြောဆိုပါ။

**အကူအညီဖြစ်သော အချက်အလက်များ**

ဉာဏ ပစ္စည်း မူဝါဒ
မှတ်တမ်းများ စီမံခန့်ခွဲရေး မူဝါဒ

MD နှင့် CEO ထံမှ အမှာစကား
ကျွန်ုပ်တို့၏ ရည်ရွယ်ချက်
ကျွန်ုပ်တို့၏ သံန္နိဋ္ဌာန်
အဲဒါက မှန်ရောမှန်ရဲ့လား။ အမြန် စစ်ဆေးမှု
ဖွင့်ဟထုတ်ပြောပါ
ကျွန်ုပ်တို့က ကျန်းမာရေးနှင့် ဘေးကင်းရေးအတွက် အလေးအနက်ထား ဆောင်ရွက်ပါသည်
ကျွန်ုပ်တို့က လူအများကို ဂုဏ်သိက္ခာရှိပြီး လေးစားမှုဖြင့် ဆက်ဆံပါသည်
ကျွန်ုပ်တို့သည် လူမှုအသိုင်းအဝိုင်းနှင့် ပတ်ဝန်းကျင်ကို လေးစားပါသည်
ကျွန်ုပ်တို့၏ လုပ်ငန်းကို ကာကွယ်ပေးပါသည်
ပံ့ပိုးမှု

# အတွင်းရေး အချက်အလက်များကို ဥပဒေနှင့်အညီ တာဝန်သိစွာ သုံးပါ

**တစ်ခါတစ်ရံတွင် ကျွန်ုပ်တို့သည် BlueScope သို့မဟုတ် ကျွန်ုပ်တို့နှင့် ပြောဆိုဆက်ဆံနေသည့် ပြင်ပအဖွဲ့အစည်းများနှင့် ပတ်သက်သော အတွင်းရေး အချက်အလက်များဟု ယူဆသည့် အချက်အလက်များကို ရယူခွင့် ရှိပါမည်။ ကျွန်ုပ်တို့တွင် ၎င်းအချက်အလက်များကို ဥပဒေနှင့်ညီစွာ၊ တာဝန်သိစွာ အသုံးပြုရမည့် တာဝန်ရှိသည်။ ဘာကြောင့်လဲ။ ဤအချက်အလက်များကို အများပြည်သူထံ မျှဝေပေးလိုက်မည်ဆိုပါက ကျွန်ုပ်တို့၏ ရှယ်ယာ ဈေးနှုန်း သို့မဟုတ် တခြား ကုမ္ပဏီ ရှယ်ယာဈေးနှုန်းအပေါ် သိသိသာသာ သက်ရောက်မှု ဖြစ်စေနိုင်ပါသည်။**

**အကူအညီဖြစ်သော အချက်အလက်များ**

အစုရှယ်ယာလက်မှတ်များ ရောင်းချခြင်း မူဝါဒ

ကျွန်ုပ်တို့၏ ဝန်ထမ်းများအား BlueScope ရှယ်ယာများကို ကိုင်ထားစေလိုပြီး အတွင်းရေး အချက်အလက်များကိုလည်း ဥပဒေနှင့်ညီပြီး တာဝန်သိစွာ အသုံးပြုပေးစေလိုပါသည်။

ကျွန်ုပ်တို့၏ အစုရှယ်ယာလက်မှတ်များ ရောင်းချခြင်း မူဝါဒတွင် မရောင်းဝယ်မီကြိုတင် အတည်ပြုချက် ရယူရမည့်ချိန် အပါအဝင် BlueScope ရှယ်ယာများကို မည်သို့ အရောင်း၊ အဝယ်လုပ်နိုင်သည်ကို သတ်မှတ်ထားပါသည်။

## အတွင်းလူက အရောင်းအဝယ်လုပ်ခြင်းဆိုတာ ဘာလဲ။

အတွင်းလူက အရောင်းအဝယ်လုပ်ခြင်းဆိုသည်မှာ မည်သူမဆို ရောင်းဝယ်နိုင်သော ကုမ္ပဏီ၏ ရှယ်ယာများကို ရှယ်ယာဈေးနှုန်းအပေါ် သက်ရောက်မှုရှိနိုင်ပြီး အဆိုပါ ကုမ္ပဏီ၏ အများပြည်သူထံထုတ်ဖော်မထားသည့် အတွင်းရေး အချက်အလက်များကို လက်ဝယ်ရှိထားသူက အရောင်း၊ အဝယ်လုပ်ခြင်း ဖြစ်သည်။ ၎င်းသည် ဥပဒေကို ဆန့်ကျင်ခြင်း ဖြစ်သည်။ သင့်အလုပ်ကို ဆောင်ရွက်ရန် လိုအပ်သည့် အတိုင်းအတာအထိသာ BlueScope ၏ အချက်အလက်များကို အသုံးပြုပေးရန် မျှော်လင့်ပါသည်။

## သင်ဘာလုပ်ရမလဲ။ ဒါတွေကတော့ သင်ကိုယ်တိုင် ကြုံရနိုင်ကြောင်း တွေမြင်နိုင်မည့် အဖြစ်အပျက် အချို့ပါ။



### အဖြစ်အပျက် 1

**BlueScope သည် မကြာမီတွင် လုပ်ငန်းသစ်တစ်ခုကို ဝယ်ယူမည်ဟု သင်နားစွန်နားဖျား ကြားထားသည်။ မည်သည့်လုပ်ငန်း သို့မဟုတ် မည်မျှဖြင့် ဆိုသည်ကို သင်မသိပါ၊ ယခုအထိ မကြေညာသေးပါ။ ယင်းအချက်ပေါ် မူတည်၍ သင့်လက်တွဲဖော်အား BlueScope ရှယ်ယာများကို ဝယ်ခိုင်းလိုပါသည်။ အကြောင်းရင်း မပြောပြပါက ထိုသို့ လုပ်နိုင်ပါသလား။**

မလုပ်နိုင်ပါ၊ ၎င်းက အတွင်းရေး အချက်အလက် ဖြစ်နိုင်ပါသည်။ သင် သို့မဟုတ် သင့် လက်တွဲဖော်သည် BlueScope ရှယ်ယာများကို ဝယ်ယူရန် ဤအချက်အလက်များကို အသုံးပြုပါက ကျွန်ုပ်တို့၏ အစုရှယ်ယာလက်မှတ်များ ရောင်းဝယ်ခြင်း မူဝါဒနှင့် ပဋိပက္ခဖြစ်နိုင်ပြီး အတွင်းလူက အရောင်း၊ အဝယ်လုပ်ခြင်း ဥပဒေများကို ချိုးဖောက်ရာရောက်နိုင်သည်။



### အဖြစ်အပျက် 2

**BlueScope ရှယ်ယာများသည် ကောင်းမွန်သည့် ရေရှည် ရင်းနှီးမြှုပ်နှံမှု ဖြစ်သည်ကို အွန်လိုင်းတွင် သင်ဖတ်ရှုမိပြီး BlueScope ရှယ်ယာများကို ဝယ်ယူလိုပါသည်။ အဆိုပါ အချက်အလက်ပေါ် မူတည်၍ ထိုသို့ သင်လုပ်နိုင်ပါသလား။**

အများပြည်သူ သိရှိနိုင်သော အချက်အလက်များပေါ် အခြေခံ၍ ရောင်းဝယ်ခြင်းကို ခွင့်ပြုထားသော်လည်း BlueScope ၏ အစုရှယ်ယာလက်မှတ်များ ရောင်းဝယ်ခြင်း မူဝါဒကို သင်လိုက်နာရပါမည်။ သင်က တားမြစ်ထားခံရသူ ဖြစ်လျှင် BlueScope ၏ ရှယ်ယာများကို ‘ရောင်းဝယ်ရေး ကာလ’ အတွင်းနှင့် ကုမ္ပဏီ အတွင်းရေးမှူးထံမှ အတည်ပြုချက် ရယူပြီးမှသာ ဝယ်ယူနိုင်ပါသည်။

## မှန်သည့်အရာများကို ရွေးချယ်လုပ်ပါ

### အမြဲလုပ်ရန်

- သင့်ရာထူးအတွက် မလိုအပ်သည့် အတွင်းရေး အချက်အလက်ကို သင်သတိပြုမိပါက သင့်မန်နေဂျာနှင့် ဆွေးနွေးပါ။
- BlueScope ၏ ရှယ်ယာများကို အရောင်း၊ အဝယ်မပြုမီ BlueScope ၏ အစုရှယ်ယာလက်မှတ် ရောင်းဝယ်ရေး မူဝါဒကို ဖတ်ရှု၍ နားလည်ထားရပါမည်။

### လုံးဝမလုပ်ရန်

- BlueScope၊ ၎င်း၏ မိတ်ဖက်များ၊ ကုန်ကြမ်းပေးသွင်းသူများ၊ ဖောက်သည်များနှင့် ပြိုင်ဘက်များ၏ အများပြည်သူ ဝင်ကြည့်၍မရနိုင်သည့် အချက်အလက်များကို မျှဝေခြင်း မပြုရ။
- သင့်တွင် အတွင်းရေး အချက်အလက် ရှိနေချိန်တွင် BlueScope ၏ ရှယ်ယာများ သို့မဟုတ် တခြား ကုမ္ပဏီ၏ ရှယ်ယာများကို ဝယ်ယူခြင်း၊ ရောင်းချခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ရောင်းဝယ်ရေးတွင်ပါဝင်ခြင်း မပြုရ။
- တစ်စုံတစ်ယောက်အား သင့်တွင်ရှိသည့် အတွင်းရေး အချက်အလက်အပေါ် အခြေခံ၍ ကုမ္ပဏီ၏ ရှယ်ယာများကို ဝယ်ယူရန်၊ ရောင်းချရန် သို့မဟုတ် တစ်နည်းနည်းဖြင့် ရောင်းဝယ်မှုပြုလုပ်ရန် တိုက်တွန်းအားပေးခြင်းမပြုရပါ။

MD နှင့် CEO ထံမှ အမှာစကား
ကျွန်ုပ်တို့၏ ရည်ရွယ်ချက်
ကျွန်ုပ်တို့၏ သံန္နိဋ္ဌာန်
အဲဒါက မှန်ရော မှန်ရဲ့လား။ အမြန် စစ်ဆေးမှု
ဖွင့်ဟထုတ်ပြောပါ
ကျွန်ုပ်တို့က ကျန်းမာရေးနှင့် ဘေးကင်းရေးအတွက် အလေးအနက်ထား ဆောင်ရွက်ပါသည်
ကျွန်ုပ်တို့က လူအများကို ဂုဏ်သိက္ခာရှိပြီး လေးစားမှုဖြင့် ဆက်ဆံပါသည်
ကျွန်ုပ်တို့သည် လူမှုအသိုင်းအဝိုင်းနှင့် ပတ်ဝန်းကျင်ကို လေးစားပါသည်
ကျွန်ုပ်တို့၏ လုပ်ငန်းကို ကာကွယ်ပေးပါသည်
ပံ့ပိုးမှု

# ကျွန်ုပ်တို့၏ အဖိုးတန်ပစ္စည်းများကို ကာကွယ်ပြီး ကျွန်ုပ်တို့၏ မှတ်တမ်းများကို ထိန်းသိမ်းပါ

**BlueScope ၏ အဖိုးတန်ပစ္စည်းများ၊ ရင်းမြစ်များနှင့် အဆောက်အအုံများကို ကာကွယ်ပြီး ဂရုတစိုက် ကိုင်တွယ်ရပါမည်။**

အဖိုးတန်ပစ္စည်းများနှင့် ရင်းမြစ်များကို ၎င်းတို့၏ ရည်ရွယ်ချက်အတွက်နှင့် ကျွန်ုပ်တို့၏ အလုပ်များ လုပ်ကိုင်ရန် လိုအပ်သလိုသာ အသုံးပြုပါသည်။ ကျွန်ုပ်တို့က ပြည့်စုံ၊ တိကျပြီး အချိန်နှင့်တစ်ပြေးညီဖြစ်သော လုပ်ငန်း မှတ်တမ်းများကို ထိန်းသိမ်းထားရှိပါသည်။ ကျွန်ုပ်တို့၏ ပေးအပ်ထားသော လုပ်ပိုင်ခွင့်အတွင်းသာ ပြုမူလုပ်ဆောင်ပြီး ငွေပေးချေမှုများနှင့် လွှဲပြောင်းမှုများအတွက် အတည်ပြုချက် ရယူပါသည်။

## အဖိုးတန်ပစ္စည်းများနှင့် ရင်းမြစ်များ

ကျွန်ုပ်တို့သည် စက်ကိရိယာ၊ ကုန်လှောင်ရုံ၊ နည်းပညာ၊ ငွေကြေး၊ ဒေတာနှင့် လျှို့ဝှက် အချက်အလက်ကဲ့သို့ ကိုင်တွယ်နိုင်သောနှင့် ကိုင်တွယ်မရနိုင်သော ပိုင်ဆိုင်ပစ္စည်း အပါအဝင် ကျွန်ုပ်တို့၏ အဖိုးတန်ပစ္စည်းများနှင့် ရင်းမြစ်များအတွက် လိုအပ်သော ကြိုတင်ကာကွယ်မှုအားလုံးကို လုပ်ဆောင်ပါသည်။

## လျှို့ဝှက် အချက်အလက်များ

လျှို့ဝှက် အချက်အလက်များသည် BlueScope ၏ အဖိုးတန်ပစ္စည်း ဖြစ်သည်။ လျှို့ဝှက် အချက်အလက်များသည် ယေဘုယျအားဖြင့် အများပြည်သူက ဝင်မကြည့်နိုင်သည့် အချက်အလက်များ ဖြစ်သည်။ ၎င်းတို့တွင် အောက်ပါတို့ ပါဝင်ပါသည်-

- ကျွန်ုပ်တို့၏ အလုပ်တာဝန်ကို ဆောင်ရွက်ရန် လိုအပ်သည့် အတိုင်းအတာအထိသာ လျှို့ဝှက် အချက်အလက်များကို အသုံးပြုပြီး သိထားရန်လိုအပ်သည့် ဝန်ထမ်းများနှင့်သာ မျှဝေပါသည်၊
- ကြိုတင်၍ အတည်ပြုချက်ရယူမထားဘဲ လျှို့ဝှက် အချက်အလက်များကို ပြင်ပသို့ မထုတ်ဖော်ပါ၊
- လျှို့ဝှက် အချက်အလက်များကို ပြင်ပအဖွဲ့အစည်းနှင့် မျှဝေသောအခါ သင့်လျော်သော လျှို့ဝှက်ထားရေး တာဝန်များကို ချမှတ်ထားကြောင်း သေချာလုပ်ဆောင်ပါသည်။

## တိကျသော လုပ်ငန်းမှတ်တမ်းများ ထိန်းသိမ်းထားရှိခြင်း

နိုင်ငံအလိုက် စည်းကမ်းထိန်းသိမ်းရေး သတ်မှတ်ချက်များနှင့် ယေဘုယျအားဖြင့် လက်ခံထားသည့် စာရင်းအင်း စည်းမျဉ်းများနှင့်အညီ ငွေကြေးလွှဲပြောင်းမှုအားလုံးအတွက် ပြည့်စုံ၊ တိကျကာ အချိန်နှင့်တစ်ပြေးညီဖြစ်ပြီး စာရင်းစစ်နိုင်သော မှတ်တမ်းကို ထိန်းသိမ်းထားရှိပါသည်။ ၎င်းတို့တွင် အောက်ပါတို့ ပါဝင်ပါသည်-

- ကျွန်ုပ်တို့သည် အန္တရာယ်များကို လျှော့ချရန်နှင့် BlueScope အား အတုအလိမ်နှင့် ဆုံးရှုံးမှု ကာကွယ်ပေးရန် ဖန်တီးရေးဆွဲထားသည့် ငွေကြေးဆိုင်ရာ ထိန်းချုပ်ရေးများနှင့် လုပ်ငန်းစဉ်အားလုံးကို လိုက်နာပါသည်၊
- ငွေကြေး၊ လူသားရင်းမြစ်၊ လစာစာရင်းနှင့် ပတ်ဝန်းကျင်ဆိုင်ရာ မှတ်တမ်းများ အပါအဝင် BlueScope မှတ်တမ်းအားလုံးမှာ တိကျပြီး ကျွန်ုပ်တို့၏ မှတ်တမ်းများ စီမံခန့်ခွဲရေး မူဝါဒနှင့်အညီ စီမံခန့်ခွဲကြောင်း သေချာလုပ်ဆောင်ပါသည်။
- ကျွန်ုပ်တို့က ကုမ္ပဏီတွင်း ထိန်းချုပ်ရေးများနှင့် စာရင်းအင်း စံနှုန်းအားလုံးကိုလိုက်နာပါသည်၊
- ကျွန်ုပ်တို့က ကျခံသည့် သို့မဟုတ် အတည်ပြုသည့် အသုံးစရိတ်တိုင်းတွင် တရားဝင်လုပ်ငန်း ရည်ရွယ်ချက်ရှိကြောင်း သေချာစေပါသည်။

### မှန်သည့်အရာများကို ရွေးချယ်လုပ်ပါ

| အမြဲလုပ်ရန် | လုံးဝမလုပ်ရန် |
| --- | --- |
| ✓ BlueScope ၏ အဖိုးတန်ပစ္စည်းများ အလဟသဖြစ်ခြင်းနှင့် ပျက်စီးခြင်းကို ကာကွယ်ပေးရမည်။ | ✗ BlueScope ၏ အဖိုးတန်ပစ္စည်းများနှင့် ရင်းမြစ်များကို လိမ်လည်မှု၊ အလွဲသုံးစားလုပ်မှု သို့မဟုတ် တလွဲသုံးမှုတွင် မပါဝင်ရပါ။ |
| ✓ ခွင့်ပြုချက်မရှိသော ဝန်ထမ်းများအား ကျွန်ုပ်တို့၏ အဆောက်အအုံများ သို့မဟုတ် အဖိုးတန်ပစ္စည်းများကို ရယူအသုံးပြုခြင်းမှ တားမြစ်ပေးရမည်။ | ✗ ကြိုတင် ခွင့်ပြုချက် မရှိဘဲ သင့်အလုပ်ခွင်မှ ကုမ္ပဏီပိုင် အဖိုးတန်ပစ္စည်းများကို ဖယ်ရှားခြင်း မပြုရပါ။ |
| ✓ သင့်ကွန်ပျူတာခန်းနှင့် ဝေးရာသို့ ရောက်နေချိန်တွင် လျှို့ဝှက် အချက်အလက်များကို လုံခြုံစိတ်ချစွာ သိမ်းဆည်းထားပါ။ | ✗ သင့်မန်နေဂျာထံမှ အတည်ပြုချက် မယူဘဲ BlueScope ၏ ပိုင်ဆိုင်ပစ္စည်းကို ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ လှူဒါန်းခြင်း သို့မဟုတ် အသုံးပြုခြင်း မလုပ်ရ။ |
| | ✗ သင့်ကွန်ပျူတာခန်းနှင့် အဝေးသို့ ရောက်နေပါက သင့်ကွန်ပျူတာကို လော့ခ်ဖွင့်၍မထားခဲ့ပါနှင့်။ |
| | ✗ BlueScope ၏ လျှို့ဝှက် အချက်အလက်များကို တခြားလူများက မြင်တွေ့နိုင်သည့် အများပိုင်နေရာတွင် ဝင်ရောက်သုံးစွဲခြင်း မပြုပါနှင့်။ |

**အကူအညီဖြစ်သော အချက်အလက်များ**

ငွေကြေးဆိုင်ရာ အုပ်ချုပ်မှု အခြေခံစည်းမျဉ်း
လုပ်ငန်း၏ လုပ်ပိုင်ခွင့်အာဏာ လွှဲအပ်ခြင်း
လုပ်ငန်းဌာန၏ လုပ်ပိုင်ခွင့်အာဏာ လွှဲအပ်ခြင်း
ကုမ္ပဏီ ခရက်ဒစ်ကတ် မူဝါဒ
မှတ်တမ်းများ စီမံခန့်ခွဲရေး မူဝါဒ

MD နှင့် CEO ထံမှ အမှာစကား
ကျွန်ုပ်တို့၏ ရည်ရွယ်ချက်
ကျွန်ုပ်တို့၏ သံနိဋ္ဌာန်
အဲဒါက မှန်ရော မှန်ရဲ့လား။ အမြန် စစ်ဆေးမှု
ဖွင့်ဟထုတ်ပြောပါ
ကျွန်ုပ်တို့က ကျန်းမာရေးနှင့် ဘေးကင်းရေးအတွက် အလေးအနက်ထား ဆောင်ရွက်ပါသည်
ကျွန်ုပ်တို့က လူအများကို ဂုဏ်သိက္ခာရှိပြီး လေးစားမှုဖြင့် ဆက်ဆံပါသည်
ကျွန်ုပ်တို့သည် လူမှုအသိုင်းအဝိုင်းနှင့် ပတ်ဝန်းကျင်ကို လေးစားပါသည်
ကျွန်ုပ်တို့၏ လုပ်ငန်းကို ကာကွယ်ပေးပါသည်
ပံ့ပိုးမှု

# ကျွန်ုပ်တို့၏ အဖိုးတန်ပစ္စည်းများကို ကာကွယ်ပြီး ကျွန်ုပ်တို့၏ မှတ်တမ်းများကို ထိန်းသိမ်းပါ

**သင်ဘာလုပ်ရမလဲ။**

ဒါတွေကတော့ သင်ကိုယ်တိုင် ကြုံရနိုင်ကြောင်း တွေ့မြင်နိုင်မည့် အဖြစ်အပျက် အချို့ပါ။



### အဖြစ်အပျက် 1

**ကျွန်ုပ်တို့၏ ဖောက်သည်တစ်ဦးဦးထံ ရောင်းချ၍ မရနိုင်သည့် စတီးလ် အတိုအစအချို့ကို သင်သတိပြုမိသည်။ သင့်အိမ်ကို ယူသွားပြီး သင့်ကိုယ်ပိုင် ရည်ရွယ်ချက်များအတွက် အသုံးပြုနိုင်ပါသလား။**

အသုံးမပြုနိုင်ပါ။ ကိုယ်ရေးကိုယ်တာအတွက် အသုံးပြုရန် BlueScope အဖိုးတန်ပစ္စည်းအစအနများကို မဖယ်ရှားမီ သင့်မန်နေဂျာနှင့် စကားပြောပြီး ၎င်းတို့၏ အတည်ပြုချက်ရယူရန် လိုအပ်ပါသည်။ ၎င်းတို့ကို စွန့်ပစ်ထားသည်ဟု ထင်ရလျှင်ပင် BlueScope ၏ အဖိုးတန်ပစ္စည်းများကို ဖယ်ရှားခြင်းက ခိုးယူခြင်း ဖြစ်နိုင်ပါသည်။



### အဖြစ်အပျက် 2

**အလုပ်အတွက် ခရီးသွားနေစဉ် တည်းခိုခန်းအတွက် ငွေပေးချေရန် သင်၏ လုပ်ငန်းသုံး ခရက်ဒစ်ကတ်ကို အသုံးပြုလိုက်ပါသည်။ ခရီးကို တစ်ရက် ထပ်တိုးရန် ဆုံးဖြတ်လိုက်ပါသည်၊ ယင်းနေ့မှာ ကိုယ်ပိုင်နားရက် ဖြစ်သည်။ ခရီးစဉ်တစ်ခုလုံး၏ တည်းခိုနေထိုင်စရိတ်ကို လုပ်ငန်း အသုံးစရိတ်အဖြစ် တင်ပြရမည်လား။**

မတင်ပြရပါ။ လုပ်ငန်းသုံး ခရက်ဒစ်ကတ်များကို ကိုယ်ရေးကိုယ်တာ ရည်ရွယ်ချက်များအတွက် အသုံးမပြုနိုင်ပါ။ တရားဝင် လုပ်ငန်း ရည်ရွယ်ချက်ရှိသည့် အသုံးစရိတ်များအတွက်သာ တင်ပြ တောင်းဆိုနိုင်ပါသည်။

**အကူအညီဖြစ်သော အချက်အလက်များ**

ငွေကြေးဆိုင်ရာ အုပ်ချုပ်မှု အခြေခံစည်းမျဉ်း
လုပ်ငန်း၏ လုပ်ပိုင်ခွင့်အာဏာ လွှဲအပ်ခြင်း
လုပ်ငန်းဌာန၏ လုပ်ပိုင်ခွင့်အာဏာ လွှဲအပ်ခြင်း
ကုမ္ပဏီ ခရက်ဒစ်ကတ် မူဝါဒ
မှတ်တမ်းများ စီမံခန့်ခွဲရေး မူဝါဒ

MD နှင့် CEO ထံမှ အမှာစကား
ကျွန်ုပ်တို့၏ ရည်ရွယ်ချက်
ကျွန်ုပ်တို့၏ သံန္နိဋ္ဌာန်
အဲဒါက မှန်ရော မှန်ရဲ့လား။ အမြန် စစ်ဆေးမှု
ဖွင့်ဟထုတ်ပြောပါ
ကျွန်ုပ်တို့က ကျန်းမာရေးနှင့် ဘေးကင်းရေးအတွက် အလေးအနက်ထားဆောင်ရွက်ပါသည်
ကျွန်ုပ်တို့က လူအများကို ဂုဏ်သိက္ခာရှိပြီး လေးစားမှုဖြင့် ဆက်ဆံပါသည်
ကျွန်ုပ်တို့သည် လူမှုအသိုင်းအဝိုင်းနှင့် ပတ်ဝန်းကျင်ကို လေးစားပါသည်
ကျွန်ုပ်တို့၏ လုပ်ငန်းကို ကာကွယ်ပေးပါသည်
ပံ့ပိုးမှု

# နည်းပညာကို တာဝန်သိသိဖြင့် အသုံးပြုပါ

**ကျွန်ုပ်တို့နှင့်အတူ လုပ်ကိုင်နေသည့် ဝန်ထမ်းများ၊ ကန်ထရိုက်တာများနှင့် တခြားလူများအား ကျွန်ုပ်တို့၏ နည်းပညာကို ကာကွယ်ပေးပြီး ကျွန်ုပ်တို့၏ အလုပ်ခွင်များ၌ လုပ်ကိုင်သည်ဖြစ်စေ သို့မဟုတ် အဝေးမှ လုပ်ကိုင်သည်ဖြစ်စေ ၎င်းကို သင့်လျော်မှန်ကန်စွာ အသုံးပြုပေးစေလိုပါသည်။ ကျွန်ုပ်တို့၏နည်းပညာ၊ စနစ်များ သို့မဟုတ် ဒေတာများကို တလွဲအသုံးချခြင်းက BlueScope အား ဗိုင်းရပ်စ်များ၊ လုံခြုံရေး ကျိုးပေါက်မှုများနှင့် ပိုင်ဆိုင်ပစ္စည်း အခိုးခံရမှု သို့မဟုတ် ဆုံးရှုံးမှု အပါအဝင် လုပ်ငန်းဆိုင်ရာနှင့် ဂုဏ်သတင်းဆိုင်ရာ ထိခိုက်မှု ကြုံတွေ့စေပါသည်။**

ကျွန်ုပ်တို့ အသုံးပြုနိုင်သည့် BlueScope နည်းပညာနှင့် ဒေတာမှန်သမျှကို ကာကွယ်ပေးရန် ကျွန်ုပ်တို့အားလုံးတွင် တာဝန်ရှိပါသည်။ မသင့်လျော်သော အချက်အလက်ကို ပုံစံတစ်မျိုးမျိုး သို့မဟုတ် အပြင်အဆင်တစ်မျိုးမျိုးဖြင့် ဝင်ရောက်သုံးစွဲရန် BlueScope ၏ နည်းပညာကို အသုံးပြုခြင်းအား ကျွန်ုပ်တို့က တားမြစ်ပါသည်။ စိတ်ချရသည့် ရင်းမြစ်များမှ အီလက်ထရွန်နစ် အချက်အလက်ကိုသာ လက်ခံပေးစေလိုပါသည်။

## နည်းပညာကို ကိုယ်ရေးကိုယ်တာအတွက် အသုံးပြုမှု

BlueScope နည်းပညာ သို့မဟုတ် ရင်းမြစ်များကို အသုံးပြုခြင်းက ဖော်ပြပါအချက်နှင့် ကိုက်ညီမှသာ ကိုယ်ရေးကိုယ်တာအတွက် အကန့်အသတ်ဖြင့် အသုံးပြုခွင့် ပေးပါသည်-

- ပြင်ပလုပ်ငန်း ဆောင်ရွက်မှုများနှင့် မသက်ဆိုင်ပါက၊
- BlueScope အား လွန်ကဲသော စရိတ်များ ကျသင့်စေခြင်း မရှိပါက၊ သို့မဟုတ်
- BlueScope လုပ်ငန်း သို့မဟုတ် BlueScope ရှိ သင်၏ တာဝန်များနှင့် စွမ်းဆောင်ရည်ကို အနှောင့်အယှက်မဖြစ်စေပါက။

## မလျော်ကန်သော အချက်အလက်များ

ဖော်ပြပါ အကြောင်းအရာတို့ကို မလျော်ကန်သော အချက်အလက်များအဖြစ် သတ်မှတ်ထားသည်-

- ကာမစိတ်ဖြစ်စေသော သို့မဟုတ် အဖော်အချွတ်၊
- အကြမ်းဖက်မှု၊ အမုန်းတရား၊ လူမျိုးရေးခွဲခြားမှု သို့မဟုတ် အခြားလူများအပေါ် သည်းမခံမှုကို အားပေးသည့်၊
- ဥပဒေနှင့်မညီသော၊ ညစ်ညမ်းသော၊ ရှုံ့စရာ သို့မဟုတ် ရင့်သီးသော သို့မဟုတ်
- အများပြည်သူသိအောင် ထုတ်ဖော်ပြထားပါက BlueScope ကို အန္တရာယ်ဖြစ်စေနိုင်သည့်၊

ကျွန်ုပ်တို့၏ နည်းပညာနှင့် ဒေတာများကို တာဝန်သိစွာနှင့် ဥပဒေနှင့်ညီစွာ အသုံးပြုကြောင်း သေချာစေရန် ကျွန်ုပ်တို့၏ နည်းပညာ အဖိုးတန်ပစ္စည်းများကို ဝန်ထမ်းနှင့် ကန်ထရိုက်တာ၏ အသုံးပြုမှုကို စောင့်ကြည့်ပါမည်။

### မှန်သည့်အရာများကို ရွေးချယ်လုပ်ပါ

#### အမြဲလုပ်ရန်

- ✅ ခွင့်ပြုထားပြီး ကျိုးကြောင်းဆီလျော်သည့် ရည်ရွယ်ချက်များအတွက် နည်းပညာကို အသုံးပါ။
- ✅ BlueScope ၏ ဒေတာများနှင့် စက်များကို ခိုးယူမှုမှ ကာကွယ်ပေးပြီး သင့်စကားဝှက်များကို လုံခြုံစွာ ထားရှိပါ။
- ✅ BlueScope ၏ နည်းပညာ သို့မဟုတ် ဒေတာကို ခွင့်ပြုချက်မရှိဘဲ ဝင်ရောက်သုံးစွဲခြင်း သို့မဟုတ် ဝင်ရောက်သုံးစွဲရန် ကြိုးပမ်းခြင်းကို သင့်မန်နေဂျာထံ ချက်ချင်း သတင်းပေးပို့ပြီး BlueScopeCyberSecurityTeam@bluescope.comသို့ အီးမေးလ်ပို့ပါ
- ✅ လုပ်ငန်းမိတ်ဖက်တိုင်း၏ အချက်အလက်များ လျှို့ဝှက်ထားရေး၊ မှန်ကန်မှုနှင့် အသုံးပြုနိုင်မှုမှန်သမျှကို ကာကွယ်ပေးပါ။

#### လုံးဝမလုပ်ရန်

- ❌ လိုင်စင်မရှိသော သို့မဟုတ် ခွင့်ပြုမထားသော ဆော့ဖ်ဝဲ သို့မဟုတ် ဟာ့ဒ်ဝဲကို ဒေါင်းလုဒ်ဆွဲခြင်း သို့မဟုတ် ထည့်ခြင်း မပြုရ။
- ❌ သင့် BlueScope စနစ် စကားဝှက်များကို တခြားလူများနှင့် မမျှဝေပါနှင့်။
- ❌ အခြားလူများက သင့်အထောက်အထားများကို အသုံးပြု၍ BlueScope ၏ စနစ်များကို ဝင်ရောက်ခြင်းနှင့် ဝင်သုံးခြင်းအား ခွင့်မပြုရပါ။

**အကူအညီဖြစ်သော အချက်အလက်များ**

သတင်းအချက်အလက် လုံခြုံရေး မူဝါဒ

ဒေသန္တရ ဥပဒေများအရ လုပ်ငန်းဌာန၏ ကိုယ်ရေးအချက်အလက် လုံခြုံမှု စံနှုန်းများ

MD နှင့် CEO ထံမှ အမှာစကား
ကျွန်ုပ်တို့၏ ရည်ရွယ်ချက်
ကျွန်ုပ်တို့၏ သံန္နိဋ္ဌာန်
အဲဒါက မှန်ရော မှန်ရဲ့လား။ အမြန် စစ်ဆေးမှု
ဖွင့်ဟထုတ်ပြောပါ
ကျွန်ုပ်တို့က ကျန်းမာရေးနှင့် ဘေးကင်းရေးအတွက် အလေးအနက်ထား ဆောင်ရွက်ပါသည်
ကျွန်ုပ်တို့က လူအများကို ဂုဏ်သိက္ခာရှိပြီး လေးစားမှုဖြင့် ဆက်ဆံပါသည်
ကျွန်ုပ်တို့သည် လူမှုအသိုင်းအဝိုင်းနှင့် ပတ်ဝန်းကျင်ကို လေးစားပါသည်
ကျွန်ုပ်တို့၏ လုပ်ငန်းကို ကာကွယ်ပေးပါသည်
ပံ့ပိုးမှု

# နည်းပညာကို တာဝန်သိသိဖြင့် အသုံးပြုပါ

**သင်ဘာလုပ်ရမလဲ။**


ဒါတွေကတော့ သင်ကိုယ်တိုင် ကြုံရနိုင်ကြောင်း တွေ့မြင်နိုင်မည့် အဖြစ်အပျက် အချို့ပါ။




အဖြစ်အပျက် 1

**BlueScope အီးမေးလ် လိပ်စာနောက်တစ်ခုက ပို့လိုက်သည်ဟု ထင်ရသော်လည်း မသင်္ကာသည့် အီးမေးလ်တစ်စောင်ကို သင်လက်ခံရရှိပါသည်။ သင်ဘာလုပ်သင့်လဲ။**

ယင်းအီးမေးလ်မှာ စိတ်ချရသည့် ရင်းမြစ်မှ မဟုတ်နိုင်၍ ၎င်းတွင်ပါသည့် ပူးတွဲဖိုင်များကို မဖွင့်ပါနှင့်။ စုံစမ်းစစ်ဆေးနိုင်ရန် အီးမေးလ်ကို BlueScopeCyberSecurityTeam@bluescope.com သို့ ထပ်ဆင့်ပို့ပါ။




အဖြစ်အပျက် 2

**လုပ်ဖော်ကိုင်ဖက်တစ်ဦးသည် ဓာတ်ပုံများကို မျှဝေခြင်းနှင့် တခြားလူများကို မှတ်ချက်ပြုခြင်း အပါအဝင် ကိုယ်ရေးကိုယ်တာ အကျိုးစီးပွားများအတွက် အလုပ်တွင် အချိန်များစွာ အသုံးချနေသည်ကို သင်သတိပြုမိသည်။ သင်ဘာလုပ်သင့်လဲ။**

BlueScope အလုပ်ခွင်တွင် ကိုယ်ရေးကိုယ်တာအတွက် နည်းပညာကို အသုံးပြုမှုအား အကန့်အသတ်ဖြင့်သာ ခွင့်ပြုပါသည်။ သို့သော် အကြောင်းအရာနှင့် ပတ်သက်၍ အဆင်မပြေသလို ခံစားရပါက သို့မဟုတ် ၎င်းက ထိုသူ၏ အလုပ်လုပ်နိုင်စွမ်းအပေါ် ထိခိုက်နေပါက ထိုကိစ္စနှင့်ပတ်သက်၍ ၎င်းတို့နှင့် ဆွေးနွေးပြောဆိုရမည်။ သင်က သေချာမသိသေးလျှင် သင့်မန်နေဂျာနှင့်လည်း တိုင်ပင်ရမည် သို့မဟုတ် ၎င်းကို ကျွန်ုပ်တို့၏ ဖွင့်ဟထုတ်ပြောပါ မူဝါဒနှင့်အညီ သတင်းပေးပို့ပါ။

**အကူအညီဖြစ်သော အချက်အလက်များ**

သတင်းအချက်အလက် လုံခြုံရေး မူဝါဒ

ဒေသန္တရ ဥပဒေများအရ လုပ်ငန်းဌာန၏ ကိုယ်ရေးအချက်အလက် လုံခြုံမှု စံနှုန်းများ

MD နှင့် CEO ထံမှ အမှာစကား

ကျွန်ုပ်တို့၏ ရည်ရွယ်ချက်

ကျွန်ုပ်တို့၏ သံန္နိဋ္ဌာန်

အဲဒါက မှန်ရောမှန်ရဲ့လား။ အမြန် စစ်ဆေးမှု

ဖွင့်ဟထုတ်ပြောပါ

ကျွန်ုပ်တို့က ကျန်းမာရေးနှင့် ဘေးကင်းရေးအတွက် အလေးအနက်ထား ဆောင်ရွက်ပါသည်

ကျွန်ုပ်တို့က လူအများကို ဂုဏ်သိက္ခာရှိပြီး လေးစားမှုဖြင့် ဆက်ဆံပါသည်

ကျွန်ုပ်တို့သည် လူမှုအသိုင်းအဝိုင်းနှင့် ပတ်ဝန်းကျင်ကို လေးစားပါသည်

**ကျွန်ုပ်တို့၏ လုပ်ငန်းကို ကာကွယ်ပေးပါသည်**

ပံ့ပိုးမှု

# ကိုယ်ရေး အချက်အလက်ကို ကာကွယ်ပါ

ကျွန်ုပ်တို့၏ ဝန်ထမ်းများနှင့် ဖောက်သည်များ၏ ကိုယ်ပိုင် အချက်အလက်များကို တာဝန်သိစွာ၊ ဥပဒေနှင့် ညီစွာနှင့် လေးစားမှုရှိစွာ ကိုင်တွယ်ဖြေရှင်းခြင်းဖြင့် ကိုယ်ရေးအချက်အလက် လုံခြုံမှုကို ကျွန်ုပ်တို့ ကာကွယ် ပေးပါသည်။

**အကူအညီဖြစ်သော အချက်အလက်များ**

လုပ်ငန်းဌာန၏ ကိုယ်ရေးအချက်အလက် လုံခြုံမှု မူဝါဒ

သတင်းအချက်အလက် လုံခြုံရေး မူဝါဒ

မှတ်တမ်းများ စီမံခန့်ခွဲရေး မူဝါဒ

BlueScope တွင် ကျွန်ုပ်တို့သည် တခြားလူများ၏ ကိုယ်ရေး အချက်အလက်ကို လေးစားပြီး တလွဲသုံးမှု၊ ဆုံးရှုံးမှုနှင့် ခွင့်ပြုချက်မရှိဘဲ ဝင်ရောက်သုံးစွဲမှု သို့မဟုတ် ထုတ်ဖော်မှုမှ ကာကွယ်ပေးထားပါသည်။

## ကိုယ်ရေး အချက်အလက်ကို စုဆောင်းခြင်း

ကျွန်ုပ်တို့၏ လုပ်ငန်းကို ဆောင်ရွက်ရန် လိုအပ်သည့်အချိန်နှင့် နေရာတွင် လူတစ်ဦးချင်း၏ သဘောတူညီချက်ဖြင့်သာ ကိုယ်ရေး အချက်အလက် (လူတစ်ဦးကို မည်သူမည်ဝါ ခွဲခြားသိစေမည့် အချက်အလက်) ကို ထိုသူ၏ သဘောတူညီချက်ဖြင့် စုဆောင်းပါသည်။ ကျွန်ုပ်တို့ ဆုပ်ကိုင်ထားသည့် ကိုယ်ရေး အချက်အလက်မှာ တိကျပြီး မှန်ကန်ကြောင်း သေချာစေရန် အမြဲတမ်း အဆင့်ဆင့် လုပ်ဆောင်ပါသည်။ ကိုယ်ရေး အချက်အလက်ကို ကျွန်ုပ်တို့ စုဆောင်းခဲ့သည့် လုပ်ငန်း ရည်ရွယ်ချက်အတွက်မှလွဲ၍ တခြားရည်ရွယ်ချက်အတွက် မည်သည့်အခါမျှ အသုံးမပြုပါ။

## ကိုယ်ရေးအချက်အလက် လုံခြုံမှုနှင့် မှတ်တမ်းများ စီမံခန့်ခွဲရေး

BlueScope ကိုယ်စား ကိုယ်ရေး အချက်အလက်များကို စုဆောင်းသောအခါ အချက်အလက် ပေးအပ်သူအား ကျွန်ုပ်တို့၏ ကိုယ်ရေးအချက်အလက် လုံခြုံမှု မူဝါဒ အကြောင်း ပြောပြပေးရမည်။ ဤမူဝါဒတွင် အချက်အလက်ကို စုဆောင်းပုံနှင့် စုဆောင်းရသည့် အကြောင်းရင်းကို ဖော်ပြထားပြီး လူတစ်ဦးချင်းအား ၎င်းတို့၏ ကိုယ်ရေး အချက်အလက်ကို အချို့သော အခြေအနေများတွင် ဝင်ရောက်သုံးစွဲနိုင်ပုံ အချက်အလက်များကို ပေးအပ်ပါသည်။ ကိုယ်ရေး အချက်အလက် အားလုံးကို စုဆောင်းခဲ့သည့် ရည်ရွယ်ချက်အတွက် မလိုအပ်တော့သည့်အခါ လုံခြုံစွာ ဖျက်ဆီးရမည် သို့မဟုတ် အထောက်အထား ဖျက်ပစ်ရမည်။

### မှန်သည့်အရာများကို ရွေးချယ်လုပ်ပါ

| အမြဲလုပ်ရန် | လုံးဝမလုပ်ရန် |
|---|---|
| ✓ သင်၏ ဒေသန္တရ တရားစီရင်ခွင့်ရှိ ကိုယ်ရေး အချက်အလက် စုဆောင်းမှု၊ အသုံးပြုမှု၊ ထိန်းသိမ်းမှုနှင့် သိုလှောင်မှုဆိုင်ရာ တရားဝင် သတ်မှတ်ချက်များကို စစ်ပါ။ မသေချာပါက သင်၏ ကျင့်ဝတ်များနှင့် စည်းကမ်းထိန်းသိမ်းရေးအပြင် တရားရေးရာအဖွဲ့များနှင့် ဆွေးနွေးတိုင်ပင်ပါ။ | ✗ BlueScope အတွင်း ကိုယ်ရေး အချက်အလက်များကို ဝင်သုံးရန် သို့မဟုတ် မျှဝေရန် လုပ်ငန်း သတ်မှတ်ချက်အရ မလိုအပ်သရွေ့ မပြုလုပ်ရပါ။ |
| ✓ အမှန်ကတယ် သို့မဟုတ် ထင်မြင်ဟူဆရသည့် ခွင့်ပြုချက်မရှိသော ကိုယ်ပိုင် အချက်အလက် ထုတ်ပေးမှုများကို သင့်မန်နေဂျာနှင့် ကျင့်ဝတ်များနှင့် စည်းကမ်းထိန်းသိမ်းရေး ကိုယ်စားလှယ်ထံ ချက်ချင်း သတင်းပေးပို့ပါ။ | ✗ ဖောက်သည်များ၊ ဝန်ထမ်းများ၊ ကန်ထရိုက်တာများ သို့မဟုတ် ပြင်ပအဖွဲ့အစည်းများ၏ ကိုယ်ရေး အချက်အလက်များကို ၎င်းတို့၏ သဘောတူညီချက်မရှိဘဲ မသိမ်းဆည်းရပါ။ |

MD နှင့် CEO ထံမှ အမှာစကား
ကျွန်ုပ်တို့၏ ရည်ရွယ်ချက်
ကျွန်ုပ်တို့၏ သံန္နိဋ္ဌာန်
အဲဒါက မှန်ရော မှန်ရဲ့လား။ အမြန် စစ်ဆေးမှု
ဖွင့်ဟထုတ်ပြောပါ
ကျွန်ုပ်တို့က ကျန်းမာရေးနှင့် ဘေးကင်းရေးအတွက် အလေးအနက်ထား ဆောင်ရွက်ပါသည်
ကျွန်ုပ်တို့က လူအများကို ဂုဏ်သိက္ခာရှိပြီး လေးစားမှုဖြင့် ဆက်ဆံပါသည်
ကျွန်ုပ်တို့သည် လူမှုအသိုင်းအဝိုင်းနှင့် ပတ်ဝန်းကျင်ကို လေးစားပါသည်
ကျွန်ုပ်တို့၏ လုပ်ငန်းကို ကာကွယ်ပေးပါသည်
ပံ့ပိုးမှု

# ကိုယ်ရေး အချက်အလက်ကို ကာကွယ်ပါ

**သင်ဘာလုပ်ရမလဲ။**

ဒါတွေကတော့ သင်ကိုယ်တိုင် ကြုံရနိုင်ကြောင်း တွေ့မြင်နိုင်မည့် အဖြစ်အပျက် အချို့ပါ။



### အဖြစ်အပျက် 1

**သင့်တွင် မလိုအပ်တော့သည့် ဖောက်သည်၏ ကိုယ်ရေး အချက်အလက် ရှိနေပါသည်။ အနာဂတ်တွင် BlueScope အတွက် အကျိုးဖြစ်နိုင်သည့် အတွက်ကြောင့် အဆိုပါ အချက်အလက်များကို သင်သိမ်းဆည်းထားနိုင်ပါသလား။**

မသိမ်းဆည်းရပါ။ ကိုယ်ရေး အချက်အလက်ကို ရယူထားသည့် ရည်ရွယ်ချက်အတွက်သာ အသုံးပြုကြောင်း သေချာစေရန်နှင့် တလွဲသုံးမှုမှ ကာကွယ်ရန် ဤအချက်အလက်အား စုဆောင်းခဲ့သည့် ရည်ရွယ်ချက်အတွက် မလိုအပ်တော့သည်နှင့် ၎င်းကို ဖျက်ဆီးရမည် သို့မဟုတ် အထောက်အထားဖျက်ပစ်ရမည်။



### အဖြစ်အပျက် 2

**သင့်လုပ်ဖော်ကိုင်ဖက်၏ ကြိုးဖုန်းသို့ လုပ်ငန်းကိစ္စ ဖုန်းခေါ် ဆိုမှုကို သင်ဖြေပေးလိုက်သည်။ ၎င်းတို့က ခဏလေးတင်ကပင် စကားပြောခဲ့ ကြသော်လည်း ဖုန်းနံပါတ်နှင့် အီးမေးလ် လိပ်စာ တောင်းဖို့ မေ့သွားခဲ့ကြောင်း သင့်ကို ပြောပြပါသည်။ သတင်း အချက်အလက်ကို သင်ပေးလိုက်ရမလား။**

မပေးရပါ။ ဤကိုယ်ရေးအချက်အလက်ကို လျှို့ဝှက်ချက်အဖြစ် ကိုင်တွယ်ရပါမည်။ ၎င်းတို့၏ အသေးစိတ်များကို ရေးမှတ်ထားပြီး သင့်လုပ်ဖော်ကိုင်ဖက်အား ၎င်းတို့ထံ ပြန်ဆက်သွယ်ပေးခိုင်းမည်ဖြစ်ကြောင်း အသိပေးလိုက်ပါ။

**အကူအညီဖြစ်သော အချက်အလက်များ**

လုပ်ငန်းဌာန၏ ကိုယ်ရေးအချက်အလက် လုံခြုံမှု မူဝါဒ
သတင်းအချက်အလက် လုံခြုံရေး မူဝါဒ
မှတ်တမ်းများ စီမံခန့်ခွဲရေး မူဝါဒ

MD နှင့် CEO ထံမှ အမှာစကား
ကျွန်ုပ်တို့၏ ရည်ရွယ်ချက်
ကျွန်ုပ်တို့၏ သံန္နိဋ္ဌာန်
အဲဒါက မှန်ရော မှန်ရဲ့လား။ အမြန် စစ်ဆေးမှု
ဖွင့်ဟထုတ်ပြောပါ
ကျွန်ုပ်တို့က ကျန်းမာရေးနှင့် ဘေးကင်းရေးအတွက် အလေးအနက်ထား ဆောင်ရွက်ပါသည်
ကျွန်ုပ်တို့က လူအများကို ဂုဏ်သိက္ခာရှိပြီး လေးစားမှုဖြင့် ဆက်ဆံပါသည်
ကျွန်ုပ်တို့သည် လူမှုအသိုင်းအဝိုင်းနှင့် ပတ်ဝန်းကျင်ကို လေးစားပါသည်
**ကျွန်ုပ်တို့၏ လုပ်ငန်းကို ကာကွယ်ပေးပါသည်**
ပံ့ပိုးမှု

# BlueScope ကို နည်းလမ်းမှန်ဖြင့် ကိုယ်စားပြုပါ

**ကျွန်ုပ်တို့က BlueScope အတွက် ဂုဏ်ယူပြီး ၎င်းကို ပြင်ပတွင် ကိုယ်စားပြုရန် အခွင့်အလမ်းကို တန်ဖိုးထားပါသည်။ ရင်းနှီးမြှုပ်နှံသူများ၊ မီဒီယာ၊ အစိုးရများနှင့် ပြောဆိုဆက်ဆံရာတွင် သို့မဟုတ် လူသိရှင်ကြား မှတ်ချက်ပြုရာတွင် နည်းလမ်းမှန်ဖြင့် BlueScope ကို ကိုယ်စားပြုရန် ကျွန်ုပ်တို့အား ကူညီပေးသည့် လုပ်ထုံးလုပ်နည်းများ ရှိပါသည်။ ၎င်းတွင် လူမှုမီဒီယာကို အသုံးပြုခြင်း၊ စုံညီတွေ့ဆုံပွဲများတွင် စကားပြောခြင်း သို့မဟုတ် BlueScope ကိုယ်စား ပြင်ပ တွေ့ဆုံပွဲသို့ တက်ရောက်ခြင်းတို့လည်း ပါဝင်သည်။**

## BlueScope ကို ကိုယ်စားပြုခြင်း

BlueScope ၏ ဝန်ထမ်း၊(သို့) ကန်ထရိုက်တာဖြစ်သည့် သင်က လုပ်ငန်း၏ ကိုယ်စားလှယ် ဖြစ်ပါသည်။ လူသိရှင်ကြား ကြေညာထားသော ကုမ္ပဏီဖြစ်သည်နှင့်အညီ ရင်းနှီးမြှုပ်နှံသူများနှင့် ခြုံငုံဆိုရသော် အများပြည်သူက သိရှိထားသည့် ဆုံးဖြတ်ချက်များကို ချမှတ်နိုင်စေရန် အချိန်နှင့်တစ်ပြေးညီဖြစ်ပြီး တိကျပြည့်စုံသော အချက်အလက်များကို ထုတ်ဖော်ရန် လိုအပ်ပါသည်။

သို့ဖြစ်ပါ၍ BlueScope ကို ကာကွယ်ရန်နှင့် ၎င်းကို နည်းလမ်းမှန်ဖြင့် ကိုယ်စားပြုရန် အချက်အလက်အားလုံးမှာ မှန်ကန်တိကျပြီး အထင်မှားစေခြင်းမရှိကြောင်း သေချာလုပ်ရမည်။ အချုပ်ဆိုရသော် ဖော်ပြပါ အခြေအနေများတွင် လုပ်ငန်းရေးရာဌာန သို့မဟုတ် ရင်းနှီးမြှုပ်နှံသူ ဆက်ဆံရေးဌာနသို့ ဆက်သွယ်ရမည်။

- စိစစ်သူများနှင့် ရင်းနှီးမြှုပ်နှံမှု အသိုင်းအဝိုင်းနှင့် မဆက်သွယ်မီ၊
- ရင်းနှီးမြှုပ်နှံသူများနှင့် စိစစ်သူများ၏ အလုပ်ခွင် လည်ပတ်မှုအားလုံးအတွက်၊
- မီဒီယာနှင့် မဆက်သွယ်မီ သို့မဟုတ် မီဒီယာ တောင်းဆိုမှု သို့မဟုတ် စုံစမ်းမေးမြန်းမှုအားလုံးအတွက် (ယေဘုယျအားဖြင့် ၎င်းက ထုတ်ကုန်အဆင့် မီဒီယာ ဆက်သွယ်မှုများနှင့် မသက်ဆိုင်ပါ)၊
- လုပ်ဆောင်ချက်တစ်ခုက အုပ်စုအဆင့်တွင် BlueScope ၏ သဘောထားများအပေါ် သက်ရောက်မှုရှိနိုင်သည့် အလားအလာရှိပါက အများပြည်သူ ဟောပြောပွဲတွင် ပါဝင်ခြင်း သို့မဟုတ် စုံညီတွေ့ဆုံပွဲတွင် ရှင်းလင်းတင်ပြခြင်းတို့ မပြုမီ၊
- အစိုးရ သို့မဟုတ် ဝန်ကြီးဌာနဆိုင်ရာ ကိုယ်စားလှယ်များထံမှ အချက်အလက် တောင်းဆိုမှုအားလုံးအတွက်။

သင့်တွင် သံသယရှိပါက ရင်းနှီးမြှုပ်နှံသူ ဆက်ဆံရေးဌာန သို့မဟုတ် လုပ်ငန်းရေးရာဌာနနှင့် ဆွေးနွေးတိုင်ပင်ပါ။

## လူမှုမီဒီယာကို အသုံးပြုခြင်း

ကျွန်ုပ်တို့၏ ဝန်ထမ်းအားလုံးအား မှန်ကန်သော ဝေဖန်ပိုင်းခြားနိုင်စွမ်းနှင့် ပင်ကိုအသိစိတ်တို့ဖြင့် နည်းလမ်းမှန်စွာ လူမှုမီဒီယာကို အသုံးပြုပါရန် တိုက်တွန်းအပ်ပါသည်။

ကိုယ်ရေးကိုယ်တာအတွက် ဖြစ်စေကာမူ လူမှုမီဒီယာကို အသုံးပြုချိန်တွင် ဂရုတစိုက်အသုံးပြုစေလိုပါသည်။ အထင်မှားစေသော ကြေညာချက်များ ပြုလုပ်ခြင်း သို့မဟုတ် ကျွန်ုပ်တို့၏ ရည်ရွယ်ချက်၊ ကျွန်ုပ်တို့၏ သံန္နိဋ္ဌာန်နှင့် ကွဲလွဲသည့် ပုဂ္ဂိုလ်ရေး ထင်မြင်ချက်များကို မျှဝေခြင်း မပြုရပါ။

သင်က BlueScope ကို တိုက်ရိုက်ရည်ညွှန်းခြင်းမရှိလျှင်ပင် သင့်ပရိုဖိုင်၊ မှတ်ချက်များ သို့မဟုတ် လူမှုမီဒီယာ ပို့စ်များအပေါ် အခြေခံ၍ သင့်အား BlueScope ၏ ကိုယ်စားလှယ်ဟု ထင်မြင်နိုင်ပါသည်။ လူမှုကွန်ရက် စာမျက်နှာများ၊ ဗီဒီယိုနှင့် ဓာတ်ပုံမျှဝေရေး စာမျက်နှာများနှင့် ဖိုရမ်များရှိ ကိုယ်ရေးကိုယ်တာ ပို့စ်များ အပါအဝင် BlueScope ၏ ဂုဏ်သတင်းကို ထိခိုက်စေနိုင်သည့် လူမှုမီဒီယာကို မသင့်လျော်စွာ အသုံးပြုခြင်းအား လက်မခံပါ။

### မှန်သည့်အရာများကို ရွေးချယ်လုပ်ပါ

#### အမြဲလုပ်ရန်

- ✓ သင်က BlueScope အား ကိုယ်စားပြုနေချိန်တွင် တာဝန်သိစွာ ပြုမူပါ။
- ✓ သင်က ကျွန်ုပ်တို့၏ ဝန်ထမ်းများ၊ ထုတ်ကုန်များ၊ ဝန်ဆောင်မှုများ၊ ပြိုင်ဘက်များ၊ ဖောက်သည်များ သို့မဟုတ် ကုန်ကြမ်းပေးသွင်းသူများကို ရည်ညွှန်းပါက သင့်ကိုယ်သင် BlueScope ကိုယ်စားလှယ်အဖြစ် ခွဲခြားဖော်ပြပါ။
- ✓ သင်ထုတ်ပြန်သည့် အကြောင်းအရာအားလုံးမှာ တိကျမှန်ကန်ပြီး BlueScope၊ ကျွန်ုပ်တို့၏ ဝန်ထမ်းများ၊ ကျွန်ုပ်တို့၏ ဖောက်သည်များ သို့မဟုတ် လုပ်ငန်းမိတ်ဖက်များအပေါ် ထိခိုက်စေခြင်း မရှိကြောင်း သေချာစေရမည်။
- ✓ အစိုးရ သို့မဟုတ် ဝန်ကြီးဌာနဆိုင်ရာ ကိုယ်စားလှယ်များထံမှ သတင်းအချက်အလက် တောင်းဆိုမှုများကို သင်၏ ဒေသန္တရ ပြင်ပ သို့မဟုတ် လုပ်ငန်းရေးရာဌာနနှင့် ဆွေးနွေးတိုင်ပင်ပါ (ထို့နောက် အုပ်စုအဆင့်တွင် BlueScope အပေါ် သက်ရောက်မှုရှိသည့် ကိစ္စရပ်များကို အုပ်စု လုပ်ငန်းရေးရာဌာနထံ ရည်ညွှန်းပါ)။

#### လုံးဝမလုပ်ရန်

- ✗ အများပြည်သူ ဝင်မကြည့်နိုင်သည့် BlueScope ၏ အချက်အလက်များကို ထုတ်ဖော်ခြင်း သို့မဟုတ် ဆွေးနွေးခြင်း မပြုရပါ။
- ✗ ဒုဥက္ကဋ္ဌ ရင်းနှီးမြှုပ်နှံသူ ဆက်ဆံရေးဌာနထံမှ အတည်ပြုချက်မရှိဘဲ စိစစ်သူများနှင့် ရင်းနှီးမြှုပ်နှံမှု လူမှုအသိုင်းအဝိုင်းနှင့် မချိတ်ဆက်ပါနှင့်။
- ✗ ဈေးကွက် သို့မဟုတ် မီဒီယာ ကောလာဟလများ သို့မဟုတ် ထင်မြင်ချက်အပေါ် မှတ်ချက်မပေးပါနှင့်။

**အကူအညီဖြစ်သော အချက်အလက်များ**
စဉ်ဆက်မပြတ် ထုတ်ဖော်ရေး မူဝါဒ
လူမှုမီဒီယာ မူဝါဒ

MD နှင့် CEO ထံမှ အမှာစကား
ကျွန်ုပ်တို့၏ ရည်ရွယ်ချက်
ကျွန်ုပ်တို့၏ သံန္နိဋ္ဌာန်
အဲဒါက မှန်ရော မှန်ရဲ့လား။ အမြန် စစ်ဆေးမှု
ဖွင့်ဟထုတ်ပြောပါ
ကျွန်ုပ်တို့က ကျန်းမာရေးနှင့် ဘေးကင်းရေးအတွက် အလေးအနက်ထား ဆောင်ရွက်ပါသည်
ကျွန်ုပ်တို့က လူအများကို ဂုဏ်သိက္ခာရှိပြီး လေးစားမှုဖြင့် ဆက်ဆံပါသည်
ကျွန်ုပ်တို့သည် လူမှုအသိုင်းအဝိုင်းနှင့် ပတ်ဝန်းကျင်ကို လေးစားပါသည်
**ကျွန်ုပ်တို့၏ လုပ်ငန်းကို ကာကွယ်ပေးပါသည်**
ပံ့ပိုးမှု

# BlueScope ကို နည်း လမ်းမှန်ဖြင့် ကိုယ်စားပြုပါ

**သင်ဘာလုပ်ရမလဲ။**

ဒါတွေကတော့ သင်ကိုယ်တိုင် ကြုံရနိုင်ကြောင်း တွေ့မြင်နိုင်မည့် အဖြစ်အပျက် အချို့ပါ။




### အဖြစ်အပျက် 1

**သင့်တွင် လူမှုမီဒီယာ အကောင့်များစွာရှိပြီး အချို့မှာ အခြားအမည် (သင့်အမည်မှန် မဟုတ်) ဖြင့် ဖြစ်နေသည်။ အဆိုပါ အကောင့်တစ်ခုခုကို အသုံးပြုသောအခါ တားမြစ်ချက် တစ်စုံတစ်ရာ ရှိပါသလား။**

လူမှုမီဒီယာနှင့်ပတ်သက်သမျှ သင်၏ လှုပ်ရှားမှုအားလုံးကို လေးစားမှုရှိပြီး ရိုးသား ဖြောင့်မတ်မှု ရှိစေလိုပါသည်။ ၎င်းတွင် အခြားအမည်ဖြင့်ဖွင့်ထားသော သင်က ထိန်းချုပ်သည့် အကောင့် အားလုံး ပါဝင်ပါသည်။ အကြောင်းရင်းမှာသင်၏ လူမှုမီဒီယာ အကောင့် တစ်ခုခုသည် သင်နှင့် BlueScope ရှိ သင့်ရာထူးတို့နှင့် ချိတ်ဆက်နေနိုင်၍ ဖြစ်ပါသည်။



### အဖြစ်အပျက် 2

**သင့်အား BlueScope က ပံ့ပိုးကူညီသည့် ဒေသန္တရ လူမှုအသိုင်းအဝိုင်း ပွဲအစီအစဉ်တွင် စကားပြောခိုင်းထားပါသည်။ ၎င်းနေရာသို့ ဒေသန္တရ မီဒီယာများ လာရောက်ပြီး BlueScope ၏ ငွေကြေးအခြေအနေ သို့မဟုတ် အလုပ်အကိုင်အပေါ် မှတ်ချက်ပြုနိုင်းမည်ကို သင်သိပါသည်။ သင်က မီဒီယာနှင့် စကားပြောရမှာလား။**

မီဒီယာနှင့် စကားမပြောမီ သင်က BlueScope ကို နည်းလမ်းမှန်ဖြင့် ကိုယ်စားပြုကြောင်း သေချာစေရန် လုပ်ငန်းရေးရာဌာနထံ အရင်ဆုံး ဆက်သွယ်ရပါမည်။ သင်ပြောဆိုသည့် အချက်မှာ အဆိုပါ ကိစ္စရပ်များအတွက် ကျွန်ုပ်တို့၏ ရာထူးနှင့် ကိုက်ညီရန်မှာ အရေးကြီး ပါသည်။

**အကူအညီဖြစ်သော အချက်အလက်များ**

စဉ်ဆက်မပြတ် ထုတ်ဖော်ရေး မူဝါဒ

လူမှုမီဒီယာ မူဝါဒ

MD နှင့် CEO ထံမှ အမှာစကား
ကျွန်ုပ်တို့၏ ရည်ရွယ်ချက်
ကျွန်ုပ်တို့၏ သံန္နိဌာန်
အဲဒါက မှန်ရော မှန်ရဲ့လား။ အမြန် စစ်ဆေးမှု
ဖွင့်ဟထုတ်ပြောပါ
ကျွန်ုပ်တို့က ကျန်းမာရေးနှင့် ဘေးကင်းရေးအတွက် အလေးအနက်ထားဆောင်ရွက်ပါသည်
ကျွန်ုပ်တို့က လူအများကို ဂုဏ်သိက္ခာရှိပြီး လေးစားမှုဖြင့် ဆက်ဆံပါသည်
ကျွန်ုပ်တို့သည် လူမှုအသိုင်းအဝိုင်းနှင့် ပတ်ဝန်းကျင်ကို လေးစားပါသည်
ကျွန်ုပ်တို့၏ လုပ်ငန်းကို ကာကွယ်ပေးပါသည်
ပံ့ပိုးမှု

# အကူအညီအတွက် ဘယ်ကို သွားနိုင်ပါသလဲ။

ဤ ကျင့်ဝတ်စည်းမျဉ်းပါ အကြောင်းအရာတစ်ခုခုကို သင်သေချာမသိပါက သို့မဟုတ် ဆုံးဖြတ်ချက်မချမီ နောက်ထပ် အကြံဉာဏ်ရယူလိုပါက အောက်ပါ ထင်မြင်ချက်များကို သင်မြင်တွေ့နိုင်ပါသည်။

- သင့်မန်နေဂျာနှင့် ဆွေးနွေးတိုင်ပင်ပါ
- သင်၏ ဒေသန္တရ ဝန်ထမ်းရေးရာ အဖွဲ့ ကိုယ်စားလှယ်နှင့် ဆွေးနွေးတိုင်ပင်ပါ
- သင်၏ ဒေသတွင်း တရားရေးရာအဖွဲ့ထံ ဆက်သွယ်ပါ
- သင်၏ ကျင့်ဝတ်များနှင့် စည်းကမ်းထိန်းသိမ်းရေး ကိုယ်စားလှယ်ထံ ဆက်သွယ်ပါ
- အီးမေးလ်ကို ethics@bluescope.comသို့ ပေးပို့ပါ
- BlueScope ၏ ပြင်ပတွင် စီမံခန့်ခွဲသော ဖွင့်ဟထုတ်ပြောပါ ဌာနကို www.bluescopesteelconducthotline.com

**သို့ သို့မဟုတ် ဖုန်းဖြင့် ဆက်သွယ်ပါ**

ဩစတြေးလျ - ၁၈၀၀ ၀၅၂ ၁၂၂
တရုတ် - ၄၀၀ ၉၆၃ ၆၈၈၆
အိန္ဒိယ - ၀၀၀ ၈၀၀၀ ၄၀၂ ၇၂၉
အင်ဒိုနီးရှား - ၀၀၁ ၈၀၃ ၆၁ ၀၀၁
မလေးရှား - ၁ ၈၀၀ ၈၁ ၆၅၇၇
မက္ကစီကို - ၀၁ ၈၀၀ ၁၂၃ ၉၅၈၉
နယူးဇီလန် - ၀၈၀၀ ၅၆၃ ၄၆၅
စင်ကာပူ - ၈၀၀ ၆၁၆၇ ၀၆၅
ထိုင်း - ၀၀၁၈ ၀၀၆၁ ၁၂၈၀၄
ယူအက်စ်အေ - ၁ ၈၅၅ ၂၁၂ ၂၆၇၅
ဗီယက်နမ် - ၆၁၃ ၉၆၆၇ ၃၆၁၃ (ဖုန်းခေါ်ခ အခမဲ့ မဟုတ်ပါ)

**ထပ်ဆောင်း အကူအညီ ရနိုင်ပါသည်**

BlueScope ဝန်ထမ်းအားလုံးနှင့် ၎င်းတို့၏ အရင်းအချာ မိသားစုများသည် ဝန်ထမ်း အထောက်အပံ့ ပရိုဂရမ်များ (Employee Assistance Programs (EAP)) အပါအဝင် ပံ့ပိုးရေး ဝန်ဆောင်မှုများကို အခမဲ့ ရရှိနိုင်ပါသည်။ ဤဝန်ဆောင်မှုများ ဖြင့် ဘဝ အခက်အခဲ ကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းရန် ကျွမ်းကျင်သူ အကြံဉာဏ်ကို ရယူနိုင်ပါသည်။ နောက်ထပ် အချက်အလက်အတွက် ဒေသန္တရ ဝန်ထမ်းရေးရာ အဖွဲ့နှင့် ဆွေးနွေးတိုင်ပင်ပါ။

MD နှင့် CEO ထံမှ အမှာစကား

ကျွန်ုပ်တို့၏ ရည်ရွယ်ချက်

ကျွန်ုပ်တို့၏ သံန္နိဋ္ဌာန်

အဲဒါက မှန်ရော မှန်ရဲ့လား။ အမြန် စစ်ဆေးမှု

ဖွင့်ဟထုတ်ပြောပါ

ကျွန်ုပ်တို့က ကျန်းမာရေးနှင့် ဘေးကင်းရေးအတွက် အလေးအနက်ထား ဆောင်ရွက်ပါသည်

ကျွန်ုပ်တို့က လူအများကို ဂုဏ်သိက္ခာရှိပြီး လေးစားမှုဖြင့် ဆက်ဆံပါသည်

ကျွန်ုပ်တို့သည် လူမှုအသိုင်းအဝိုင်းနှင့် ပတ်ဝန်းကျင်ကို လေးစားပါသည်

ကျွန်ုပ်တို့၏ လုပ်ငန်းကို ကာကွယ်ပေးပါသည်

ပံ့ပိုးမှု

BlueScope

ကျင့်ဝတ်စည်းမျဉ်း

ဗားရှင်း ၀၁၊ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ